The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .16, NO . 36 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | September 26 , 2016

TOYO
၁ နှစ်အာမခံ

ပဲခူးတိုင်း (အနောက်)တွင် ကောက်စောစပါး ဝယ်ယူရေးနှင့် ဆန်ဈေးကွက်များ အခြေအနေ သုံးသပ်ညှိနှိုင်းဆွေးနွေး

|pmrsuESm- 4|

မိုက်ခရိုဆော့ဖ်က မြန်မာနိုင်ငံဆိုင်ရာ ပထမဆုံးအရာရှိအဖြစ် စိုင်းဝမ်ကို ခန့်အပ်

|pmrsuESm- 22|

ပုသိမ်ဆန်စပါးဈေးကွက် စက်တင်ဘာလဆန်းမှ ယခုအချိန်ထိ ဈေးနှုန်းကျဆင်း အရောင်းအဝယ်အေးလျက်ရှိ

|pmrsuESm- 24|

အင်းတော် ငါးရှဥ့်များကို မန္တလေးဈေးကွက်သို့ နေ့စဉ်တင်ပို့

|pmrsuESm- 24|

# tar&def EdkifiH jrefrmEdkifiHrS sP jyefvnfay; tyf

# အမေရိကန်နိုင်ငံသို့ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်တော့မည်



အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခြင်းများကို အသိအမှတ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အမျိုးသားအရေးပေါ် အက်ဥပဒေ သက်တမ်းတိုးမှုရုပ်သိမ်းခြင်း၊ ယေဘုယျ အကောက်ခွန် သက်သာခွင့်စနစ် (GSP - Generalized System of Preference)ကို ပြန်လည် ခံစားခွင့်ပြု

|pmrsuESm- 18|

## မြန်မာနိုင်ငံ၏ အရည်အသွေးမြင့် ပဲမျိုးစုံ ထွက်ကုန်များ တိုးမြှင့်တင်ပို့ နိုင်ဖို့

|pmrsuESm- 15|



## ya&mifcsrlwb;apzdk

## tEdktpdkufu&SzawmifvrftopfrS;e EdkifwGuumyJ xGufcsufrsm;

|pmrsuESm- 12|

Top-Kick Multi - Crop Thresher စပါး နှင့် ပဲအမျိုးမျိုး ခြွေလှေ့စက်

စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဥ်းငုံ၊ ပဲကြီး၊ ကုလားပဲ၊
စားတော်ပဲ၊ ပဲပိစပ်၊ ပဲလွန်းနီ၊ ဂျုံ၊ နေကြာ၊
မြေပဲ၊ ပြောင်းအစရှိသည့်သီးထပ်၊ သီးညှပ် ပဲအမျိုးမျိုးတို့ကို
ခြွေလှေ့စက် တစ်လုံးတည်းဖြင့်လွယ်ကူစွာခြွေလှေ့နိုင်ပါသည်။
သီးနှံ တစ်မျိုးပြောင်း၍ခြွေလှေ့တိုင်းမည်သည့်နေရာ
ဒေသမဆိုလိုက်လံခြွေလှေ့ပြသပေးပါသည်။



ပဲကွဲမှုမရှိခြင်း နှင့် သဲ ခဲ ကင်းစင်မှုကို အာမခံပါသည်
စပါးတင်းတစ်ထောင်ခြွေလှေ့ပါကအလေအလွင့်အနေဖြင့် (၄) ပြည်သာလျော့မည်။
ရှိမဘာက်(ပြည်ဘက်ခွဲ)ဖြင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
Ko Zaw Moe Aung(Electronic Service Engineer)
Top-Kick Engineering Group
No.(14),Mekkheyar Min Thar Gyi Mg Phyo Street,Industrial Zone(1),Pyay.
Ph:09-5409513,09-253100337,09-253149075

ဆက်သွယ်ရန် - ကိုဇော်မိုးအောင်( 09-5409513)အမှတ်(၂၀)၊ ဦးလှကြီးလမ်း၊ စက်မှုဇုန်(၁)၊ ပြည်မြို့



E-LAN
အီလန် နဲ့
ကန်တော့လျက်ပါ အမေမေ




No Coding
SD CodeFree™
CE 0123
U.S. FDA 510(k) Cleared
SD CodeFree™ Blood Glucose Monitoring System
သွေးချိုတိုင်းကိရိယာ
Features (ဝိသေသလက္ခဏာများ)
Pre & Post Meal Mark
Easy to analyze before or after meal glucose results
အစားမစားမီ၊ အစားစားပြီး အခြေအနေများ ကို ထည့်သွင်း မှတ်သားနိုင်ပါသည်။
Post-Meal Alarm
Helpful to remind you to test 2 hours after meals
အစားစားပြီး ၂ နာရီအကြာ စမ်းသပ်မှုအတွက် ( alarm ) စီစဉ်ထားနိုင်ပါသည်။
No coding (CodeFree)
Code ထည့်သွင်းရန် မလိုအပ်ပါ။
Hypo Warning
Helpful to warn your Hypoglycemia
သွေးထဲတွင် ပုံမှန်ထက် အချိုဓါတ်လျော့နည်းနေခြင်းကို သတိပေးသည့် အချက်လည်း ပါဝင်ပါသည်။
Alarm Clock, 4 times
Helpful to remind you to test, 4 times a day
နေ့စဉ်သွေးဖောက်လျှင် အကြိမ် ၄ ကြိမ် အထိမှတ်သား alarm ပေးနိုင်ရန် စီစဉ်ထားနိုင်ပါသည်။
Distributed by :
SHWIN CHAN TRADING
338-A, Pyay Road, Myaynigone, Sanchaung, Yangon, Myanmar. Tel : 01 - 525467, 526541 E mail : general@shwinchan.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်

## အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြား




အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံ သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် နိုင်ငံခေတ်မီဖွံ့ဖြိုး တိုးတက်လာစေရန် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်မှု ယန္တရားနှင့် ပုဂ္ဂလိက ကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ စဉ်ဆက်မပြတ် လုပ်ဆောင်နေသည့်အတွက် သိသာမြင်သာသည့် တိုးတက်မှုများ ရှိလာပြီ ဖြစ်ကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးစေရန်အတွက် ဝန်ကြီးဌာန အနေဖြင့် ကုန်သွယ်မှု ဖြေလျော့ပေးခြင်းလုပ်ငန်းဆိုင်ရာ နယ်ပယ်၊ ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာ နယ်ပယ်၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး လုပ်ငန်းနယ်ပယ်၊ ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းရေး လုပ်ငန်းနယ်ပယ်၊ ကုန် သွယ်မှု ပညာပေးရေး လုပ်ငန်းနယ်ပယ် တို့ကို ဦး စားပေး လုပ်ဆောင်ခဲ့သည့်အတွက် ကုန်သွယ်မှုကဏ္ဍတွင် ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရမှာ ဖြစ်ကြောင်း၊ ဈေးကွက် စီးပွားရေးစနစ်၊ တံခါးဖွင့်မူဝါဒ ကျင့်သုံးသည့် နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုကဏ္ဍသည် ဦးဆောင်ကဏ္ဍ ဖြစ်ပြီး၊ ပုဂ္ဂလိကကဏ္ဍ ကုန်သွယ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း၊ အဆင့်မြင့် သင်တန်းများကို ပုဂ္ဂလိက စီးပွားရေးအဖွဲ့၊ လုပ်ငန်းရှင်များသို့ သင်တန်းများ ပို့ချခြင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပြည်တွင်းပြည်ပမှ ပညာရှင်များ၏ ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် ကုန်သွယ်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေ ချောမွေ့စေရန် ကူညီမှုများ၊ ဖြေလျော့ပေးမှုများ ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ပြည်တွင်းပြည်ပ စီးပွားရေးပညာရှင်များ၏ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ (Business Talk) များအား သင်တန်းသားများ အတွေးအမြင် ကျယ်ပြန့်နိုင်ရေးအတွက် ကျင်းပပြုလုပ်ပေးခဲ့ကြောင်း၊ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးစေရန်နှင့် အရည်အသွေး မြင့် မားပြီး စီးပွားရေး ကျင့်ဝတ်ကောင်းသော လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများ ဖြစ်ပေါ်စေရန် ရည်ရွယ်၍ ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းဘာသာရပ်များကို ဟောပြော ဆွေးနွေးပေးခဲ့ပြီး၊ သင်တန်းသားများ အနေဖြင့် မိမိတို့ သင်ယူ တတ်မြောက်ထားသည့် ပြည်တွင်းပြည်ပ ကုန်သွယ်ရေးဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လက်တွေ့ပိုင်းဆိုင်ရာ လုပ်ငန်းအကြောင်းအရာများကို မိမိတို့လုပ်ငန်း နယ်ပယ်တွင် ပြန်လည်အသုံးချကာ ကုန်သွယ်မှု ကဏ္ဍဖွံ့ဖြိုး တိုးတက်စေပြီး နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်စေရန် အထောက်အကူပြု ပါဝင်ဆောင်ရွက်သွားကြရန် စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ထို့နောက် သင်တန်းဆင်း လက်မှတ်များအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က သင်တန်းသား ကိုယ်စားလှယ်တစ်ဦးထံသို့ ပေးအပ်ပြီး၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် က ပထမဆုရရှိသော သင်တန်းသူအား လည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ဒုတိယဆုရရှိသော သင်တန်းသားအား လည်းကောင်း၊ ကုန်သွယ်ရေးဦးစီး ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက တတိယဆု ရရှိသော သင်တန်းသူအား လည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၈၇ဦး တက်ရောက်ခဲ့ပြီး၊ သင်တန်းကာလမှာ ရက်သတ္တပတ် ၁၄ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သာလင်း**

# ProPak Myanmar 2016 ပြပွဲ ပြသ




မြန်မာနိုင်ငံ၏အရေးအပါဆုံးသော ကုန်သွယ်မှုပြပွဲတစ်ခုဖြစ်သည့် ProPak Myanmar 2016 ပြပွဲကို ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် စက်တင်ဘာလ ၂၂ ရက်မှ ၂၄ရက်အထိကျင်းပခဲ့ကြောင်း သိရသည်။

ProPak Myanmar 2016 ပြပွဲသည် အစားအသောက်နှင့် ဆေးဝါးပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများအတွက် အကြီးမားဆုံးနှင့်ပါဝင်ပြသသည့်နိုင်ငံ အစုံလင်ဆုံးသောထုတ်လုပ်ရေးနှင့်ထုပ်ပိုးရေးနည်းပညာဆိုင်ရာဦးဆောင်ပြပွဲ တစ်ခုဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အောင်မြင်သူတွေအတွက် အရေးပါတဲ့အခန်းကဏ္ဍကပါဝင်မှာ ဖြစ်ပါတယ်။

အရင်က ဒေသတွင်းမှာ ဦးဆောင်ထုတ်လုပ်သူဖြစ်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံရဲ့ စိုက် ပျိုးရေးလုပ်ငန်းဆိုင်ရာကုန်ထုတ်လုပ်နိုင်မှုကို ပြန်လည်ရရှိစေဖို့နဲ့ ဒီထက်ပိုပြီး ကောင်းမွန်လာစေဖို့အတွက် ဒီလုပ်ငန်းတွေကို အားပေးပြီး ဖွံ့ဖြိုးအောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းတွေကို ခေတ်မီအောင်နဲ့ ဖွံ့ဖြိုးတိုးတက်အောင် သေချာစွာဆောင်ရွက်ခြင်းဟာ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနဲ့ မြန်မာနိုင်ငံနဲ့ ပြည်သူတွေအတွက် ကောင်းမွန်တဲ့အခြေအနေတစ်ရပ် ရောက်တဲ့အထိ အရေးပါပြီး ကောင်းမွန်တဲ့အခန်းကဏ္ဍမှာ ပါဝင်နေမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ချုပ်၏ ဥက္ကဋ္ဌဖြစ်သူ ဦးဇော်မင်းဝင်းက ပြောကြားခဲ့သည်။

ProPak Myanmar 2016 ပြပွဲတွင် နိုင်ငံပေါင်း ၂၀ နိုင်ငံမှ ပါဝင်ပြသသူ ၂၁၀ ဦးတို့ ပါဝင်ပြသခဲ့ကြပြီး တရုတ်၊ အီတလီ၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)နှင့် ထိုင်းနိုင်ငံ တို့မှ ပါဝင်ပြသခဲ့ကြပြီး ၂၀၁၆ ခုနှစ် အစားအစာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆွေးနွေးပွဲကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.36 Monday September 26 2016

# ဆန်ကြမ်းဈေးကျပြီး အရောင်းအေးလျက်ရှိ



ယခုတစ်ပတ်အတွင်း ရန်ကုန်မြို့ ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်ချောဈေးမှာ အတက်အကျ သိပ်မရှိဘဲ ဈေးငြိမ်နေကြောင်း သိရှိရပါတယ်။ ဖျာပုံပေါ်ဆန်း ဆန် ထိပ်စ တစ်အိတ် ကျပ် ၃၅၅၀၀နဲ့ လတ်စ တစ်အိတ် ကျပ် ၃၃၀၀၀၊ ပုသိမ်၊ မြောင်းမြ ပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၃၆၅၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ နယ်စုံ ကျိုက်လတ်ပေါ်ဆန်း ဆန် ထိပ်စ တစ်အိတ် ကျပ် ၃၃၀၀၀နဲ့ လတ်စ တစ်အိတ် ကျပ် ၃၁၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ် ကျပ် ၄၃၀၀၀မှ ကျပ် ၄၅၅၀၀နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရှိရပါတယ်။ အရောင်းအဝယ်လည်း အေးနေတယ်လို့ သိရပါတယ်။

ဧည့်မထဆန်ကတော့ ထိပ်စတစ်အိတ် ကျပ် ၁၉၈၀၀နဲ့ လတ်စ တစ်အိတ် ကျပ် ၁၉၂၀၀၊ နွေသီးထပ် ရှယ် တစ်အိတ် ကျပ် ၁၈၀၀၀မှ ကျပ် ၁၉၅၀၀ ဈေးရှိပြီး ဆန် ကြမ်းဈေး တစ်အိတ်ကို ကျပ် ၂၀၀မှ ကျပ် ၅၀၀ အထိ ဈေးကျလာပါတယ်။ နွေဆန်ရက် ၉၀ ဈေးက တစ်အိတ်ကို ကျပ် ၂၀၀၀၀မှ ကျပ် ၂၂၀၀၀၊ မနောသုခ တစ်အိတ်ကို ကျပ် ၂၆၀၀၀ မှ ကျပ် ၂၇၀၀၀ ဖြစ်ပြီး၊ ယခင်တစ်ပတ်ဈေးအတိုင်း ငြိမ်နေပါတယ်။ အိတ်စ်ပို့ ဧည့်မထ ၂၅မှတ်ကတော့ တစ်အိတ်ကို ကျပ် ၁၆၀၀၀ မှ ကျပ် ၁၆၅၀၀ အထိဖြစ်ပြီး တစ်အိတ်ကို ကျပ် ၇၀၀ မှ ကျပ် ၁၀၀၀ ကြား ဈေးကျကြောင်း သိရှိရပါတယ်။ ရန်ကုန်ဆန်ဈေးကွက်မှာ ပြည်တွင်းအရောင်းအဝယ်သာရှိနေပြီး ပြည်ပ တင်ပို့မှု မရှိတဲ့အတွက် ပြည်တွင်းဈေးကျနေတာဖြစ်ကြောင်း၊ အောက်တိုဘာအတွင်း အသစ်မပေါ်မီ ဆန်ရောင်းထွက်ဖို့ လိုကြောင်း၊ ရှိတာ ရောင်းမထွက်ရင် နောက်အသစ်ပေါ်လာပါက ဆန်တွေပုံနေနိုင်ကြောင်း ရန်ကုန်ဆန်ဈေးကွက်မှ သတင်းရရှိပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဆန်ဈေးငြိမ်ပြီး အရောင်းအဝယ် မသွက်တဲ့အတွက် ဆန်လက်ကျန်များနေကြောင်း သိရှိရပါတယ်။ ဧည့်မထ မှော်ဘီ၅မှတ် တစ်အိတ် ၁၃၈ ယွမ်မှ ၁၄၀ယွမ်၊ ဧည့်မထ စူပါတစ်အိတ် ၁၄၀ယွမ်မှ ၁၄၃ ယွမ်၊ ဧည့်မထ မှော်ဘီ၁၀မှတ် တစ်အိတ် ၁၃၃ယွမ်မှ ၁၃၅ယွမ်၊ ဧည့်မထ စူပါတစ်အိတ် ၁၃၈ယွမ်မှ ၁၃၉ယွမ်၊ ၂၅မှတ် မှော်ဘီ တစ်အိတ် ၁၂၅ယွမ်မှ ၁၂၈ယွမ်၊ ငစိန်၅မှတ် တစ်အိတ် ၁၃၉ ယွမ်မှ ၁၄၁ ယွမ်၊ ငစိန် ၁၅မှတ် တစ်အိတ် ၁၃၄ယွမ်မှ ၁၃၇ ယွမ်၊ ငစိန် ၂၅မှတ် တစ်အိတ် ၁၃၀ ယွမ်မှ ၁၃၂ယွမ် ဈေးရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်အထိ ၄၉၅၆ တန်ရှိပြီး အရောင်းအဝယ်မဖြစ်တာကြောင့် ဆန်တွေပုံနေတယ်လို့ မူဆယ်ဆန်ဈေးကွက်မှ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၂-၉-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၉၂ | ၃၉၂ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၀ | ၃၇၀ | □ | ၃၃၅ | ၃၃၅ | □ | ၃၆၀ | ၃၆၀ | □ | ၃၂၅ | ၃၂၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၆၅ | ၃၆၅ | □ | ၃၂၆ | ၃၂၆ | □ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၀ | ၃၆၀ | □ | ၃၂၃ | ၃၂၃ | □ | ၃၄၀ | ၃၄၀ | □ | ၃၁၀ | ၃၁၀ | □ |
| ပေါင်းဆန် | ၃၇၈ | ၃၇၈ | □ | - | - | - | ၃၆၅ | ၃၆၅ | □ | - | - | - |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၂၃-၉-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၁၀၀၀ | ▽ | ၈၁၈၈ | ▽ | ၃၅၀၀၀ | ▽ |
| ပုသိမ် | ၅၆၁၀ | ▽ | ၂၃၀၀၀ | ▽ | ၇၇၁၀ | ▽ | ၃၂၅၀၀ | ▽ |
| ပဲခူး | ၅၃၀၀ | ▽ | ၂၀၀၀၀ | ▽ | ၇၄၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၁၂၃၀၀ | ▽ | ၄၁၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၀၀၀ | □ | ၃၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၁၉၀၀၀ | ▽ | - | - | ၃၀၀၀၀ | ▽ |
| မန္တလေး | ၇၆၀၀ | □ | ၃၀၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၇၅၀၀ | □ | - | - | ၃၈၀၀၀ | □ |
| မော်လမြိုင် | ၆၄၀၀ | □ | ၂၂၅၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| လှိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၅၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၃၅၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ပဲခူးတိုင်း (အနောက်)တွင် ကောက်စောစပါး ဝယ်ယူရေးနှင့် ဆန်ဈေးကွက်များ အခြေအနေသုံးသပ်ညှိနှိုင်းဆွေးနွေး

ပဲခူးတိုင်း(အနောက်) ဆန်စက်ပိုင်ရှင်များနှင့် ဆန်စပါး ကုန်သည်များအသင်းတို့ဦးဆောင်၍ ပဲခူးတိုင်း(အနောက်)ရှိ မြို့နယ်အသီးသီးမှ ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များ၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများတွေ့ဆုံ၍ ကြို့ပင်ကောက်မြို့၊ ရွှေပျားရည်ခန်းမတွင် စက်တင်ဘာလကုန်တွင် စတင်ထွက်ရှိမည့် ကောက်စောစပါးများ ဝယ်ယူနိုင်ရေးအတွက် စက်တင်ဘာ ၁၁ ရက်က ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်း(အနောက်)စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ပေါင်းတည်၊ သဲကုန်း၊ ရွှေတောင်၊ ပြည်၊ ပန်းတောင်း၊ ပေါက်ခေါင်းမြို့နယ်အသီးသီးမှ ဆန်စက်ပိုင်ရှင်များနှင့် ဆန်ကုန်သည်များက မိမိတို့မြို့နယ်များရှိ လက်ကျန်စပါးများ အခြေအနေကို ဆွေးနွေးခဲ့ကြပြီး နိုင်ငံတကာဆန်ဈေးထက် မိမိတို့ပြည်တွင်းဆန်ဈေး ကြီးမြင့်နေခြင်းကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တောင်သူများလက်ဝယ်တွင် အထွက်နှုန်းကောင်း၍ ဈေးကွက်ဝင်သည့် မျိုးကောင်းမျိုးသန့် စပါးများ မျိုးဖြန့်ဖြူး နိုင်ရေးနှင့် နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ဆန်ဈေးကွက် ပြန်လည် ကောင်းမွန်ရေး ကြိုးပမ်းရန်နှင့် မိမိတို့စက်ပိုင် ကုန်သည်များအနေဖြင့် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံ့တာဝန်များကို မျှဝေထမ်းဆောင်ရင်း မိမိတို့၏ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းဖြစ်သည့် ဆန်စပါး လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာအောင် နည်းလမ်းရှာ ကြိုးစားကြရန် ဆွေးနွေးညှိနှိုင်းကြပါသည်။ ထို့ပြင် ကောက်စော စပါးများ ရိတ်သိမ်းမည့် အခြေအနေ၊ ရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) များဖြင့် ရိတ်သိမ်းထွက်ရှိမည့် ကောက်စောစပါးများနှင့် အခြောက်ခံစက်များ အချိုးညီမျှမှု ရှိ၊ မရှိ၊ ထွက်ရှိလာသော စပါးများကို စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ ရသင့် ရထိုက်သည့် ဈေးနှုန်းဖြင့် ဝယ်ယူနိုင်အောင် ကြိုးစားရန်၊ ဝယ်ယူရရှိမည့် စပါးများအား အရည်အသွေး မပျက်စေရန် သိုလှောင်ထိန်းသိမ်းခြင်း နည်းစနစ်များကို အမြင်ခြင်းဖလှယ်၍ ညှိနှိုင်းဆွေးနွေးကြပါသည်။

ဆက်လက်၍ တောင်သူများလက်ဝယ် အထွက်နှုန်းကောင်းပြီး ဈေးကွက်ဝင်သည့် မျိုးကောင်းမျိုးသန့် စပါးများ ရောက်ရှိရေး ဆွေးနွေးရာ လယ်တော်ကြီး ဆန်စက်ပြည်မှ ဦးလှမိုး (ဦးထိုင်ထိုင်)က မိမိတို့ ဆန်စက်လုပ်ငန်းရှင်များအနေဖြင့် ရက် ၉၀ စပါးကို အကျိုးတူပူးပေါင်း စိုက်ပျိုး၍ မျိုးထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ဆောင်နေသည့် လယ်သမားများကို လယ်တစ်ဧကလျှင် ကျပ်သုံးသိန်း ထုတ်ချေးပြီး၊ အကျိုးတူပူးပေါင်းလုပ်ဆောင်ခြင်းမှ ထွက်ရှိလာမည့် ရက် ၉၀ မျိုးစပါးများကို ၄၆ပေါင်စပါးတင်း ၁၀၀ လျှင် အခြေခံဈေး ကျပ်ခြောက်သိန်းဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း ဆွေးနွေးချက်များအရ သိရပါသည်။

**ထွန်းမင်းထွန်း (ပြည်)**

# ရက်သတ္တပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်နဲ့ဆန်ကွဲ ပိုမိုတင်ပို့

မြန်မာ - တရုတ် နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၁၀ရက်မှ ၁၆ရက် ကာလအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၂၆ သန်းဖိုးရှိ ဆန်တန်ချိန် ၈၅၄၉ တန်ကျော် တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၄၀၇၂တန်၊ ဧည့်မထဆန် တန်၅၀၀၊ ချင်းရွှေဟော် ကုန်သွယ်ရေး စခန်းမှ ငစိန် ဆန် ၁၁၂တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၃၈၆၅ တန်ကျော် တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ် မြန်မာ့ဆန်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၆၅၈တန် လျော့နည်းခဲ့ ကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၉၁ သန်းဖိုးရှိ ဆန်ကွဲ ၁၅၀၉ တန်ခန့်ကို မူဆယ်မှ ၁၁၇၈တန်နဲ့ လွယ်ဂျယ်မှ ၃၃၁ တန်စီ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၂၅၃တန် လျော့နည်းခဲ့ပြီး၊ ယခု တစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများမှ ဆန်ရော ဆန်ကွဲပါ တင်ပို့မှုလျော့ကျခဲ့ပါ တယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၄၆၆သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၁၇၅တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်တင်ပို့မှုထက် ၉၈၇တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန်၇၅၀၊ ဂျာမနီနိုင်ငံသို့ ပေါင်းဆန် ၁၇၅ တန်၊ စပိန်နိုင်ငံသို့ ပေါင်းဆန် တန်၂၅၀ တင်ပို့ခဲ့ပါတယ်။ ဆန်အပြင် အမေရိကန် ဒေါ်လာ သုညဒသမ ၃၉၆သန်းဖိုးရှိ ဆန်ကွဲ ၁၄၂၅ တန်ကို မလေးရှားနိုင်ငံသို့ တန် ၁၀၀၊ စင်ကာပူနိုင်ငံသို့ ၃၂၅တန်နဲ့ အီးယူနိုင်ငံများသို့ တန် ၁၀၀၀ တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဆန်ကွဲတင်ပို့မှု ၁၃၆၃တန် ပိုမိုတင်ပို့နိုင်ပြီး၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်ရော ဆန်ကွဲပါ ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။

ယခုဘဏ္ဍာနှစ်စ ဧပြီ၁ရက်မှ စက်တင်ဘာ ၁၆ရက်အထိ အမေရိကန်ဒေါ်လာ ၁၆၈ဒသမ ၈၄၆သန်း တန်ဖိုးရှိ ဆန်နဲ့ဆန်ကွဲ နှစ်ရပ်ပေါင်း တန်ချိန် ၄၉၀၅၃၃ ကျော် တင်ပို့ခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ ၁၃၂ဒသမ ၁၈၆သန်း တန်ဖိုးရှိ ဆန် တန်ချိန် ၃၆၆၁၇၂ တင်ပို့နိုင်ခဲ့ပြီး၊ ယမန်နှစ်ကာလတူထက် ၉၆၈၂၃တန် လျော့ နည်း တင်ပို့ခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ ၃၆ဒသမ ၆၆သန်း တန်ဖိုးရှိ ဆန်ကွဲ တန်ချိန် ၁၂၄၃၆၁ ကျော် တင်ပို့နိုင်ခဲ့ပြီး ကာလတူထက် ၉၅၀၅၉ တန် လျော့နည်း တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၃-၉-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၆/၉ | ၂၃/၉ | ပြောင်းလဲမှု | ၁၆/၉ | ၂၃/၉ | ပြောင်းလဲမှု | ၁၆/၉ | ၂၃/၉ | ပြောင်းလဲမှု | ၁၆/၉ | ၂၃/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၂၆၂ | ၂၃၆၈ | ▲ | ၂၂၅၀ | ၂၂၀၃ | ▲ | - | ၁၉၀၀ | - | ၂၀၂၅ | ၂၁၇၅ | ▲ |
| ၂ | ပဲစင်းငုံ | ၁၇၈၂ | ၁၈၄၀ | ▲ | - | - | - | - | - | - | ၁၇၇၀ | ၁၇၅၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၃၀၀ | ၁၃၃၀ | ▲ | ၁၁၀၂ | ၁၂၄၄ | ▲ | ၁၂၁၁ | ၁၂၇၉ | ▲ | ၁၀၀၀ | ၁၀၅၅ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၆၀၀ | ၂၅၀၀ | ▼ | - | - | - | - | ၂၁၅၈ | - | ၂၀၈၀ | ၂၀၂၅ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၀၆၅ | ၁၀၆၅ | ■ | - | - | - | - | - | - | ၁၄၂၀ | ၁၄၅၀ | ▲ |
| ၆ | ထောပတ်ပဲ | ၆၆၀ | ၆၆၀ | ■ | ၆၀၄ | ၆၀၄ | ■ | - | - | - | ၅၃၀ | ၅၂၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၃-၉-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁၅/၉ | ၂၂/၉ | ပြောင်းလဲမှု | ၁၅/၉ | ၂၂/၉ | ပြောင်းလဲမှု | ၁၅/၉ | ၂၂/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၈၀ | ၁၁၅၀ | ▼ | ၁၁၀၅ | ၁၁၉၇ | ▲ | ၁၀၆၀ | ၁၁၂၂ | ▲ |
| ၂ | ပဲစင်းငုံ | ၉၄၀ | ၉၀၀ | ▼ | ၁၀၆၀ | ၁၀၄၇ | ▼ | ၁၀၄၅ | ၁၀၃၂ | ▼ |
| ၃ | ပဲတီစိမ်း | ၆၂၀ | ၆၂၀ | ■ | ၆၈၇ | ၇၀၃ | ▲ | ၇၄၇ | ၇၇၈ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၀၀၀ | ၁၀၀၀ | ■ | ၁၂၆၉ | ၁၃၉၁ | ▲ | ၁၂၈၄ | ၁၃၉၁ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁-၁-၁၆) မှ |
| | (၁၀-၉-၁၆)ထိ | (၁၇-၉-၁၆)ထိ | (၁၇-၉-၁၆) ထိ |
| မတ်ပဲ | ၄၇၃၉ | ၁၃၃၀ | ၃၉၂၄၉၈ |
| ပဲတီစိမ်း | ၂၀၆ | ၅၃၀ | ၁၄၈၂၆၁ |
| ပဲစင်းငုံ | ၂၀၈ | ၄၉၅ | ၁၇၈၄၄၄ |
| ကုလားပဲ | ၅၀ | ၁၄၅ | ၂၅၉၆၀ |
| ပဲလွန်းဖြူ | ၆၃ | - | ၁၅၄၉၂ |
| မြေထောက်ပဲ | ၁၃ | ၉၆ | ၁၀၀၈၉ |



## ပြည်ထောပတ်ပဲ နေ့စဉ်အရောင်းအဝယ် ဖြစ်ပေမယ့် အနည်းငယ်သာရောင်းချခဲ့ရ

ပြည်ပဲဈေးကွက်အတွင်း လက်လီ၊ လက်ကား အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲများအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲကြီးသီးနှံများသာ လက်ကားအဝယ်ရှိပေမယ့် ထောပတ်ပဲ၊ ပဲနီပြား၊ စားတော်ပဲ၊ ပဲပုပ်၊ ဘိုကိတ် စသည့်ပဲများကတော့ ယခုလိုကာလများတွင် လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့ကာ နေ့စဉ်ရောင်းဝယ်မှုရှိပေမယ့် အိတ်အနည်းငယ်သာ ရောင်းချခဲ့ရပါတယ်။

ထောပတ်ပဲဈေးနှုန်းကတော့ လက်လီပဲဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးဖြစ်ခဲ့ကာ တစ်တင်း ကျပ် ၁၄၀၀၀ ဖြင့် ယခင်လမှစ၍ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ထောပတ်ပဲသီးနှံက ယခင်နှစ် စက်တင်ဘာလက တစ်တင်း ၁၈၀၀၀ ကျပ်ရရှိခဲ့လို့ ယခုနှစ်ဈေးနှုန်းမှာ ယခင်နှစ်ထက်ဈေးလျော့နည်းနေသလို ပဲဈေးကွက်မှာလည်း ဈေးအနိမ့်ဆုံးဖြစ်နေကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

# စက်တင်ဘာတတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ သီးနှံဈေးများ တက်ရိပ်ပြ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း စက်တင်ဘာ တတိယပတ်မှာ ပဲဈေးများ ဈေးပြန်လှုပ်လာတာကို တွေ့ရပါတယ်။ မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ စသည်ဖြင့် ပဲဈေးနှုန်းများ ယခင်တစ်ပတ် ကထက် ဈေးပိုလာပြီး ပဲစင်းငုံသီးနှံသာ ဈေးအနည်းငယ် လျော့သွားခဲ့ပါတယ်။ မတ်ပဲသီးနှံမှာ ပဲအဝင် မရှိသလောက်ပါးခဲ့ပြီး လက်ကျန်ပဲအချို့ရှိခဲ့တာကြောင့် ရန်ကုန်ဝယ်လက်ရဲ့ ဝယ်ယူမှုအပေါ် မူတည်ပြီး တစ်ရက်လျှင် အိတ် ၁၅၀ ကျော် ၂၀၀ ရောင်းချရပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၄၃၅၀၀ မှ ကျပ် ၄၄၀၀၀ ကျော်အထိ ရရှိခဲ့ကာ ယခင်တစ်ပတ်ထက် တစ်တင်း ကျပ်နှစ်ထောင်နီးပါး မြင့်တက်ခဲ့ပေမယ့် ယခုဈေးနှုန်းက ယခင်နှစ်ထက် လျော့နည်းနေသေးတာကို တွေ့ရပါတယ်။ ယခင်နှစ် စက်တင်ဘာလအတွင်းက မတ်ပဲဈေး တရိပ်ရိပ်မြင့်တက်လာခဲ့လို့ လကုန်မှာ တစ်တင်း ကျပ် ခြောက်သောင်းအထိ ရရှိခဲ့ကြောင်းသိရပြီး အောက်တိုဘာ၊ နိုဝင်ဘာလများမှာ မတ်ပဲဈေးက စံချိန်တင်မြင့်တက်ခဲ့ပါတယ်။

ယခုနှစ် ပဲဈေးဟာ ပဲသစ်ပေါ်ချိန်မှ ယခုချိန်အထိ တစ်ဟုန်ထိုးမြင့်တက်လာခြင်းမျိုးမရှိဘဲ ဇွန်၊ ဇူလိုင်လများမှာ တစ်တင်း ကျပ်ငါးသောင်းကျော်ရရှိခဲ့ပြီး နောက်ပိုင်းကာလများတွင် ပဲဈေးနှုန်း လျော့နည်းလာခဲ့တဲ့အတွက် ယခုနှစ်ပဲဈေး အခြေအနေဟာ ယခင်နှစ်ကလို ဈေးကောင်းနိုင်မလားဆိုတာ ဆက်လက်စောင့်ကြည့်ရမှာဖြစ်ပါတယ်။ တချို့တောင်သူနဲ့ လှောင်လက်များလည်း ပဲဈေးကောင်းစောင့်ရင်း ဈေးကျဆင်းလျက်ရှိနေတဲ့အတွက် လက်ဝယ်သိုလှောင်ထားရှိမှုများ ရှိနေကြတာ တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံမှာ မင်းတုန်း၊ ကံမ၊ ပေါင်း တလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်များမှ နေ့စဉ်ဝင်ရောက်ပေမယ့် တစ်ရက် အိတ် ၃၀၀ ခန့်သာ ဝင်ရောက်ခဲ့ပါတယ်။ မန္တလေးလိုင်းသမားကတော့ အဝင်ရှိသလောက် ဝယ်ယူနေခဲ့လို့ ဝင်ရောက်လာသမျှပဲ အားလုံး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ်တစ်ထောင်ခန့် ပိုလာတဲ့အတွက် တစ်တင်းလျှင် ကျပ် ၂၁၅၀၀ ရရှိခဲ့ပေမယ့် ပဲသစ်ပေါ်စဈေးထက် လျော့နည်းနေခဲ့တာကို တွေ့ရသလို ယခင်နှစ် ကာလတူထက်လည်း ထက်ဝက်ခန့် လျော့နည်းနေခဲ့တယ်လို့ သိရပါတယ်။ ယခင်နှစ် စက်တင်ဘာလအတွင်းက တစ်တင်းလျှင် ကျပ်လေးသောင်းအထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ လက်ကျန်ပဲသာရှိတဲ့အတွက် နေ့စဉ်အဝယ် မရှိဘဲ ရက်ခြားအရောင်းအဝယ်ဖြစ်ခဲ့ပြီး ရန်ကုန်ဝယ်လက်သာ အဝယ်ရှိခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်သည့်ရက်တွင် အိတ် ၂၀၀ နဲ့ ၃၀၀ ကြား အရောင်းအဝယ်ဖြစ်သလို ပဲဈေးနှုန်းမှာ ပဲတီစိမ်းသီးနှံထက် ဈေးမြင့်ပေမယ့် မတ်ပဲသီးနှံထက်တော့ ဈေးလျော့နေခဲ့တာကြောင့် တစ်တင်း ၃၅၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက်လည်း တစ်တင်း ၅၀၀ ကျပ်ခန့် လျော့နည်းနေခဲ့တယ်လို့ သိရပါတယ်။

ကုလားပဲသီးနှံမှာ ပဲအဝင်အနည်းငယ်ရှိခဲ့ပြီး မင်းတုန်း၊ ကံမ၊ ပန်းတောင်းမြို့နယ်များမှ နေ့စဉ်ဝင်ရောက်ခဲ့သလို ဝယ်လက်ကလည်း ခွဲစက်သမားများ အဓိကထားဝယ်ယူမှု ရှိခဲ့ပါတယ်။ ဒါကြောင့် တစ်ရက် အိတ် ၂၀၀ ကျော် ၃၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၄၂၀၀၀ ဖြင့် ယခင်တစ်ပတ်ထက်လည်း ဈေးအနည်းငယ်ပိုလာသလို မတ်ပဲသီးနှံဈေးနှုန်းနီးပါးအထိ ဈေးကောင်းရခဲ့တဲ့ ပဲဖြစ်ခဲ့ပါတယ်။ ယခုနှစ်အတွင်း ကုလားပဲသီးနှံဈေးဟာ ပြည်ပဝယ်လက်ပဲများနည်းတူ ဈေးကောင်းရလျက်ရှိပြီး ပဲတီစိမ်းသီးနှံထက်ပင် ဈေးပိုရလျက်ရှိတာကိုလည်း တွေ့ရပါတယ်။

ပဲကြီးသီးနှံမှာ ယခုစက်တင်ဘာ တတိယပတ်အတွင်း ရွှေကျွန်းက တစ်တင်းကျပ်တစ်ထောင်ခန့် ဈေးပိုရလာလို့ ကျပ် ၂၇၀၀၀ ရရှိခဲ့ပေမယ့်(ကမ်းနား)ပဲကတော့ ယခင် တစ်ပတ်က အတိုင်း ဈေးငြိမ်နေတာကြောင့် တစ်တင်း ကျပ် ၂၄၅၀၀ ဖြင့်သာ ပဲကြော်ဖိုလုပ်ငန်းသမားများ ဝယ်ယူလျက်ရှိပြီး နေ့စဉ် အိတ် ၂၀၀ ကျော် ၃၀၀ နီးပါး အရောင်းအဝယ် ဖြစ်ခဲ့ကြပါတယ်။

ပဲလွန်းဖြူ၊ ပဲနီပြားနဲ့ ပဲပုပ်သီးနှံများမှာ ပဲအဝင်မရှိဘဲ လက်ကျန်ပဲ အနည်းငယ်ရှိတဲ့အတွက် ဒေသတွင်း လက်လီဝယ်ယူသူများကိုသာ ရောင်းချခဲ့ကြသလို ပဲလွန်းဖြူ သီးနှံဈေးမှာ တစ်တင်း ကျပ် ၂၄၀၀၀၊ ပဲနီပြားသီးနှံမှာ တစ်တင်း ကျပ် ၂၄၅၀၀၊ ပဲပုပ်သီးနှံမှာ တစ်တင်း ကျပ် ၂၂၀၀၀ ဖြင့် လလယ်က ဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းများအတိုင်း ဈေးငြိမ်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## မုံရွာကုန်စည်ဒိုင် စက်တင်ဘာတတိယပတ် ပဲဈေးကွက် ဝယ်လက်အဆွဲရှိတဲ့ ပဲများဈေးဆက်လက်မာ

မုံရွာကုန်စည်ဒိုင် စက်တင်ဘာလ တတိယပတ် ပဲမျိုးစုံဈေးကွက်မှာ ဝယ်လက်ဆွဲအားရှိတဲ့ ကုလားပဲနဲ့ ပဲတီစိမ်းကြီးတို့ အမြင့်ဈေးမှာ ဆက်လက်မာနေပြီး၊ ဒေသတွင်းဝယ်လိုအား မငြိမ်တဲ့ငုံနီနဲ့မတ်ပဲတို့က ကျဈေးမှာ ဆက်လက်တန့်နေတာတွေ့ရပါတယ်။ ကုလားပဲမျိုးစုံဈေးကွက်အနေနဲ့ ကုန်သည်တွေထံမှာ မနှစ်ကထွက်တဲ့ ပဲလက်ကျန်သိသိသာသာ လျော့နည်းလာရာ မုံရွာကုန်စည်ဒိုင်မှာ ထိုင်ဝမ်ကုလားပဲဟာ လက်ကျန်မရှိတော့လို့ နေ့စဉ်ဈေးမဖွင့်နိုင်ဘဲ၊ လက်ကျန်အနည်းငယ်ရှိသူက တစ်တင်းကျပ် ၄၀၀၀၀ နဲ့ ရံဖန်ရံခါ ဈေးတင်ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်မှာ V2 တစ်တင်း ၄၀၈၀၀ ကျပ်၊ 929 တစ်တင်း ၃၉၅၀၀ ကျပ်အသီးသီးအမြင့်ဆုံးဈေးပေါက်ခဲ့ပြီး ဒေသခံကြာဆန်စက်၊ ပဲခွဲစက်၊ အမှုန့်ကြိတ်စက်လိုင်းတွေပုံမှန်ဆွဲလို့ နှစ်မျိုးပေါင်းတစ်ရက် အိတ် ၄၀၀ မှ ၆၀၀ အကြား အရောင်းအဝယ်ဖြစ်တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ပဲတီစိမ်းကြီးဈေးကွက်ကတော့ ယခုတစ်ပတ်မှာ မန္တလေးဝယ်လက် အဆွဲသွက်လို့ တစ်တင်း ၂၄၅၀၀ ကျပ်အထိ ဈေးမြင့်လာသလို အရောင်းအဝယ်အနေနဲ့လည်း အိတ် ၄၀၀ မှ ၅၀၀ ခန့် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ငုံနီဈေးကွက်အနေနဲ့ နယ်အဝယ်မရှိဘဲ ဒေသခံကုန်သည် အချင်းချင်းသာ အဝယ်အရောင်းရှိခဲ့လို့ တစ်တင်း ၃၆၀၀၀ ကျပ်နဲ့ ၃၄၀၀၀ ကျပ်ကြားသာ ဈေးအတက်အကျရှိပြီး တစ်ရက်အိတ် ၂၀၀ မှ ၃၀၀ ခန့်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။ ယခုတစ်ပတ် မတ်ပဲဈေးကွက်အနေနဲ့ ကုန်သည်တွေထံ ပဲမရှိသလောက်နည်းနေပြီး ပေါက်ဈေး အနေနဲ့လည်း အထွက်တိုး တစ်တင်း ၃၈၀၀၀ ကျပ်၊ ပဲဟောင်းတစ်တင်း ၄၅၀၀၀ ကျပ်နဲ့ ဈေးအေးနေပြီး တစ်ရက် အိတ် ၄၀ မှ ၅၀ ခန့်သာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ကျန်အခြားပဲဈေးကွက်မှာ ပဲအများစု ဆက်လက်ဈေးအေးနေခဲ့ရာ စွန်တာနီတစ်တင်း ၁၃၅၀၀ ကျပ်၊ ၁၄၀၀၀ ကျပ်၊ ပဲနီလုံးကြားတစ်တင်း ၁၆၀၀၀ ကျပ်၊ ပဲကြီးတစ်တင်း ၂၆၀၀၀ ကျပ်၊ ၂၄၅၀၀ကျပ်၊ ပဲပုပ်စေ့ တစ်တင်း ၁၇၂၀၀ ကျပ်၊ ပုဂံပဲတစ်တင်း ၁၇၅၀၀ ကျပ်နဲ့ မြေထောက်ပဲတစ်တင်း ၁၈၀၀၀ ကျပ်အသီးသီးပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး ဒေသတွင်းလုပ်ငန်းသုံး ဝယ်လိုအားများလို့ စွန်တာနီတစ်မျိုးသာ တစ်ရက်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကာ ကျန်ပဲများမှာ လက်လီအရောင်းသာရှိခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်(မုံရွာ)**

## ပြည်ဘိုကိတ်ပဲသီးနှံဈေး နှစ်အလိုက် ကွာခြားမှုမရှိ

ပြည်ခရိုင်အတွင်း ဘိုကိတ်ပဲသီးနှံကို ဆောင်းပဲသီးနှံအဖြစ် စိုက်ပျိုးပြီး စိုက်ဧက ငါးထောင်ကျော်သာ စိုက်ပျိုးခဲ့သည့်အတွက် ပဲထွက်ပေါ်ချိန်တွင် ပဲဈေးကွက်အတွင်း အရောင်းအဝယ်အဖြစ်များကာ ယခုလိုကာလများမှာတော့ လက်ကျန်ပဲအနည်းငယ်သာရှိတဲ့အတွက် အရောင်းအဝယ်ပါးကာ လက်လီဝယ်ယူသူ အနည်းငယ်ကိုသာ ရောင်းချခဲ့ရပါတယ်။

ပဲဈေးမှာ တစ်တင်း ၂၅၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ် ဈေးအတိုင်း ဈေးဆက်ငြိမ်လျက်ရှိကာ လဆန်းရက်က ဈေးနှုန်း ထက် ဈေးပိုနေခဲ့တာကို တွေ့ရပါတယ်။ ဘိုကိတ်ပဲသီးနှံဈေးအနေဖြင့် ယခင်နှစ် ရော ယခုနှစ်မှာပါ ဈေးအတက်အကျ သိပ်မဖြစ်ခဲ့ဘဲ ယခင်နှစ်စက်တင်ဘာလအတွင်းမှာလည်း တစ်တင်း ကျပ် ၂၄၀၀၀ မှ ကျပ် ၂၆၅၀၀ အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ဟသ်ာတကုန်စည်ဒိုင်ပဲပေါ်စ စက်တင်ဘာ တတိယပတ်ပဲဈေးကွက်

ဟသ်ာတကုန်စည်ဒိုင်ရဲ့ စက်တင်ဘာလ တတိယပတ်အတွင်း ပြည်ပပို့ကုန်ပဲတွေအနက် မတ်ပဲနှင့် ပြောင်းသာ အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ မတ်ပဲမှာ ဈေးအနည်း ငယ်တက်လိုက်ကျလိုက်ဖြစ်နေပြီး ပြောင်းဈေးများကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဟသ်ာတကုန်စည်ဒိုင်သို့ ပဲသစ်များ စတင်ဝင်ရောက်နေပြီဖြစ်ရာ ပဲတီစိမ်း တစ်တင်း ကျပ် ၃၈၅၀၀၊ ပဲလွန်းဖြူ တစ်တင်း ကျပ် ၂၆၀၀၊ ပဲလွန်းနီ တစ်တင်း ကျပ် ၃၀၅၀၀၊ ဘိုကိတ်ပဲ တစ်တင်းကျပ် ၂၅၀၀၊ ပြောင်းတစ်တင်းကျပ် ၉၃၀၀ နှင့် မတ်ပဲအသစ်များကို ကျပ် ၅၀၀၀၀ ကျော်မှ စတင်ရောင်းဝယ်လျက်ရှိရာ ပြည်ပပို့ကုန်မတ်ပဲသည် အမြင့်ဆုံး ဈေးတစ်တင်း ကျပ် ၅၈၅၀၀ အထိ ဖြစ်သွားပြီးမှ ဈေးဆက်လက်ကျဆင်းခဲ့သည်။

ယခုတစ်ပတ်တွင် မတ်ပဲတစ်တင်းကျပ် ၄၅၅၀၀၊ ပဲတီစိမ်းတစ်တင်း ကျပ် ၂၀၀၀၀ နှင့် ပြောင်းတစ်တင်းကျပ် ၇၀၀၀ အထိ ဈေးကျလာခဲ့သည်။ ကုန်စည်ဒိုင်အနေဖြင့် ပဲတီစိမ်း၊ ပဲလွန်းဖြူ ပဲလွန်းနီ၊ ဘိုကိတ်ပဲများဈေးကွက်အတွင်း ဝင်ရောက်မှု မရှိသလောက်နည်းနေပြီး ဈေးနှုန်းအနေဖြင့်လည်း သီးခြားဖွင့်၍ ဝယ်ယူမှုမရှိသလောက်နည်းပါးလာကြောင်း၊ ရောင်းဝယ်မှုပြုလုပ်ကြသူများထံမှ လေ့လာသိရှိရပါသည်။

**လှိုင်ထွန်း-ဟသ်ာတ**

| ၁၉-၉-၂၀၁၆ မှ ၂၃-၉-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 384 | 22,172,681.634 |
| 2 | Form D | 36 | 1,896,010.630 |
| 3 | Form E | 107 | 2,951,857.310 |
| 4 | Korea GSP | 16 | 449,244.080 |
| 5 | Form AK | 112 | 5,448,686.015 |
| 6 | Form AJ | 16 | 684,221.926 |
| 7 | Form AI | 65 | 2,620,085.852 |
| 8 | Form AANZ | 3 | 55.100 |
| 9 | Form DFTP | - | - |
| **Grand Total** | | **739** | **36,222,842.547** |

## ပဲတီစိမ်း၊ နှမ်းညိုနဲ့ နှမ်းဖြူတို့ ဈေးအေးပြီး ကုလားပဲနဲ့နှမ်းနက် ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်နေတဲ့ မန္တလေးကုန်စည်ဒိုင်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ အရောင်းအဝယ်ပြုလုပ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းနဲ့မြေပဲများရဲ့ ယခုတစ်ပတ် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ တတိယပတ်ရဲ့ အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းနဲ့ ယခင်လကာလတူဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်ပါက-



| သီးနှံအမည် | ၂၁/၈/၂၀၁၆ | ၂၁/၉/၂၀၁၆ |
|---|---|---|
| ပဲတီစိမ်း | ၁၄၀၄ | ၁၃၆၉ |
| ပဲကြီး | ၁၅၃၈ | ၁၅၀၂ |
| ပဲနီပြား | ၁၁၇၆ | ၁၁၇၆ |
| ပဲပုပ်(ရှမ်း) | ၁၁၂၇ | ၉၃၉ |
| ပဲပုပ်(ဗမာ) | ၉၉၅ | ၉၃၉ |
| ပဲယင်း | ၇၃၃ | ၇၁၇ |
| ထောပတ်ပဲ | ၁၁၂၀ | ၁၀၁၃ |
| ပဲဇီးကွက် | ၇၉၈ | ၈၄၁ |
| မြေထောက်ပဲ | ၁၂၀၄ | ၁၂၂၂ |
| ကုလားပဲဖြူကြီး | ၁၈၆၉ | ၂၁၃၁ |
| ကုလားပဲထိုင်ဝမ် | ၁၈၆၇ | ၂၀၂၇ |
| မတ်ပဲ | ၂၄၁၇ | ၂၂၅၀ |
| ပြောင်းဖူးစေ့(ရှမ်း) | ၃၉၈ | ၄၀၇ |
| ပြောင်းဖူးစေ့(ဗမာ) | ၃၇၀ | ၃၉၈ |
| ပြောင်းဖူးစေ့(စီပီ) | ၄၀၇ | ၃၅၂ |
| အထွက်တိုးပြောင်း | ၅၀၉ | ၄၁၅ |
| ဆန်ပြောင်း | ၅၄၀ | ၄၈၉ |
| နှမ်းဖြူ | ၂၁၇၈ | ၂၀၈၉ |
| နှမ်းညို | ၁၇၃၃ | ၁၅၅၆ |
| နှမ်းနက် | ၂၅၅၆ | ၃၁၅၆ |
| နှမ်းနက် (စမုံ) | ၃၆၀၀ | ၃၃၁၁ |
| ပန်းနှမ်း | ၁၇၁၁ | ၁၉၅၆ |
| မြေပဲဆန် (၂၁လုံးဆန်) | ၂၃၀၀ | ၁၈၀၀ |

ပြည်ပ(တရုတ်) ဝယ်လိုအားနဲ့ ပြည်တွင်းဝယ်လိုအားကောင်းတဲ့ပဲတီစိမ်းကြီးက ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၃၅ ကျပ်(တစ်တန် ၂၁၄၃၄ ကျပ်) နဲ့ ဈေးအေးလို့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၆၉ ကျပ် (တစ်တန် ၈၃၈၃၆၂ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၅၀၀ ကျော်၊ ပဲကြီး တစ်ပိဿာ ၁၅၀၂ ကျပ်(တစ်တန် ၉၁၉၈၁၀ ကျပ်)နဲ့နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့်၊ ပဲနီပြားတစ်ပိဿာ ၁၁၇၆ ကျပ် (တစ်တန် ၇၂၀၁၇၀ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့် ပဲပုပ်(ရှမ်း) နဲ့ပဲပုပ်(ဗမာ) ဈေးနှုန်းအရ တစ်ပိဿာ ၉၃၉ ကျပ် (တစ်တန် ၅၇၅၀၃၄ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၃၅၀ ကျော်၊ ပဲယင်းတစ်ပိဿာ ၇၁၇ ကျပ်(တစ်တန် ၄၃၉၀၈၄ ကျပ်)နဲ့နေ့စဉ်သုံးတင်းအိတ် ၁၀၀ ခန့်၊ ထောပတ်ပဲတစ်ပိဿာ ၁၀၁၃ ကျပ်(တစ်တန် ၆၂၀၃၅၀ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၃၀၀ ခန့်၊ ပဲဇီးကွက်တစ်ပိဿာ ၈၄၀ ကျပ်(တစ်တန် ၅၁၅၀၂၀ကျပ်) ဖြင့် သုံးတင်းအိတ် ၁၀၀ ခန့်၊ မြေထောက်ပဲ တစ်ပိဿာ ၁၂၂၂ ကျပ် (တစ်တန် ၇၄၈၃၄၀ ကျပ်) ဖြင့် နေ့စဉ် သုံးတင်းအိတ် ၂၅၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ရန်ကုန်ဝယ်လက်နဲ့ ပြည်ပ(အိန္ဒိယ) ဝယ်လက်ရှိနေတဲ့ မတ်ပဲဈေးက ယခင်လကာလတူဈေးနှုန်းအောက်တစ်ပိဿာ ၁၆၇ ကျပ်(တစ်တန် ၁၀၂၂၆၉ ကျပ်) ဈေးကျသွားလို့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၅၀ ကျပ် (တစ်တန်ကို ၁၃၇၇၈၇၀ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး ကုလားပဲဖြူလုံးကြီးမှာ ယခင်လကာလတူဈေးထက် တစ်ပိဿာ ၂၆၂ ကျပ်(တစ်တန် ၁၆၀၄၄၆ ကျပ်)နဲ့ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၁၆၀ ကျပ် (တစ်တန် ၉၇၉၈၂ ကျပ်) ဈေးမာသွားလို့ ယခုတစ်ပတ်မှာ ကုလားပဲဖြူကြီး တစ်ပိဿာ ၂၁၃၁ ကျပ်(တစ်တန် ၁၃၀၅၀၀၃ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်)တစ်ပိဿာ ၂၀၂၇ ကျပ်(တစ်တန် ၁၂၄၁၃၁၅ ကျပ်) နဲ့ အဆိုပါကုလားပဲနှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခင်တစ်ပတ်မှာ အရောင်းအဝယ်သွက်ခဲ့တဲ့ ပြောင်းဖူးစေ့မှာ ယခုတစ်ပတ်မှာလည်း ဆက်လက်ပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့(ရှမ်း) တစ်ပိဿာ ၃၉၈ ကျပ်(တစ်တန် ၂၄၃၇၃၁ ကျပ်)၊ ပြောင်းဖူးစေ့(ဗမာ) တစ်ပိဿာ ၃၃၃ ကျပ်(တစ်တန် ၂၀၃၉၂၆ ကျပ်)၊ ပြောင်းဖူးစေ့ (CP) တစ်ပိဿာ ၃၅၂ ကျပ်(တစ်တန် ၂၁၅၅၆၁ ကျပ်)၊ အထွက်တိုးပြောင်း တစ်ပိဿာ ၄၁၅ ကျပ်(တစ်တန် ၂၅၄၁၄၂ ကျပ်)၊ ဆန်ပြောင်း တစ်ပိဿာ ၄၈၉ ကျပ်(တစ်တန် ၂၉၉၄၅၉ ကျပ်)နဲ့ အဆိုပါပြောင်းဖူးစေ့ ငါးမျိုးပေါင်းနေ့စဉ် သုံးတင်း အိတ် ၁၂၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပြည်ပ(တရုတ်) နဲ့ ပြည်တွင်းဆီလုပ်ငန်းရှင်များက ဝယ်အားကောင်းတဲ့ ဆီထွက်သီးနှံနှမ်းရောင်စုံရဲ့ ဈေးနှုန်းမှာ နှမ်းဖြူတစ်ပိဿာ ၂၀၈၉ ကျပ်(တစ်တန် ၁၂၇၉၂၈၃ ကျပ်) နဲ့ နှမ်းညိုတစ်ပိဿာ ၁၅၅၆ ကျပ်(တစ်တန် ၉၅၂၈၇၉ ကျပ်) အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးအောက်တစ်ပိဿာကျပ် ၁၀၀ ဝန်းကျင်ဈေးအေးသွားပြီး နှမ်းနက်မှာ ယခင်လကာလတူဈေးနှုန်းအထက် တစ်ပိဿာ ကျပ် ၆၀၀ (တစ်တန် ၃၆၇၄၃၄ ကျပ်) ဈေးမာသလို ပန်းနှမ်းမှာလည်း ယခင်လကာလတူဈေးထက် တစ်ပိဿာ ၂၄၅ ကျပ်(တစ်တန် ၁၅၀၀၃၆ ကျပ်) ဈေးမာခဲ့ပါတယ်။ ယခုတစ်ပတ်မှာ နှမ်းနက် တစ်ပိဿာ ၃၁၅၆ ကျပ်(တစ်တန် ၁၉၃၂၇၀၃ ကျပ်)၊ ပန်းနှမ်း တစ်ပိဿာ ၁၉၅၆ ကျပ်(တစ်တန် ၁၁၉၇၈၃၅ ကျပ်)၊ နှမ်းနက်(စမုံ) တစ်ပိဿာ ၃၃၁၁ ကျပ်(တစ်တန် ၂၀၂၇၆၂၃ ကျပ်) နဲ့ အဆိုပါ နှမ်းငါးမျိုးနေ့စဉ် သုံးတင်းအိတ် ၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး အခြားဆီထွက်သီးနှံတစ်မျိုးဖြစ်တဲ့ မြေပဲ (S1 လုံးဆန်) တစ်ပိဿာ ၁၈၀၀ ကျပ် (တစ်တန် ၁၁၀၂၃၀၂ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိဿာကျပ် ၅၀၀ (တစ်တန် ၃၀၆၁၉၅ ကျပ်) ဈေးအေးနဲ့ နေ့စဉ် သုံးတင်းအိတ် ၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဒီတစ်ပတ်မှာ ရန်ကုန်နဲ့ အိန္ဒိယဝယ်လက်အဝယ်လိုက်တဲ့ ကုလားပဲဈေးနှုန်းက ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း၊ မတ်ပဲမှာဈေး အနည်းငယ်အေးပေမယ့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ထို့အတူ နှမ်းနှင့်မြေပဲများမှာလည်း ဈေးနှုန်းအတက်၊ အကျ၊ အနိမ့်၊ အမြင့်နဲ့ အရောင်းအဝယ်ဖြစ်ကြောင်း၊ ကုန်စည်ဒိုင်ကို လာရောက်ပြီး အရောင်းအဝယ်ပြုလုပ်တဲ့ သီးနှံအများစုမှာ သူ့ဈေးနဲ့သူ အရောင်းအဝယ်ဖြစ်ကြောင်း၊ သီးနှံများကို ဝယ်ယူပြီး ကာလရှည်သိုလှောင်ထားခြင်းမရှိဘဲ မြန်မြန်ဝယ် မြန်မြန်ရောင်းကြကြောင်း၊ အမြတ်နည်းပါးပေမယ့် ငွေကြေးလည်ပတ်မှုရှိကြောင်း၊ တက်ဈေးမျှော် သိုလှောင်ထားခြင်းထက် ပိုမိုစိတ်ချရသဖြင့် မြန်မြန်ဆန်ဆန် အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း ကုန်သည်ပွဲစားကြီးတစ်ဦးက ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

## ချင်း

### မူဆယ်မှ ချင်းခြောက်နဲ့ မောင်တောမှ ချင်းစို တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၁၀ ရက်မှ ၁၆ ရက် ရက်သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၄၀၈၆၅ တန်ဖိုးရှိ ချင်းခြောက် ၃၁ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မြဝတီမှ ချင်းခြောက် ၉ တန်ကျော် တင်ပို့ခဲ့ပြီး မူဆယ်မှ ချင်းတင်ပို့မှုမရှိခဲ့ပါဘူး။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းကတော့ အမေရိကန်ဒေါ်လာ ၁၇၅၂၀ တန်ဖိုးရှိ ချင်းစိုတန် ၇၀ ကို အပတ်စဉ် တင်ပို့ ခဲ့ပါတယ်။ မူဆယ်မှာ ချင်းခြောက် တစ်တန်ရဲ့ မိမိဘက် ပေါက် ဈေးက ၁၈၈၃၄၄၅ ကျပ်ရှိပြီး မောင်တောမှာ ချင်းစို တစ်တန်ဈေးက(ငွေလဲနှုန်းအရ) ၂၉၀၄၀၀ ကျပ်ခန့်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ပြည်ချင်းဈေးကွက်သို့ ချင်း(ဥမ) များဝင်ရောက်နေဆဲဖြစ်

အောင်ပန်းနဲ့ တောင်ကြီးဈေးကွက်တွင် ချင်း(ဥမ) များ လက်ကျန်တွေရှိနေပြီး ချင်း(တက်) အသစ်မှာ ပေါ်စမှာချင်းသိပ်မရင့်သေးလို့ ဈေးကွက်သို့ တွင်တွင်ကျယ်ကျယ်ရောက်မလာကြောင်း သိရပါတယ်။ ဒါကြောင့်ပြည်ဈေးကွက်သို့ ယခုတစ်ပတ် ချင်း(ဥမ) ပိဿာ ၃၀ ဝင်အိတ် ၁၀၀ ခန့်သာ ဝင်ရောက်ခဲ့ပါတယ်။ ဇူလိုင်လ ပထမပတ်မှစ၍ ဈေးငြိမ်လာခဲ့ရာ ယခုတစ်ပတ်တွင်လည်း ချင်း(ဥမ) တစ်ပိဿာလျှင် ကျပ် ၉၀၀ မှ ၁၂၀၀ ကျပ်ဖြင့် ဈေးဆက်ငြိမ်နေပြီး၊ ပုံမှန်ဈေးကွက်ဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်သို့ တင်ပို့မှုအပါအဝင် ချင်းခါးလှီးသမားများ၊ လက်လီ၊ လက်ကားရောင်းဝယ်သူများနှင့် ယခုတစ်ပတ် ပိဿာချိန် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်**

### ရှမ်းချင်း(ဥမ) အရောင်းအဝယ်အေးနေ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းအဝင်များနေပြီး အရောင်းအေးနေတယ်လို့ သိရပါတယ်။ တောင်သူတွေ လာရောင်းတဲ့ချင်း(ဥမ) တွေကိုတော့ ပွဲရုံတွေကဝယ်ယူထားပေမယ့် အဝယ်နည်းနေတယ်လို့သိရပါတယ်။ ဈေးပတ်သမားတွေ အနည်းငယ်သာဝယ်ယူကြပြီး မကွေး၊ မန္တလေးနဲ့ မုံရွာက ချင်းထိုးသမားတွေသာ အဝယ်ရှိနေတယ်လို့သိရပါတယ်။ မိုးကောင်းတာကြောင့် အရောင်းအဝယ်ကလည်း ထိုးကျသွားတယ်လို့သိရပါတယ်။ ချင်း (ဥမ) တွေက ချင်းတက်လို တာရှည်အထားမခံတာကြောင့် အရောင်းထိုင်းရင်ပစ္စည်း ပုပ်တာရယ်၊ ခြောက်တာရယ်၊ နာတာရယ်ကြောင့် အလေးချိန်တွေကလည်း လျော့သွားပါတယ်။ ချင်းတက်တွေကတော့ လက်ကျန်မရှိတော့ပါဘူး။ ချင်းတက် (သစ်) တွေက သီတင်းကျွတ်၊ တန်ဆောင်မုန်းရောက်မှသာ ဈေးကွက်သို့ ပြန်ဝင် လာမှာဖြစ်ပါတယ်။ ဒီတစ်ပတ်အတွင်းမှာတော့ ချင်း(ဥမ)တွေကိုသာ ရောင်းဝယ်နေရတယ်လို့လည်း ဒေသခံတွေထံမှ သိရှိရပါတယ်။ ဒီတစ်ပတ်ချင်း(ဥမ) တစ်ပိဿာ ၂၅၀ ကျပ်၊ ၃၅၀ ကျပ်ဈေးရှိပါတယ်။

ချင်းခြောက်ကို ဒီတစ်ပတ်မှာ မန္တလေးနဲ့ မူဆယ်ဝယ်လက်တွေ အနည်းငယ်ပြန်ဝယ်လာကြတာကြောင့် အရောင်းအဝယ် နည်းနည်းဖြစ်လာပါတယ်။ တစ်ပတ်အတွင်းမှာ ပိဿာချိန် တစ်သောင်းခွဲ၊ နှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တစ်ပိဿာပေါက်ဈေးက ၁၉၅၀ ကျပ်၊ ကျပ် ၂၀၀၀ ဈေးရှိတယ်လို့အောင်ပန်းဈေးကွက်မှ သိရှိရပါတယ်။

**ဇေခိုင်(တောင်ကြီး)**

## နနွင်း

### ရှမ်းနနွင်းကို ဈေးပတ်သမားတွေကသာ အဝယ်ရှိ

ဒီတစ်ပတ် ရှမ်းနနွင်းက အရောင်းအဝယ် သိပ်မဖြစ်ဘူးလို့သိရပါတယ်။ မူဆယ်ဝယ်လက်တွေအဝယ်ရှိရင်ရှိ မရှိရင်တော့ ဈေးပတ်သမားတွေကိုသာ အနည်းငယ်ရောင်းရတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်တော့ မူဆယ် ဝယ်လက်က အဝယ်နားတာကြောင့် ဈေးပတ်သမားတွေကသာ အဝယ်ရှိနေတယ်လို့လည်း သိရပါတယ်။ ဈေးပတ်သမားတွေတော့ ဟင်းခတ်ရန်အတွက် အမှုန့်ကြိတ်ဖို့ဝယ်ယူနေတာ ဖြစ်လို့ တစ်ခါဝယ်ရင်ပိဿာချိန်ငါးရာ၊ တစ်ထောင်ခန့်သာ ဝယ်ယူနေကြပြီး၊ တစ်ပတ်တစ်ခါ (ဒါမှမဟုတ်) နှစ်ပတ်တစ်ခါသာ အဝယ်ရှိနေတယ်လို့လည်း သိရပါတယ်။

ဈေးပတ်သမားဝယ်လက်တွေက ဟင်းခတ်အမွှေးအကြိုင်အတွက် အမှုန့်ကြိတ်ပြီးသုံးစွဲရန် အောင်ပန်း(လတ်စ)နဲ့ ဆင်တောင်စတွေကို ဝယ်ယူကြပါတယ်။ အရည်အသွေးကောင်းဖို့အတွက် ဆင်တောင်စ အနည်းငယ်ကိုထည့်ပြီး ကြိတ်ကြတယ်လို့လည်း သိရပါတယ်။ နနွင်းကတော့ ချင်းလိုနှစ်ကြိမ်ထွက်တာ မဟုတ်ဘဲ၊ တစ်နှစ်လျှင် တစ်ကြိမ်သာထွက်တာကြောင့် သက်တမ်းက ကြာပါတယ်။ နနွင်းအသစ်တွေက တပေါင်း၊ တန်ခူးမှသာ ပြန်ပြီးအသစ်ဝင်လာမှာ ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်၊ ဈေးနှုန်း အခြေအနေကသိပ်ပြီးမကောင်းတော့ စိုက်သမားနည်းသွားသလို အထွက်နှုန်းလည်း နည်းလာတယ်လို့ သိရပါတယ်၊ ဒီတစ်ပတ်နနွင်းတစ်ပိဿာပေါက်ဈေးက အောင်ပန်းစတွေဆိုရင် အနိမ့်ဆုံး ၁၄၀၀ ကျပ်မှ အမြင့်ဆုံး ၁၇၀၀ ကျပ်အထိရှိပြီး ဆင်တောင်နနွင်းကတော့ တစ်ပိဿာ ၂၅၀၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

### မူဆယ်မှ နနွင်းတက်တင်ပို့မှုလျော့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၉၂၆၀ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၅၂ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ နနွင်းတက် ၉၂ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ် နနွင်းတက်တင်ပို့မှု တန် ၄၀ ခန့်လျော့နည်း သွားခဲ့တာ တွေ့ရပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာ နနွင်းတက်တစ်တန်ကို မိမိဘက်ပေါက်ဈေးက ငွေလဲနှုန်းအရ ၉၂၆၃၈၅ ကျပ်ရှိတယ်လို့ သိရပါတယ်။ နနွင်းအစစ်ကို ဟင်းခတ်အမွှေးအကြိုင် အဖြစ်လည်းကောင်း၊ ဆေးဝါးဖော်စပ်ရာတွင် ကုန်ကြမ်းအဖြစ်လည်းကောင်း ဝယ်ယူသုံးစွဲမှုများပြားလာသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် နနွင်းဥစိုက်ပျိုးသူတွေ အကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

### ယခုတစ်ပတ်နနွင်းတန်ချိန် ၆၀ နီးပါးတင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စက်တင်ဘာ၁၁ရက်မှ ၁၇ရက်သီတင်းပတ်အတွင်း နနွင်း ၅၆ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယနိုင်ငံသို့ ၂၈တန်နဲ့ စင်ကာပူနိုင်ငံသို့ ၂၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က နနွင်း ၃၃ တန် တင်ပို့ခဲ့တာကြောင့်ဒီတစ်ပတ် တင်ပို့မှုနဲ့ယှဉ်ရင် ၂၃ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၄၂၁၄၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## သီဟိုဠ်

### တရုတ်နဲ့ ထိုင်းနိုင်ငံသို့ သီဟိုဠ်စေ့ တန် ၄၀ ကျော် ပိုမိုတင်ပို့

စက်တင်ဘာ ဒုတိယပတ်အတွင်း တရုတ်နဲ့ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၄၁ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ တန် ၅၀ ကျော်ကို မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်များမှတစ်ဆင့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၀ တန်ကျော်သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ တန် ၄၀ ကျော် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှအမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၂ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၄၈ တန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၉ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ခြောက်တန်ကျော် အသီးသီးတင်ပို့ခဲ့ တယ်လို့ ကုန်သွယ်ရေးဇုန်များမှ သတင်းရရှိပါတယ်။

**ခင်မိုးသူ**



## ကြက်သွန်

### ကြက်သွန်နီ ပိုမိုတင်ပို့



စက်တင်ဘာ ၁၀ ရက်မှ ၁၆ ရက်တာ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၁၄၀၅၉၈ တန်ဖိုးရှိ ကြက် သွန်နီ တန် ၆၅၀ ကိုလည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၁၉၀၆၁ တန်ဖိုးရှိကြက်သွန်နီ ၃၅၇ တန်ကျော်ကိုလည်းကောင်း၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၁၀၅၀၀ တန်ဖိုးရှိ ကြက်သွန်နီတန် ၇၀၀ ကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ကြပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ ၉၈ တန်၊ မြဝတီမှ ၂၂၃ တန်ကျော်နဲ့ တာချီလိတ်မှ တန် ၂၀၀ သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ကြက်သွန်နီတင်ပို့မှု ပိုမိုလာခဲ့တာ တွေ့ရပါတယ်။ မြန်မာနိုင်ငံကထွက်ရှိတဲ့ ကြက်သွန်နီဟာ အခြားနိုင်ငံတွေကထွက်တဲ့ ကြက်သွန်နီတွေထက် အရည်အသွေးပိုကောင်းလို့ ယခုလိုနယ်စပ်စခန်းများမှတစ်ဆင့် တင်ပို့နေတာဖြစ်ပါတယ်။

**မော်မော်အောင်**

### ပြည်ဈေးကွက်သို့ နယ်စုံမှ ကြက်သွန်နီများ ဝင်ရောက်

ယခုတစ်ပတ်အတွင်း ပြည်ဈေးကွက်သို့ ဒေသစုံမှ ကြက်သွန်နီများ ဝင်ရောက် လာတာတွေ့ရပါတယ်။ တောင်တွင်း၊ အောင်လံ၊ ရေနံချောင်း၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ မကွေး၊ ကျောက်ပန်းတောင်း စသည့်နယ်စုံမှ ကြက်သွန်နီများ တစ်ရက်ကို အိတ် ၂၀၀ ဆံ့ကားစီးရေနှစ်စီးခန့် တစ်ပတ်ကို ပိဿာအားဖြင့် ခုနစ် သောင်းခန့် အဝင်ရှိနေပါတယ်။ ပြည်ဈေးကွက်အနေနဲ့ အဝင်လည်းပိုလာကာ ကုန်စည်များနေတဲ့ အတွက် ဈေးနှုန်းမှာလည်း ယခင်တစ်ပတ်ထက် ကြက်သွန်နီ (အလတ်စ) နဲ့ (အသေးစ) ဈေးနှုန်းများ အနည်းငယ်ကျဆင်းလာတာ တွေ့ရပါတယ်။ ဈေးနှုန်းမှာ လက်ကားပွဲရုံများ၌ တစ်ပိဿာကို (ကြီး) ၅၅၀ ကျပ်၊ (လတ်) ၄၅၀-၅၀၀ ကျပ်၊ (သေး) ၃၅၀-၄၀၀ ကျပ်တို့ရှိပြီး ဒေသတွင်း လက်လီဈေးများတွင် (ရှယ်သန့်) ကျပ် ၇၀၀၊ (ကြီး) ၆၅၀ ကျပ်၊ (လတ်) ၅၅၀-၆၀၀ ကျပ်၊ (သေး) ၄၅၀-၅၀၀ ကျပ်တို့ရှိကြောင်း သိရပါတယ်။

ဈေးကျတဲ့အတွက် ပုံမှန်ထက် အရောင်းအဝယ်သွက်နေတယ်လို့ သိရပါတယ်။ စားသုံးသူများကလည်း ဈေးကွက်အတွင်း ကုန်ပစ္စည်းပေါများပြီး ဈေးချိုနေတဲ့အတွက် စိတ်ကျေနပ်မှုရှိနေပြီး ယခင်နှစ် ကာလတူဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် ဝယ်ယူသိုလှောင်ရောင်းချသည့် ပွဲစားကုန်သည်များမှာတော့ အမြတ်ရရှိမှု နည်းပါးသည့်အတွက် တက်ဈေးမျှော်နေလျက်ရှိကြောင်း သိရပါတယ်။

| ကြက်သွန်နီသီးနှံ (အလတ်စ) ကာလတူဈေးနှုန်း | | | | |
|---|---|---|---|---|
| လအမည် | ၂၀၁၅-၂၀၁၆ | | ၂၀၁၆-၂၀၁၇ | |
| | လက်ကား | လက်လီ | လက်ကား | လက်လီ |
| ဇူလိုင် | ၈၅၀ | ၉၅၀ | ၅၀၀ | ၆၅၀ |
| ဩဂုတ် | ၁၀၀၀ | ၁၂၀၀ | ၆၀၀ | ၇၅၀ |
| စက်တင်ဘာ(တတိယပတ်) | ၁၁၀၀ | ၁၃၀၀ | ၄၅၀ | ၆၀၀ |

**ဝင်းလဲ့ဝါ(ပြည်)**

# Personal Computer (PCs) rsm; \ zefv;ÐÆ rbdf , f/f}Jf

|မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)|




ဒဲလ် (Dell) နည်းပညာ ကုမ္ပဏီသည် ၁၉၀၀ ပြည့်လွန်ကာလ၏ ဆယ်စုနှစ်တွင် ကမ္ဘာ့ထိပ်တန်း ၂၅နေရာ အဆင့်ရှိ ကွန်ပျူတာကုမ္ပဏီ ဖြစ်လာခဲ့သည်။ ဒဲလ်နည်းပညာ ကုမ္ပဏီသည် ၎င်းကုမ္ပဏီမှ ထုတ်လုပ်သည့် ပစ္စည်းများကို တစ်ဆင့် ပြန်လည်ရောင်းချသူများရှိရာ နိုင်ငံတကာ ဈေးကွက်ကိုသာ ပစ်မှတ်ထားခဲ့သည်။

မျက်မှောက်ကာလတွင် ၁၉၉၀ ပြည့်နှစ်က ရှိ ခဲ့သော ထိပ်တန်းကွန်ပျူတာကုမ္ပဏီ ၂၅ ခု အနက် ၁၇ခုမှာ မရှိတော့သော်လည်း ဒဲလ်သည် အမေရိကန်တွင် နံပါတ်တစ်နေရာသို့ ရောက်ရှိခဲ့ပြီး တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဒုတိယ အကြီးဆုံး ကုမ္ပဏီ ဖြစ်နေသည်။ ဒဲလ်သည် နိုင်ငံပေါင်း ၁၇၀တွင် ၎င်း၏ကုန်ပစ္စည်းများကို တွင်ကျယ်စွာ ရောင်းချနိုင်ခဲ့သည်။ ဒဲလ် ဖန်တီးလိုက်သော တိုက်ရိုက် (Direct) ရောင်းချနည်းသည် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာတွင် နှစ်လိုဖွယ်ရာကောင်းသော နည်းလမ်းအနေဖြင့် ကျယ်ပြန့်စွာ အသိအမှတ်ပြုခြင်း ခံခဲ့ရသည်။ သို့ရာတွင် စီးပွားရေးလောကတွင် ယင်း Direct နည်းကို အကောင်းဆုံးနည်းလမ်းအဖြစ် အသိအမှတ်ပြုခြင်းသည် ကွန်ပျူတာ ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းတွင် ကန့်သတ်မထားပေ။ အဘယ်ကြောင့် ပါနည်း။ အဖြေက ရှင်းပါသည်။ အကျိုးအမြတ်အနေဖြင့် ရှင်းရှင်း လင်းလင်းရှိသည်။ ဖောက်သည်များသည် အော်ဒါ မှာယူပြီး ထုတ်လုပ်သူထံမှ ကုန်ပစ္စည်းများ (သို့) ဝန်ဆောင်မှုလုပ်ငန်းများကို တိုက်ရိုက် ရရှိကြသည်။ ထုတ်လုပ်သူများကလည်း တိကျသော စံချိန်စံညွှန်းများအတိုင်း ပြုလုပ်ကြသည်။ အဖွဲ့အစည်းများအနေဖြင့် အမြင့်မားဆုံး စွမ်းဆောင်ရည်ဖြင့် လုပ်ငန်း ဆောင်ရွက်ကြသည်။

ဒဲလ်သည် ၎င်း၏ကုန်ပစ္စည်းများကို ဖောက်သည်ထံသို့ တိုက်ရိုက် ရောက်ရှိနည်းကို အာရုံစိုက်သည်။ စီမံခန့်ခွဲမှု အခြေခံသဘောတရားများကို အာရုံစိုက်သည်။ ဒဲလ်၏ အောင်မြင်မှုသည် နည်းပညာလုပ်ငန်းတွင် ကျယ်ပြန့်သော ပြောင်းလဲမှု ခြေလှမ်းကို ရောင်ပြန်ဟပ်သည်။ အင်တာနက်သည် နည်းပညာလုပ်ငန်းမှ အခြားလုပ်ငန်း အားလုံးအထိ ဆက်စပ် ပတ်သက်နေသည်ဟူသော ယူဆချက်ကို ဖော်ဆောင်ပေးခဲ့သည်။ ရိုးစင်းသော ဥပမာကို စဉ်းစားကြည့်ပါ။ လွန်ခဲ့သောဆယ်နှစ်က ကောလိပ် ကျောင်းသား ၁၀၀အုပ်စု တစ်စုကို အွန်လိုင်းပေါ်မှ စာအုပ် (သို့မဟုတ်) CD ဝယ်ခဲ့သလားဟု မေးခဲ့လျှင် အဖြေမှာ မသိပါဟူသော အဖြေသာရရှိနိုင်ပေမည်။ ယင်းမေးခွန်းကို ယနေ့ခေတ်တွင် မေးကြည့်လျှင် ဟုတ်ကဲ့ဟု ဖြေသောသူအရေအတွက်မှာ ၁၀၀ နီးပါးရှိလိမ့်မည်ဖြစ်သည်။ ဆိုလိုသည်မှာ အင်တာနက်သည် ကမ္ဘာ့နေရာတိုင်းကို နယ်ပယ် ချဲ့ထွင်ခဲ့ပြီဖြစ်သည်။ အင်တာနက်ကို ရယူ အသုံး ပြုခြင်းသည် ကျယ်ပြန့်သော ခြေလှမ်းလှမ်းခြင်းပင် ဖြစ်သည်။ အင်တာနက်သည် ယှဉ်ပြိုင်မှု၏ အခြေခံကျသော သဘာဝကို ပြောင်းလဲသလို ဆန်းသစ်ဖန်တီးမှုများ၊ တွေးခေါ်ကြံစည်မှုများ၊ လက်ရှိ ထုတ်ကုန်ပစ္စည်းများကို တိုးတက်စေသော နည်းလမ်းများကို ဖန်တီးပေးသည်။ ၁၉၈၀ နောက်ပိုင်းတွင် Wal-Mart သည် လက်လီအရောင်း လုပ်ငန်းကို စတင်ဖော်ဆောင်ခြင်းဖြင့် လျင်မြန်စွာ တိုးတက် အောင်မြင်ခဲ့သည်။ အလားတူစွာ Nucor နှင့် အခြားအသေးစား စက်ရုံများသည် သံမဏိ လုပ်ငန်းကို တုန်လှုပ်စေခဲ့သည်။ ယင်းကုမ္ပဏီများသည် အစဉ်အလာ ယှဉ်ပြိုင်မှု၏ စံချိန်စံညွှန်း သတ်မှတ်ချက် ပြင်ပတွင် စီးပွားရေးပုံစံသစ်များကို ဖန်တီးခဲ့သည်။ ဖောက်သည်တန်ဖိုးနှင့် အကျိုး အမြတ်ဆိုင်ရာ အရင်းအမြစ်သစ်များကို ဖန်တီးခဲ့သည်။

မျက်မှောက်ကာလ၏ ကွာခြားကွဲပြားမှုမှာ စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးလာအောင် ထူထောင်လာသောအခါ ယင်းအရှိန်နှုန်းကို အင်တာနက်က သိသိသာသာ မြင့်မားတိုးတက်စေခြင်းပင်ဖြစ်သည်။ အကြောင်းအရင်းတစ်ခုမှာ အင်တာနက်က အရင်းအနှီး ဖြစ်ပေါ်မှု သဘာဝကို ပြောင်းလဲပေးခြင်းပင် ဖြစ်သည်။

ဒဲလ်၏ တိုက်ရိုက် လုပ်ငန်းပုံစံသည် အွန်လိုင်းပေါ်တွင် ရွေ့လျားသော စီးပွားရေးအနေဖြင့် သဘာဝကျသော အားသာချက်ကိုလည်း ပေးစွမ်းသည်။ အကြောင်းမှုကား ဖောက်သည်များနှင့် အစဉ်အမြဲ တိုက်ရိုက် ဆက်သွယ်မှု ရရှိသောကြောင့် ဖြစ်သည်။ အင်တာနက်တော်လှန်ရေးအတွက် စည်းမျဉ်းများကို မည်သည့် ကုမ္ပဏီမဆို၊ စက်မှုလုပ်ငန်းမဆို အသုံးချနိုင်သည်ဟု ဒဲလ်က ယုံကြည်ထားသည်။

ဒဲလ်ကုမ္ပဏီကြီးသည် ကွန်ပျူတာများကို ဖောက်သည်များသို့ တိုက်ရိုက် ရောင်းချသည်။ ပစ္စည်းပေးသွင်းသူများနှင့် တိုက်ရိုက် ဆက်ဆံသည်။ ဝယ်ယူသူများနှင့် တိုက်ရိုက်ဆက်ဆံသည်။ မလို အပ်သော၊ စွမ်းဆောင်ရည်မရှိသော ကြားခံပုဂ္ဂိုလ်များ မလိုအပ်တော့ချေ။ ဤသည်ကို တိုက်ရိုက် စီးပွားရေးပုံစံ (Direct Model) ဟု ခေါ်ကြသည်။ ဒဲလ်ကွန်ပျူတာ ကော်ပိုရေးရှင်းကို ထိပ်ဆုံးသို့ တိုက်ရိုက် တက်သူဟု ခေါ်ကြသည်။ ၁၉၉၈ ခုနှစ် တွင် ဒဲလ်ကုမ္ပဏီကြီးသည် ကမ္ဘာပေါ်တွင် Personal ကွန်ပျူတာနှင့် ပတ်သက်၍ နံပါတ် နှစ်နေရာအဆင့်ရှိ ထုတ်လုပ်သူနှင့် ရောင်းချသူ ဖြစ်လာခဲ့သည်။ ယင်းသည် စက်မှုလုပ်ငန်း တိုးတက်နှုန်းထက် ငါးဆပိုမြန်စွာ တိုးတက်လာခဲ့သည်။ ဒဲလ်၏ စတော့သည် ၂၀၀ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့သည်။ SP500 နှင့် NASDAQ700 တွင် ရှယ်ယာ ဈေးနှုန်း အမြင့်ဆုံးရရှိသူ ဖြစ်လာခဲ့သည်။

မိုက်ကယ်ဒဲလ် (Michael Dell) သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး ကွန်ပျူတာနှင့် ကွန်ပျူတာစနစ်များ ကုမ္ပဏီ၏ ဒုဉက္ကဋ္ဌဖြစ်သလို အလုပ် အမှုဆောင် အရာရှိချုပ် (CEO) လည်း ဖြစ်သည်။ ၁၉၉၂ တွင် သူသည် Fortune မဂ္ဂဇင်းကြီးက ရွေးချယ်သော Fortune 500 စာရင်းတွင် အငယ်ဆုံး CEO ဖြစ်လာခဲ့သည်။ မိုက်ကယ်ဒဲလ်သည် ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum)၏ အလုပ်အမှုဆောင် ကော်မတီဝင် ဖြစ်ခဲ့သည်။ သူသည် အမေရိကန် စီးပွားရေးလုပ်ငန်း ကောင်စီ ၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ခဲ့သည်။ သူသည် သိပ္ပံနှင့် နည်းပညာဆိုင်ရာ အမေရိကန်သမ္မတ၏ အကြံပေးကောင်စီတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် သူသည် အိန္ဒိယနိုင်ငံ (Hyderabed) အိန္ဒိယဟိုက်ဒရာဘတ် စီးပွားရေးလုပ်ငန်း ကျောင်း၏ ဘုတ်အဖွဲ့ စီမံအုပ်ချုပ်ရေး၌ ပါဝင် ဆောင်ရွက်ခဲ့သည်။

မိုက်ကယ်ဒဲလ်သည် အသက် ၁၉ နှစ် အရွယ် ၁၉၈၄ ခုနှစ်တွင် Dell Computer Corporation ကို စတင် တည်ထောင်ခဲ့ပြီး၊ ထိုအချိန်က သူသည် တက္ကဆက် တက္ကသိုလ်တွင် ပညာသင်ယူနေဆဲပင် ဖြစ်သည်။ ထို့ပြင် ကုမ္ပဏီစတင် ထူထောင်ချိန်က ၎င်း၏ လက်ဝယ်တွင် အမေရိကန်ဒေါ်လာ ၁၀၀၀ သာ ရှိခဲ့သည်။ ထိုစဉ်ကတည်းက သူသည် စက်မှုလုပ်ငန်း ပါဝါဟောက်စ်ကို တည်ဆောက်ခဲ့သည်။ ဒဲလ်သည် သူ့ကလေးဘဝ စွန့်စားခန်းတွင် အတက်အကျများစွာ ကြုံခဲ့ရသည်။ သူ လျှောက်လှမ်းခဲ့သော လမ်းတွင် အမှားများ ကြုံတွေ့ခဲ့ပြီး တန်ဖိုးမဖြတ်နိုင်သော သင်ခန်းစာများ ရရှိခဲ့သည်။

တကယ်တော့ မိုက်ကယ်ဒဲလ်တွင် တော်လှန်မှု ဆန်သော ထိုးထွင်းအမြင် ရှိသည်။ မိုက်ကယ်ဒဲလ် သည် ကက်သရင်းဖရက်ဒမင်း နှင့် တွဲဖက်၍ Direct From Dell စာအုပ်ကို ရေးသားခဲ့သည်။ ၎င်းစာအုပ်တွင် စက်မှုလုပ်ငန်းကို တော်လှန်ခဲ့သော မဟာဗျူဟာများ ပါဝင်သည်။ ယင်းစာအုပ်တွင် စီးပွားရေးလုပ်ငန်း ခေါင်းဆောင်တစ်ဦးအတွက် အဖိုးတန်သော သတင်းအချက်များ ပါဝင်သည်။ သူ၏ မဟာဗျူဟာများသည် သင့်စီးပွားရေးလုပ်ငန်း တိုးတက်ကြီးပွားရန် ထိရောက် အကျိုးရှိသော နည်းလမ်းများကို ဖော်ပြနေသည်။ အောင်မြင်မှုအတွက် သူ၏ တိုက်ရိုက်ပုံစံ (Direct Model) ကို လိုက်ပါ ဆောင်ရွက်ခြင်းဖြင့် စရိတ်ကုန်ကျမှုများ ပြားသော အမှားများပေါ်တွင် သင် အချိန်ကုန်သက်သာရန် ကူညီလိမ့်မည် ဖြစ်သည်။

မိုက်ကယ်ဒဲလ်၏ စိတ်ဝင်စားဖွယ် ကောင်းသော အတွေးအခေါ်က ထူးခြားလို့နေသည်။

"ကျွန်ုပ်တို့၏ ဖောက်သည်များသည် စိတ်ကူး ဉာဏ်ကွန့်မြူးခြင်း၊ လေ့လာဆည်းပူးခြင်း၏ ပုံသေ အရင်းအမြစ်တစ်ခု ဖြစ်သည်။ သူတို့သည် ကျွန်ုပ်တို့ အောင်မြင်မှု၏ အခြေခံများဖြစ်သော အကြံဉာဏ်များ တုံ့ပြန်မှုများနှင့် အတူ ကျွန်ုပ်တို့ကို ကူညီပံ့ပိုးခဲ့ပြီ ဖြစ်သည်"

## ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးစနစ်ကို အဆင့်မြှင့်တင်ရန် လိုအပ်

ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေး စင်တာအနေဖြင့် ဆိုက်ဘာတိုက်ခိုက်ခံရမှုကို ချက်ခြင်းဖြေရှင်းဆောင်ရွက်ပေး ရန် လိုအပ်ကြောင်းနှင့် တိုင်းပြည်၏ ဆိုက်ဘာလုံခြုံရေးစနစ် အားနည်းချက်များရှိသဖြင့် ဟက်ကာများက တိုက်ခိုက်နေခြင်းဖြစ်ကြောင်း National Broadcasting and Telecommunication (NBTC) ၏ ဒုတိယဥက္ကဋ္ဌ မစ္စတာဆက်တာပွန်က ပြောကြားခဲ့ပါ သည်။

ထိုင်းနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးစနစ် အားနည်းချက်ကို အခွင့်ကောင်းယူ၍ ဟက်ကာများသည် အစိုးရငွေစု ဘဏ် (Government Saving Bank - GSB)၏ ATM စက် ၂၁လုံးမှဘတ်ငွေ ၁၂ သန်းကို ဩဂုတ်လ ၁ ရက်မှ ၈ ရက် အတွင်း ခိုးယူခဲ့ကြပါသည်။ အီလက်ထရောနစ်စနစ်ကို အသုံးပြုသည့် ငွေကြေးဝန်ဆောင်မှုများသည် ဆိုက်ဘာ တိုက်ခိုက်ခံရပါက ချက်ခြင်းမသိရှိနိုင်သဖြင့် ဘဏ္ဍာရေးအဖွဲ့အစည်းများ အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်နှင့် ဆော့ဖ်ဝဲလ်နည်းပညာအားနည်းချက် များရှိနိုင်သည့် အစိုးရ၏ နည်းပညာဆိုင်ရာ ပြစ်မှုများနှိမ်နင်းရေး ဌာနခွဲ အပေါ် အလွန်အမင်း မှီခိုအားထားခြင်း မပြုသင့်ကြောင်း ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံတွင် ယမန်နှစ်က ဆိုက်ဘာတိုက်ခိုက်ခံရမှု အကြိမ်ပေါင်း ၃၀၀၀ ခန့်ရှိခဲ့ရာမှ ယခုနှစ် ပထမနှစ်ဝက်အတွင်း တိုက်ခိုက်ခံရမှုသည် ၂၄၀၀ ခန့်ရှိကြောင်း တွေ့ရှိရပါသည်။ ယနေ့အချိန်တွင် ဆိုက်ဘာတိုက်ခိုက်မှုများ မြင့်တက်လာသဖြင့် ကိုင်တွယ်ဖြေရှင်းပေးမည့် အထူးဆိုက်ဘာလုံခြုံရေး စင်တာများကိုဖွဲ့စည်းပေးရန် အရေးတကြီး လိုအပ်လျက်ရှိပြီး အစိုးရဌာနတစ်ခုခု၏ ကြီးကြပ်မှုအောက်တွင်ထားရှိခြင်းမပြုဘဲ သီးခြားလွတ်လပ်သော အေဂျင်စီတစ်ခုအဖြစ် ဖွဲ့စည်းပေးသင့်ကြောင်း၊ ဝန်ကြီးချုပ် သို့မဟုတ် ဒုတိယဝန်ကြီးချုပ်၏ ဦးဆောင်မှုဖြင့် အချိန်တို အတွင်း ဖွဲ့စည်းပေးသင့်ကြောင်းနှင့် တစ်နှစ်ခန့်အကြာတွင် စွမ်းဆောင်ရည် ပြည့်ဝသော အေဂျင်စီတစ်ခုဖြစ်လာမည်ဟု မစ္စတာဆက်တာပွန်က ပြောကြားခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဓာတ်ဆီ/ဒီဇယ်

## ဓာတ်ဆီ၊ ဒီဇယ် နယ်စပ်လမ်းမှသာ အဝင်ရှိ

စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၈၆၀၂၁၁၀ တန်ဖိုးရှိအင်ဂျင်ဝိုင်၊ ဘရိတ်ဆီနဲ့ အခြားစက်သုံးဆီ ၃၄၂၆ ဒသမ ၀၅၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဓာတ်ဆီနဲ့ ဒီဇယ်အဝင်မရှိခဲ့ဘူးလို့ သိရပါတယ်။ နယ်စပ်စခန်းများဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄၇၇၈ တန်ဖိုးရှိ ဓာတ်ဆီ ၇ တန်တင်သွင်းခဲ့သလို မြိတ်ကုန်သွယ်ရေး စခန်းမှ ကန်ဒေါ်လာ ၁၈၆၀၂၂၀ တန်ဖိုးရှိ ဒီဇယ် ၂၁၅၀ တန်၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၇၀၀၉၉၉ တန်ဖိုးရှိ ဒီဇယ်၁၅၆၁တန်နဲ့ ကန်ဒေါ်လာ ၅၉၈၂၄၃ တန်ဖိုးရှိ ဓာတ်ဆီ ၁၁၇၅တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ အောက်တိန်း (95) မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ်၅၆၀ ကျပ်၊အောက်တိန်း (92) ၅၇၀ ကျပ်၊ အောက်တိန်း (95) ၆၃၀ ကျပ်၊ အဆင့်မြင့် ဒီဇယ်၅၈၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ စက်တင်ဘာ ၁၉ ရက်မှာဒီဇယ်ဝယ်ဈေး ၁၀၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ ၂၂ ရက်တွင် ဝယ်ဈေး ဈေးငြိမ်နေသော်လည်း ရောင်းဈေး ၁၀၀၀ ကျပ်ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ စက်တင်ဘာ ၁၉ ရက်တွင် ဝယ်ဈေး ၁၂၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၇၀၀၀ ကျပ်နဲ့ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ရောင်းဈေး ၁၀၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး ဓာတ်ဆီဝယ်ဈေး ၁၀၀၀ကျပ် ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဓာတ်ဆီ တစ်ဂါလန် ၂၈၀၀၊ ဒီဇယ်တစ်ဂါလန် ၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဓာတ်ဆီ တစ်လီတာ၆၄၅ ကျပ်၊ ဒီဇယ် ၅၃၅ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၈၀ ကျပ်၊ အောက်တိန်း (92) ၅၈၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီ ဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ စက်တင်ဘာ ၁၉ ရက် ဒီဇယ်ဝယ်ဈေး ၁၁၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ ၂၁ ရက်တွင် ဝယ်ဈေး ၁၁၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ စက်တင်ဘာ ၁၉ ရက်တွင် ဝယ်ဈေး ၁၂၈၀၀၀ကျပ်၊ရောင်းဈေး ၁၃၂၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ ၂၁ရက်တွင် ဝယ်ဈေးငြိမ်ခဲ့သော်လည်း ရောင်းဈေး၂၀၀၀ ကျပ် ဈေးကျခဲ့တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဓာတ်ဆီဈေးကျပြီး ဒီဇယ်ဈေးနည်းနည်းမြင့်ခဲ့တယ်လို့သိရပါတယ်။ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၆၀၀ကျပ်၊ ဓာတ်ဆီ ၃၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဒီတစ်ပတ် ဓာတ်ဆီဈေးငြိမ်နေသော်လည်း ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ဓာတ်ဆီ တစ်ဂါလန် ၃၀၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၅၅ ကျပ် ၊အောက်တိန်း တစ်ဂါလန် ၂၆၅၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလန် ၃၁၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၇၀၀ ကျပ်၊ အောက်တိန်း တစ်ဂါလန် ၂၇၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ တစ်ဂါလန်ဈေးနှုန်းများမှာ ဓာတ်ဆီတစ်ဂါလန် ၂၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၀၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလန် ၂၆၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက် ကျပ် ၁၂၆၀ အထိမြင့်တက်ပြီး ပြန်လည်ကျဆင်း

ယခုတစ်ပတ်တွင်ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၂၆၀အထိ မြင့်တက်ခဲ့ပြီးမှ ပြန်လည်ကျဆင်းခဲ့ကာ စက်တင်ဘာ ၂၄ ရက်တွင် ၁၂၅၃ကျပ်အထိ ပြန်လည်ကျဆင်းခဲ့ကြောင်းဈေးကွက်အတွင်းမှ သိရှိရသည်။

ယခုတစ်ပတ်အတွင်းတွင် ဈေးအတက်အကျများခဲ့သဖြင့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ အခက်တွေ့ခဲ့ရကြောင်း၊ ယင်းကဲ့သို့ ဈေးအတက်အကျ ကြမ်းခြင်းသည် နောက်ဆုံးစားသုံးသူ ပြည်သူများသာ ထိခိုက်မှုဖြစ်စေသည့်အတွက် တာဝန်ရှိသူများအနေဖြင့် ဒေါ်လာဈေးကို ထိန်းပေးစေလိုကြောင်း ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

"ဒေါ်လာဈေး အတက်အကျ ကြမ်းတာက ဒီတစ်ပတ်မှာ တော်တော် လေး အခြေအနေဆိုးတယ်။ တစ်ရက်ထဲမှာကို ၁၀ ကျပ်ကျော်ကျော်လောက် တက်သွားတယ်။ နောက်ရက်ကျတော့ တစ်ခါ ရှစ်ကျပ်ကျော်လောက်ပြန်ကျ သွားတဲ့အတွက် ကုန်သည်တွေမှာ လုပ်ရကိုင်ရတာ တော်တော်လေးကို အခက်အခဲဖြစ်ပါတယ်။ ဒါကြောင့် တာဝန်ရှိတဲ့သူတွေအနေနဲ့ ဒါကို ထိန်းပေးစေလိုပါတယ်။ နိုင်ငံတကာမှာတက်လို့ လိုက်ပါမြင့်တက်ရတာကို လက်ခံနိုင်ပေမယ့် တမင်သက်သက်ဈေးကစားတာမျိုးကျတော့ ကုန်သည်တွေထက် စားသုံးသူပြည်သူတွေပဲ ခံစားရတာပဲ" ဟု သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းများသည် စက်တင်ဘာ ၁၉ ရက်က ရောင်းဈေး ၁၂၄၆ ကျပ်၊ ဝယ်ဈေး ၁၂၄၃ ကျပ်ရှိခဲ့ရာမှ စက်တင်ဘာ ၂၀ ရက်တွင် ရောင်းဈေး ၁၂၆၀ ကျပ်၊ ဝယ်ဈေး ၁၂၅၅ ကျပ်သို့မြင့်တက်ခဲ့သည်။ ထို့နောက် ပြန်လည်ကျဆင်းခဲ့ရာ စက်တင်ဘာ ၂၂ ရက်တွင် ရောင်းဈေး ၁၂၄၈ ကျပ်၊ ဝယ်ဈေး ၁၂၄၅ ကျပ်သို့ ကျဆင်းခဲ့ပြီး စက်တင်ဘာ၂၄ ရက်တွင် ရောင်းဈေး ၁၂၅၃ ကျပ်၊ ဝယ်ဈေး ၁၂၄၉ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

## ကမ္ဘာ့ရွှေဈေး မြင့်တက်လာမှုကြောင့် ပြည်တွင်း ရွှေဈေးများ ကျပ်ရှစ်သိန်းရှစ်သောင်းကျော်သို့ ရောက်ရှိ

ယခုတစ်ပတ်တွင် ကမ္ဘာ့ရွှေဈေးများ ဆက်လက်မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးများလည်း ဆက်လက်မြင့်တက်ခဲ့ကာကျပ်ရှစ်သိန်းရှစ်သောင်းကျော်သို့ရောက်ရှိခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက အတက်အကျ အနည်းငယ်သာရှိခဲ့သော်လည်း ယခုတစ်ပတ်တွင်မူဈေးမြင့်တက်လာခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုနှင့်အတူ ငွေလဲနှုန်းများလည်း မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးနှုန်းများ မြင့်တက်လာရခြင်းဖြစ်သည်ဟု ရွှေဈေးကွက်အတွင်းမှ သိရသည်။

"ဒီတစ်ပတ်မှာ ကမ္ဘာ့ရွှေဈေးက မှန်းထားတဲ့အတိုင်းတက်လာတယ်။ ငွေလဲနှုန်းကလည်း တက်လာတယ်။ ငွေလဲနှုန်းကလည်း ကျပ် ၁၂၆၀ အထိ တက်လာတယ်။ ငွေလဲနှုန်း ပြန်ကျသွားပေမယ့် ကမ္ဘာ့ရွှေဈေးကတက်လာတော့ ပြည်တွင်းရွှေဈေးက ကျပ်ရှစ်သိန်းရှစ်သောင်းကျော်အထိ မြင့်တက်လာခဲ့တယ်။ ကမ္ဘာမှာလည်း ရွှေဝယ်လိုအားတွေမြင့်တက်နေတယ်။ ဒါကြောင့် ဈေးတွေမြင့်တက်နေရတာပါ"ဟု ရွှေကုန်သည် ဦးစံမြင့်ကဆိုသည်။

ပြည်တွင်းရွှေဈေးသည် စက်တင်ဘာ ၁၉ ရက်က ကျပ် ၈၆၈၅၀၀ ရှိခဲ့ပြီး စက်တင်ဘာ ၂၁ ရက်တွင် ကျပ် ၈၇၅၀၀၀ သို့ မြင့်တက်ခဲ့သည်။ စက်တင်ဘာ ၂၃ ရက်တွင် ကျပ် ၈၇၉၀၀၀ သို့ဆက်လက်မြင့်တက်ခဲ့ပြီး စက်တင်ဘာ ၂၄ ရက်တွင် ကျပ် ၈၈၂၅၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် စက်တင်ဘာ ၁၉ ရက်က ၁၃၁၄ ဒေါ်လာရှိခဲ့ရာ စက်တင်ဘာ ၂၄ ရက်တွင် ၁၃၃၈ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## FMI ၏ ရှယ်ယာဈေးနှုန်းများ ကျဆင်း

ယခုတစ်ပတ်တွင် FMI ၏ ရှယ်ယာဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း YSX ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။ FMI ၏ ရှယ်ယာဈေးနှုန်းများသည် စက်တင်ဘာ ၁၉ ရက်က ကျပ် ၁၈၀၀၀ရှိခဲ့ကာ အစုရှယ်ယာပမာဏ ၇၀၅၂ ခုရောင်းချခဲ့ရသည်။ FMI ရှယ်ယာများ၏ ဈေးနှုန်းများသည် နေ့စဉ်ကျဆင်းလျက်ရှိပြီး ရောင်းချရမှုပမာဏများသည်လည်း နေ့စဉ်များပြားလျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၂၂ ရက်တွင် FMI ၏ ရှယ်ယာဈေးနှုန်းသည် ကျပ် ၁၆၀၀၀ သို့ကျဆင်းခဲ့သော်လည်း ဈေးကျဆင်းသည့်နေ့တွင် ရောင်းချရသည့် ပမာဏသည် ယခင်နေ့က ရောင်းချရသည့်ပမာဏထက်ပိုမိုရောင်းချခဲ့ရာက ၇၉၁၅ ခု ရောင်းချခဲ့ရကြောင်း သိရသည်။

ကျန်ကုမ္ပဏီဖြစ်သည့် MTSH နှင့် MCB တို့၏ ရှယ်ယာများမှာမူ အတက်အကျ အနည်းငယ်ဖြင့်သာ အရောင်းအဝယ်ပမာဏ ပုံမှန်အတိုင်းသာရှိခဲ့ကြောင်း သိရသည်။**မယ်သီတာ**

## Currency Exchange Rate

September 23, 2016
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.31 |
| BDT | Bangladesh Taka | 78.30 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.67 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 66.64 |
| I DR | Indonesia Rupiahs | 13067.67 |
| JPY | Japan Yen | 100.79 |
| MYR | Malaysia | 4.12 |
| PKR | Pakistan Rupees | 104.75 |
| PHP | Philippines Pesos | 47.95 |
| RUB | Russia Rubles | 63.80 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1102.88 |
| LKR | Sri Lanka Rupe | 146.20 |
| THB | Thailand Baht | 34.68 |
| GBP | United Kingdom Pounds | 0.77 |
| VND | VietnamDon | 22311.47 |

*Source : xe.com*

## World Gold Price

September, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 19 | 1314 | 1316 | 1316 |
| 20 | 1314 | 1316 | 1317 |
| 21 | 1316 | 1318 | 1318 |
| 22 | 1330 | 1332 | 1331 |
| 23 | 1332 | 1334 | 1333 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 19 -9- 2016 | 867.00 | 866.90 |
| 20 -9- 2016 | 874.50 | 874.40 |
| 21 -9-2016 | 868.00 | 868.00 |
| 22 -9- 2016 | 875.50 | 875.20 |
| 23 -9- 2016 | 880.00 | 881.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 19 | 6 .68 | 34.88 | 78.40 | 66.89 |
| 20 | 6. 67 | 34.83 | 78.29 | 66.98 |
| 21 | 6 67 | 34.81 | 78.40 | 67.07 |
| 22 | 6 .67 | 34.67 | 78.59 | 66.84 |
| 23 | 6.67 | 34.68 | 78.30 | 66.64 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 19 - September | 19.12 | 2234.18 | 1582.78 | 4781.73 | 1028.00 |
| 20 - September | 19.18 | 2273.15 | 1595.33 | 4784.64 | 1025.00 |
| 21 - September | 19.33 | 2306.53 | 1579.87 | 4805.47 | 1040.00 |
| 22 -September | 19.70 | 2319.74 | 1614.14 | 4843.33 | 1048.00 |
| 23 -September | 19.81 | 2326.91 | 1657.15 | 4897.54 | 1056.00 |

Source:kitco.com

## Energy NYMEX 23-9-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 45.97 | -0.35 | -0.76 |
| Brent Crude Futr (USD/bbl) | 42.40 | -0.25 | -0.52 |
| Gasoline Rbob Fut (Cent/gal) | 138.62 | -1.56 | -1.11 |
| Natural Gas Futr (USD/MMBtu) | 3.00 | 0.01 | 0.37 |
| Heating Oil Futr (Cent/gal) | 144.64 | -0.78 | -0.54 |

## ဘိလပ်မြေ

### ယခင်တစ်ပတ်ထက် ဘိလပ်မြေ အဝင်လျော့ခဲ့



စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၄၁၂၂၅ တန်ဖိုးရှိ ဘိလပ်မြေ ၆၂၂၀ ဒသမ ၇၇၄တန် ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံထုတ် ဘိလပ်မြေများသာ တင်သွင်းခဲ့ပြီး ဆင်တံဆိပ် ဘိလပ်မြေ ၆၀၉၅ ဒသမ ၅၀ တန်၊ **SCG** ၇၅ တန်နဲ့ **TPI** ၅၀ ဒသမ ၂၇၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေတင်သွင်းမှုမှာတန်ချိန် ၃၅၀၀၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၂၉၀၀၀ ကျော် အဝင်လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### ရန်ကုန်နဲ့ မော်လမြိုင်မှာ ဘိလပ်မြေဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

စက်တင်ဘာ ၁၁ ရက်မှ ၁၇ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန်၆၂၂၀ ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ယခင် တစ်ပတ် ဘိလပ်မြေအဝင်မှာတန်ချိန် ၃၅၄၀၀ ကျော်ရှိခဲ့တာကြောင့်ဒီတစ်ပတ်မှာ တန်ချိန် ၂၉၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန်၁၁၉၀၇ ကျော်ရှိခဲ့ပြီးယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၁၇၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၆၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့်ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ရာသီဥတုသာယာတာကြောင့် တည်ဆောက်ရေးလုပ်ငန်းများ၊ ပြုပြင်ရေးလုပ်ငန်းများ လုပ်ကိုင်မှုများလာပြီး အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကြံ့တံဆိပ် ဘိလပ်မြေက ကျပ် ၅၅၀ ဈေးကျလာပြီး ဆင်နဲ့စိန်က ယခင်တစ်ပတ်ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် ၅၂၂၅ ကျပ်၊ စိန် ၅၂၂၅ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေ**ဈေးကွက်မှာ မိုးများနေတာကြောင့် အရောင်းအဝယ် အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ၆၉၀၀ကျပ်၊အေသုံးလုံး ၅၂၀၀ ကျပ်၊ အပါချီ ၄၄၀၀ ကျပ်၊ ကမ္ဘောဇ ၄၁၀၀ ကျပ်၊ နဂါး ၄၇၀၀၊ ဆင်(ထိုင်း) ၆၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေကအရောင်းအဝယ်ပုံမှန်ရှိတယ်။ ဒီတစ်ပတ်မှာ ဘိလပ်မြေဈေးကအများကြီးမဟုတ်ဘဲ ၅၀ ကျပ်ဝန်းကျင်သာဈေးကျ ခဲ့တယ်လို့ သိရပါတယ်။ ဒါကလည်း ဆင်တံဆိပ်ဘိလပ်မြေသာဈေးကျလာပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် ၅၄၀၀ ကျပ်၊ စိန် ၅၂၀၀ ကျပ်၊ ကြံ့နှစ်ကောင် (နီ) ၄၈၀၀ကျပ်၊ ကြံ့နှစ်ကောင် (စိမ်း)၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

## စာတ်မြေသြဇာ

### ယခင်တစ်ပတ်ထက် မြေသြဇာ အဝင်လျော့ခဲ့

စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၀၅၇၈၅၂ တန်ဖိုးရှိမြေသြဇာ ၉၁၂၂ ဒသမ ၃၅ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၆၉၈၈ ဒသမ ၃၀ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၁၀၀၀၊ ဂျပန်နိုင်ငံမှ ၉၉ တန်၊ ရုရှားနိုင်ငံမှ ၅၃၁ ဒသမ ၀၅ တန်၊ စင်ကာပူနိုင်ငံမှ ၂၅၂ တန်နဲ့ ထိုင်းနိုင်ငံမှ ၂၅၂ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ယူရီးယား၊ ကွန်ပေါင်း၊ နိုက်တြိုဂျင်၊ ဂျပန်နိုင်ငံမှ ပိုတက်ဆီယမ်နိုက်တြိတ်၊ ၁၀၀% သြဂဲနစ်၊ စင်ကာပူမှ နိုက်တြိုဂျင်၊ ထိုင်းနိုင်ငံမှ ယူရီးယားတို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေသြဇာအဝင်မှာ တန်ချိန်တစ်သောင်းကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၅၁၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ ၉၁၂၂ တန်ကျော် အဝင်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်မှာ ၁၄၂၃၀ တန်ကျော် ဝင်ခဲ့တာကြောင် ယခုတစ်ပတ်မှာ တန်ချိန် ၅၁၀၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ တန်ချိန် ၂၃၅၅၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၆၄၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၈၅၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဆောင်းသီးနှံအတွက် နယ်ဘက်မှ အဆွဲရှိလာတာကြောင့် အဝယ်လိုက်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုလဲ-အသေး ၄၆%၊ ကွန်ပေါင်း ၁၅ ပတ်လည်နဲ့ ကွန်ပေါင်း၁၆း၁၆း၈ ၃၀၀ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် (ပန်းရောင်)က ၂၀၀ ကျပ်ဈေးကျလာပြီး တီစူပါ ၄၆%က ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း)၁၅း၁၅း၁၅ (Grow How-ထိုင်း)၃၄၅၀၀ ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) ၁၅း၁၅း၁၅ (ထိုင်း) ၂၉၀၀၀ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈(မြင်းပျံ-ထိုင်း)၂၀၅၀၀ ကျပ်၊တီစူပါ ၄၆%(သံကွင်း-တရုတ်)၂၁၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** မိုးများနေတာကြောင့် အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြားကမ္ဘာ-တရုတ်၁၂း၁၃(အပြာ)၊ ဆင် ၁၀း၁၀း၅ က ၅၀၀ ကျပ်၊ သီးစုံ (ဝါစိမ်းပြာ) ၃၀၀ကျပ်၊ ယူရီးယား (ပန်းဖူး) ၃၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ က ၂၀၀ကျပ်၊ တောင်သူမက ၇၀၀ကျပ် ဈေးမြင့်လာပြီး အာမို၁၅ပတ်လည်နဲ့ ၁၆း၁၆း၈ က ၁၅၀၀ကျပ်၊ တီစူပါက ၅၀၀ကျပ် ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်တဲ့ဈေးမှာ မြားကမ္ဘာ-တရုတ်၁၂း၁၃(အပြာ) ၁၆၀၀၀ ကျပ်၊ ဆင်၁၀း၁၀း၅ ၁၅၅၀၀ကျပ်၊ သီးစုံ (ဝါစိမ်းပြာ)၁၅၃၀၀ ကျပ်၊ အာမို ၁၅ ပတ်လည် ၃၅၅၀၀ကျပ်၊ အာမို၁၆း၁၆း၈ ၃၃၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)၁၉၀၀၀ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၈၅၀၀ကျပ်၊ အာမို ၁၀း၁၀း၅ ၁၇၀၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၈၂၀၀ ကျပ်၊ တီစူပါ ၁၉၀၀၀ ကျပ်၊ တောင်သူမ ၁၅၃၀၀ ကျပ်၊ မြားကမ္ဘာ(၁၅း၇း၈) ၁၈၅၀၀ ကျပ်၊ ဇာမဏီ ၁၇၆၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မိုးများနေပြီး အရောင်းအေးတယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ မြေသြဇာဈေးမပြောင်းဘဲ ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး၊ ရွှေတောင်-တရုတ်) ၁၈၇၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၉၀၀၀ ကျပ်၊ တီစူပါ ၂၀% (တရုတ်) ၁၂၀၀၀ ကျပ်၊ ပိုးသတ်ဆေး ၁၉၀၀ကျပ်၊တီစူပါ ၁၅ ပတ်လည်(တရုတ်) ၃၆၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)၁၅၈၀၀ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၄၀၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၃၅၀၀ ကျပ်၊ ယူရီးယား (ယူအေအီး)၁၉၀၀၀ ကျပ်၊ မြားကမ္ဘာ၁၅၄၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** နယ်ဘက်ကလည်း အဝယ်ဆင်းတာကြောင့် မြေသြဇာအရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယားက ၁၀၀ ကျပ်၊ တီစူပါ ၁၀၀ ကျပ်၊ ပိုတက် ၁၂၀၀ ကျပ် ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(နေရွက်လှေ-တရုတ်)၁၈၄၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၀၀၀ ကျပ်၊ယူရီးယား(ရွှေတောင်-တရုတ်)၁၈၄၀၀ကျပ်၊ တီစူပါ(သံကွင်း-တရုတ်) ၁၉၂၀၀ကျပ်၊ ပိုတက်(အိန္ဒိယ) ၂၀၈၀၀ကျပ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅-တရုတ်) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း (၂၅း၇း၇)၃၁၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့မှုန့်

### နို့ဆီတန်ချိန် ၃၀၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၃၀၀ နီးပါးဝင်

စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၅၉၆၈၄ တန်ဖိုးရှိ နို့ဆီ ၃၂၃ ဒသမ ၇၄၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီတစ်မျိုးတည်းသာ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်နို့ဆီတင်သွင်းမှုမှာ တန်ချိန် ၄၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၉၀ နီးပါး အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ကန်ဒေါ်လာ ၁၄၁၄၄၂၀ တန်ဖိုးရှိ နို့ဆီ ၂၉၅ဒသမ ၆၅၈ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် မလေးရှားမှ ၂၀၁ ဒသမ ၇၇၅ တန်နဲ့ နယူးဇီလန်မှ ၉၃ ဒသမ ၈၈၃တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ကနို့မှုန့်တင်သွင်းမှုမှာ တန်ချိန် ၆၀ နီးပါးရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၄၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၉ မှ ၁၆/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၉ မှ ၉/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၅၉.၁၅ | ၁၅၄၄.၀၀ | (+) | ၁၁၅.၁၅ |
| ၂။ | လွယ်ဂျယ် | ၇၂၀.၀၀ | ၆၃၀.၀၀ | (+) | ၉၀.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၅.၀၀ | ၁၀.၀၀ | (+) | ၅.၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၈၁၃.၀၀ | ၁၈၈၀.၀၀ | (+) | ၉၃၃.၀၀ |
| ၅။ | တာချီလိတ် | ၁၀၀၀.၀၀ | - | (+) | ၁၀၀၀.၀၀ |
| ၆။ | မြဝတီ | ၁၂၈၀.၆၀ | ၁၁၅၂.၅၄ | (+) | ၁၂၈.၀၆ |
| ၇။ | ကော့သောင်း | ၁၃၄၅.၀၀ | ၆၃၇၅.၀၀ | (-) | ၅၀၃၀.၀၀ |
| ၈။ | မြိတ် | ၃၀၇၅.၀၀ | ၁၅၀.၀၀ | (+) | ၂၉၂၅.၀၀ |
| | စုစုပေါင်း | ၁၁၉၀၇.၇၅ | ၁၁၇၄၁.၅၄ | (+) | ၁၆၆.၂၁ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၉ မှ ၁၆/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၉ မှ ၉/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၅၂၁၁.၅၀၀ | ၁၅၃၀၈.၁၅၀ | (-) | ၉၆.၆၅၀ |
| ၂။ | လွယ်ဂျယ် | ၃၉၆.၀၀၀ | ၆၂၀.၅၀၀ | (-) | ၂၂၄.၅၀၀ |
| ၃။ | ချင်းရွှေဟော် | ၄၅၅၃.၀၀၀ | ၅၈၈၆.၅၀၀ | (-) | ၁၃၃၃.၅၀၀ |
| ၄။ | ကန်ပိုက်တီး | - | ၂၀၀.၀၀၀ | (-) | ၂၀၀.၀၀၀ |
| ၅။ | မြဝတီ | ၂၈၀၇.၀၀၂ | ၃၁၈၇.၁၅၀ | (-) | ၃၈၀.၁၄၈ |
| ၆။ | ကော့သောင်း | ၁၄၀.၀၀၀ | ၁၆၀.၀၀၀ | (-) | ၂၀.၀၀၀ |
| ၇။ | မြိတ် | ၅၀.၀၀၀ | ၂၅၀.၀၀၀ | (-) | ၂၀၀.၀၀၀ |
| ၈။ | ရိဒ် | ၄၀၀.၀၀၀ | ၈၀၀.၀၀၀ | (-) | ၄၀၀.၀၀၀ |
| | စုစုပေါင်း | ၂၃၅၅၇.၅၀၂ | ၂၆၄၁၂.၃၀၀ | (-) | ၂၈၅၄.၇၉၈ |

ခင်မိုးသူ

## နှမ်း/မြေပဲ

### နှမ်းအဝင်နည်းလာ၍ ပြည်နှမ်းဈေးကွက်တွင် ဈေးမြင့်တက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းကို မြန်အောင်ဘက်မှ တစ်နေ့လျှင် အိတ် ၅၀၀ ခန့် ဝင်ရောက်လာသဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် နှမ်းအဝင်နည်းသွားတာ တွေ့ရပါတယ်။ ကျန်ဒေသများက အဝင်ပါးသွားပြီး၊ အဝယ်ပြန်လိုက်လာသဖြင့် နှမ်းနီနဲ့စမုံနက်နှမ်းဈေး အနည်းငယ်ပြန်မြင့်လာတာတွေ့ရပါတယ်။ နှမ်းနီကို ဆီစက်သမားများက အဝယ်ရှိသလို စမုံနက်နှမ်းကို မန္တလေးဝယ်လက်များက အဝယ်ရှိသဖြင့် ဈေးအနည်းငယ် တက်လာတာတွေ့ရပါတယ်။

နှမ်းနက် (ရိုးရိုး) ကို ဝယ်လက်အကြိုက်မတွေ့သဖြင့် ဈေးအနည်းငယ်ပြန်ကျလာတာ တွေ့ရပါတယ်။ နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ၂၆၆၀၀ ကျပ်နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ၄၅၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ဈေးမြင့်ပြီး ရိုးရိုးနှမ်းနက် တစ်တင်းလျှင် ၃၁၆၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျလာတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

### ပြည်မြေပဲဆန်ဈေးကွက် အဝင်များလာ၍ ဈေးကျ

မြေပဲဆန်ကို ပြည်မြို့အနီးတစ်ဝိုက်ရှိ ကျေးရွာများနဲ့ နယ်စုံမှ တစ်နေ့လျှင် အိတ် ၄၀၀၀ ခန့် ဝင်ရောက်လာသဖြင့် အဝင်လှိုင်လာ၍ လုံးဆန်ဈေးကျပြီး၊ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်လျှင် ဆီဆန်ဈေး တစ်ပိဿာလျှင် ကျပ် ၅၀ ဈေးမြင့်လာတာ တွေ့ရပါတယ်။ ဆီဆန်ကို မကွေးဆီစက်နဲ့ ပြည်ဆီစက်များက အဝယ်ရှိသဖြင့် ဈေး အနည်းငယ်မြင့်ပေမယ့် လုံးဆန်ကိုမန္တလေးဘက်မှ အနည်းငယ်သာ အဝယ်ရှိသဖြင့် ဈေးကျလာတာတွေ့ရပါတယ်။ ယခင်နှစ်ကာလတူက မြေပဲဆန်အိတ် ၁၀၀၀ ခန့်ဝင်ရောက်လာခဲ့ပြီး ယခုနှစ်တွင် အဝင်များလာတာတွေ့ရပါတယ်။ ဈေးနှုန်းကလည်း ယခင်နှစ်ထက်စာလျှင် ဆီဆန်ရော၊ လုံးဆန်ပါကျပ် ၂၀၀၀ အောက်မှာ ရှိနေပါတယ်။ ယခင်နှစ်က မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ၂၄၀၀ ကျပ် လုံးဆန်တစ်ပိဿာလျှင် ၂၉၀၀ ကျပ်ဈေးဖြစ်ခဲ့ပေမယ့် ယခုနှစ်နဲ့ ယခင်နှစ် နှိုင်းယှဉ်ပါက မြေပဲဆန် အဝင်များလာပြီး ဈေးကျလာတာတွေ့ရပါတယ်။ ယခုတစ်ပတ်တွင် မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ၁၅၅၀ ကျပ်နဲ့ လုံးဆန်တစ်ပိဿာလျှင် ၂၉၅၀ ကျပ်ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

### မြဝတီမှလည်း နှမ်းနက် ပြန်လည်တင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၃၄၅၆ တန်ဖိုးရှိ နှမ်းနက် ၃၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ဇူလိုင်လကုန်ပိုင်းက နှမ်းနက် ၃၁ တန်ကျော် တင်ပို့ခဲ့ပြီး ယခုတစ်ပတ်အတွင်းတွင်မှ ပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်ပါတယ်။ တာချီလိတ် ကုန်သွယ်ရေးစခန်းကတော့ ယခင်တစ်ပတ်က နှမ်းဖြူတန် ၁၀၀ တင်ပို့ခဲ့ပြီး ယခု ရက်သတ္တပတ်မှာတော့ နှမ်းတင်ပို့မှု မရှိခဲ့ပါဘူး။ ပုံမှန် တင်ပို့နေကျ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းကတော့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၉၅ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၂၈၂၄ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံများမှာ နှမ်းဖြူ ၆၇၁ တန်ကျော်၊ နှမ်းနက် ၂၀၉၄ တန်ကျော်နဲ့ နှမ်းညို ၅၈ တန်ခန့်ဖြစ်ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာစက်တင်ဘာ ၁၀ရက်မှ ၁၆ ရက်အတွင်း နှမ်း ဖြူ တစ်တန်(မိမိဘက်ပေါက်ဈေး)၁၂၆၂၃၈၅ ကျပ်နဲ့ နှမ်းနက်(စမုံ) ဈေး ၂၃၆၃၃၀၃ ကျပ် ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

### ပို့ကုန်အလားအလာ ကျဆင်းမှုကြောင့် မလေးရှားစားအုန်းဆီဈေးနှုန်း ပြန်လည်ကျဆင်း

စားအုန်းဆီဈေးနှုန်းများက သုံးရက်ဆက်တိုက် မြင့်တက်ခဲ့ရာမှ ပို့ကုန်အလားအလာ ကျဆင်းမှုနှင့် ဈေးရနေချိန်ကို အခွင့်ကောင်းယူကာ ပြန်လည်ရောင်းချလာသဖြင့် မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးက စက်တင်ဘာ ၂၁ ရက်မှာ ပထမအကြိမ်အဖြစ် ပြန်လည်ကျဆင်းခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင်(Bursa Malaysia Derivatives Exchange)၌ ဒီဇင်ဘာအတွက် စားအုန်းဆီ အခြေခံစံထားဈေးနှုန်းက စက်တင် ဘာ ၂၁ရက် ဈေးပိတ်ချိန်တွင် တစ်တန်ကို ၂၆၇၅ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၄၇) နှုန်းရှိခဲ့ရာ သုည ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

စောစောပိုင်းကမူ ရောင်းလိုအား တင်းကျပ်မှုနှင့် အခြားသောပြိုင်ဘက်သီးနှံများ ဈေးနှုန်းမြင့်တက်မှုတို့ကြောင့် စားအုန်းဆီဈေးနှုန်းပါ မြင့်တက်ခဲ့ရာ တစ်တန်ကို ၂၇၂၈ ရင်းဂစ်နှုန်း ရရှိခဲ့သည်။ အဆိုပါဈေးနှုန်းမှာ ဧပြီ ၂၁ ရက်နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့သည်။

စက်တင်ဘာ ၂၁ ရက်က စုစုပေါင်းရောင်းချမှုမှာ ၂၅ တန်ရှိအတွဲ ၄၇၀၁၃ တွဲရှိခဲ့ရာ ၂၀၁၅ခုနှစ်ကရောင်းချခဲ့ရသော တစ်ရက်ပျမ်းမျှ ရောင်းချရသည့် အတွဲဖြစ်သော ၄၄၆၀၀ တွဲထက် ပိုမိုများပြားခဲ့သည်။

"ပို့ကုန်ကျဆင်းမှုကြောင့် ဈေးနှုန်းကျဆင်းမှုကို ဦးတည် သွားစေပါတယ်"ဟု ကွာလာလမ်ပူ အခြေစိုက် ကြိုရောင်းကြိုဝယ် အရောင်းတာဝန်ခံတစ်ဦး ပြောသည်။ ပို့ကုန်များက ဆက်လက်ကျဆင်းနေဦးမည့်သဘောလည်းရှိကြောင်း သူကပြောသည်။

စားအုန်းဆီတင်ပို့မှုမှာ ဩဂုတ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၁၁ရာခိုင်နှုန်းမှ ၁၂ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း



ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့က ထုတ်ပြန်သည့်စာရင်းများအရ တွေ့ရသည်။ သို့သော် ပို့ကုန်ကျဆင်းမှုမှာ မျှော်လင့်ထားသလောက် ဆိုးရွားမှုမရှိကြောင်း သိရသည်။

ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ပဲပုပ်ဆီဈေးကျဆင်းမှုကလည်း ကုန်သည်များ ဈေးရနေချိန်တွင် စားအုန်းဆီ များထုတ်ရောင်းလာအောင် အထောက်အကူဖြစ်စေသော အကြောင်းတရားတစ်ခုဖြစ်ကြောင်း အခြားကုန်သည်တစ်ဦးက ပြောသည်။

အခြားစားသုံးဆီ တစ်မျိုးဖြစ်သောပဲပုပ်ဆီဈေးက ချီကာဂိုကုန်သွယ်ရေး ဘုတ်အဖွဲ့တွင် သုည ဒသမ၉ ရာခိုင်နှုန်းကျဆင်းပြီး ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီအတွက် ပဲပုပ်ဆီဈေးသည် သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၂၃-၉-၂၀၁၆)

*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၄၉၀၀ | ၄၉၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၇၀၀ | ၁၈၁၀ | △ |
| မန္တလေး | ၃၅၀၀ | ၃၅၀၀ | □ | ၂၈၀၀ | ၂၈၀၀ | □ | ၁၇၉၀ | ၁၉၂၀ | △ |
| ပဲခူး | ၄၂၀၀ | ၄၁၀၀ | ▽ | ၄၉၀၀ | ၄၈၀၀ | ▽ | ၁၈၂၀ | ၁၈၀၀ | ▽ |
| မကွေး | ၄၃၀၀ | ၄၃၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မုံရွာ | ၃၆၀၀ | ၃၅၀၀ | ▽ | ၂၉၀၀ | ၂၉၀၀ | □ | ၁၈၃၀ | ၁၉၃၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၃-၉-၂၀၁၆ US$/Ton

| အမျိုးအစား | စက်တင်ဘာဒုတိယပတ် | စက်တင်ဘာတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၇၂၅.၅၀ | ၇၂၅.၅၀ | □ |
| **RBD P.Olein** | ၇၃၆.၀၀ | ၇၁၄.၅၀ | □ |
| **RBD P.Strarin** | ၆၉၁.၅၀ | ၆၈၈.၀၀ | □ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၃- ၉ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၉၀.၃၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၉၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၉၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၀၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၇.၀၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၄၅.၁၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၀၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၄၅.၃၃၀ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၃-၉-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၉၀ ဒေါ်လာနှင့် USD ဈေး ၁၂၃၂ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၃-၉-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၂၃၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အမေရိကန်နှင့် ဗီယက်နမ်နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဖိုရမ်ကျင်းပ

အမေရိကန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေရန် ရည်ရွယ်လျက် ဗီယက်နမ်နိုင်ငံမှ တာဝန်ရှိသူများနှင့် အမေရိကန်စီးပွားရေးလုပ်ငန်းများရှင်များ တွေ့ဆုံသည့် ဖိုရမ်ကို စက်တင်ဘာ ၆ ရက်နေ့က ဝါရှင်တန်ဒီစီ၌ ပြုလုပ်ခဲ့ပါသည်။

အဆိုပါဖိုရမ်သို့ ဗီယက်နမ်နိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ဝန် ကြီး Nguyen Chi Dung တက်ရောက်၍ ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။ ယင်းသို့ ပြောကြားရာတွင် ဗီယက်နမ်နိုင်ငံ၌ အစိုးရသစ်တက်ပြီး လေးလခန့်ကာလအတွင်း အမေရိကန်နိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်ကြောင်း၊ အမေရိကန်-ဗီယက်နမ် ဆက်ဆံရေး ပုံမှန်ပြန်လည်ရောက်ရှိသည့် အချိန်မှစ၍ ယခုအချိန်အထိ ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်လာခဲ့ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုတွင် အကောက်ခွန် ၉၃ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် TPP ကို အလေးထားပါကြောင်းနှင့် Digital Economy မှ အကျိုးကျေးဇူးများ ဖြစ်ထွန်းအောင်ဆောင်ရွက်ခဲ့ကြောင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ မိမိတို့အနေဖြင့် စီးပွားရေးတည်ဆောက်မှု ပုံသဏ္ဌာန်ပြန်လည်ပြုပြင်ရန်ရှိကြောင်း၊ ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဝင်ငွေအလယ်အလတ်အဆင့်ရှိသည့် လုပ်ငန်းများအပေါ် စိန်ခေါ်မှုများနှင့် ရာသီဥတုပြောင်းလဲမှုတို့အား အလေးထားဖြေရှင်းရန် ရှိကြောင်း၊ ဗီယက်နမ် နိုင်ငံသည် ယှဉ်ပြိုင်နိုင်စွမ်းရှိသော လုပ်သားအင်အား စည်းမျဉ်းပြဋ္ဌာန်းချက်များ ပွင့်လင်းမြင်သာရှိမှု၊ နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုစသည့် အချက်များကြောင့် အမေရိကန်စီးပွားရေးလုပ်ငန်းများအတွက် ဆွဲဆောင်မှုရှိသော လုံခြုံမှုပေးနိုင်သော ရင်းနှီးမြှုပ်နှံမှုနေရာဖြစ်ကြောင်း၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ထောက်ပံ့ပေးနိုင်ရန် ဥပဒေ ရေးဆွဲလျက်ရှိကြောင်း၊ TPP နှင့်စပ်လျဉ်း၍ ဗီယက်နမ်နိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲ မှုနှင့်လိုက်လျောညီထွေရှိစေမည့် စီးပွားရေးတိုးချဲ့ဆောင်ရွက်မှုပြုမည်ဆိုသည့် မူဝါဒရှိကြောင်း ပြောကြားခဲ့ပါသည်။

**ဥမ္မာအေး၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး မြှင့်တင်ရေးအတွက် ဘတ်ဂျက် ထပ်ဆောင်းငွေ ဝမ် ၁၁ ထရီလီယံ အသုံးပြုမည်

ပို့ကုန်ကျဆင်းမှုနှင့်အတူ အဓိက စီးပွားရေးလုပ်ငန်းကဏ္ဍများတွင် ရှိသည့် ကုမ္ပဏီများကို ပြန်လည်ဖွဲ့စည်းတည်ဆောက်ရာတွင် ဖြစ်ပေါ်လာမည့် ဂယက်ရိုက်ခတ်မှုနှင့် ရင်ဆိုင်နေရသည့် တောင် ကိုရီးယား စီးပွားရေး လုပ်ငန်းများ ပြန်လည်မြင့်တက်လာအောင် ဆောင်ရွက်ရေးအတွက် နောက်ထပ် ဘတ်ဂျက် သုံးငွေ ဝမ် ၁၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၄ ဘီလီယံ) သုံးစွဲရန် အစိုးရက သတ်မှတ်ထားကြောင်း သိရှိရသည်။

ယခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ ၏ စီးပွားရေးကို ၂ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်အောင် ဆောင်ရွက်ရန် ခန့်မှန်းထားပြီး၊ ရည်မှန်းချက် အောင်မြင် အောင် ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေး လှုံ့ဆော် အားပေးမှု အစီအစဉ်အဖြစ် ဝမ် ၂၈ ထရီလီယံ သုံးစွဲရန် လျာထားသတ်မှတ်ထားရာ ယခုတစ်ကြိမ် ဘတ်ဂျက် တိုးမြှင့်သုံးစွဲမှုက အဆိုပါ အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းကို ၃ ဒသမ ၁ ရာခိုင်နှုန်းရရှိ ရန် ဆောင်ရွက်နိုင်ရေးအတွက် ယခင်လက ခန့်မှန်းထားရာမှ ယခုတစ်ကြိမ်မှာ လျှော့ချ ခန့်မှန်းထားခြင်းဖြစ်သည်။

ဘတ်ဂျက်လျာထားချက်ကို ဩဂုတ်တွင် အတည်ပြုသွားမည်ဟု အစိုးရက ခန့်မှန်းထားသည်။ ထို့ကြောင့် ဘတ်ဂျက်ငွေကို စက်တင်ဘာတွင် စတင်အသုံးပြုနိုင်မည်ဟုလည်း ခန့်မှန်းထားသည်။

သင်္ဘောတည်ဆောက်ရေးနှင့် အခြားအရှုံးပေါ်နေသည့် ကဏ္ဍများကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရာမှ အစိုးရ၏ ဘတ်ဂျက်ငွေသုံးစွဲမှု ကို ယခုကဲ့သို့ ပြင်ဆင်ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း သိရှိရ သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ကျွမ်းကျင်ဝန်ထမ်းရှားပါးမှု ဖြေရှင်းရေးအတွက် တက္ကသိုလ်ကျောင်းသားများအား အလုပ်သင်သင်တန်းစတင်ရန် ဟောင်ကောင် ဘဏ်လုပ်ငန်းရှင်များအသင်းက စီစဉ်

ဒေသတွင်း ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များအဖွဲ့မှ တည်ထောင်ခဲ့သော ပုဂ္ဂလိက ဥစ္စာဓနစီမံခန့်ခွဲရေးအသင်းသည် ဒေသတွင်း ကျွမ်းကျင်ဝန်ထမ်းရှားပါးမှု ပြဿနာဖြေရှင်းနိုင်ရန် ရည်ရွယ်၍ တက္ကသိုလ်ကျောင်းသားများအတွက် အလုပ်သင် အစီအစဉ်အား စတင်ရန် စီစဉ်ခဲ့သည်။ ဟောင်ကောင်တွင် အမေရိကန်ဒေါ်လာ တစ်သန်းမှ သန်းသုံးဆယ်အထိ အခြေ ပစ္စည်းပိုင်ဆိုင်မှုရှိသော လူဦးရေပေါင်း နှစ်သိန်းခန့်ရှိပြီး၊ ၂၀၂၀ ခုနှစ်တွင် နှစ်သိန်းသုံးသောင်းခန့်အထိ များပြားလာနိုင်ကြောင်း အသင်းဥက္ကဋ္ဌ Amy Lo Choi-wan က ပြောကြားခဲ့သည်။

ဤသို့ ဥစ္စာဓနကြွယ်ဝသူ များပြားသော်လည်း ၎င်းတို့၏ဥစ္စာဓနအား စီမံခန့်ခွဲရန် ကျွမ်းကျင်ပညာရှင် ရှားပါးမှုနှင့် ရင်ဆိုင်နေရကြောင်း၊ အလယ်တန်းနှင့် နောက်တန်းရုံးများ အပါအဝင် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးရေ တစ်သောင်းခန့်သာရှိကြောင်း၊ ပုဂ္ဂလိကဘဏ်တွင် ဝန်ထမ်းများ၏ နှစ်စဉ်လည်ပတ်မှုနှုန်းမှာ ၁၂ မှ ၁၅ ရာခိုင် နှုန်းခန့်ရှိပြီး ဘဏ်လုပ်ငန်းများတွင် အနည်းဆုံး ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဖွဲ့အနေဖြင့် အစိုးရထံသို့ ပုဂ္ဂလိကဘဏ်များ၏ မျိုးဆက်သစ်များအား လေ့ကျင့်သင်တန်း ပေးရေးအတွက် အဖွဲ့ မှစီစဉ်သော အလုပ်သင်အစီအစဉ်အား အထောက်အပံ့ပေးနိုင်ရေး တင်ပြတောင်းခံသွားမည် ဖြစ်သည်။

ကနဦးအနေဖြင့် နွေရာသီ အလုပ်သင်အစီအစဉ်အား စတင် သွားမည်ဖြစ်ပြီး ရုံးလုပ်ငန်းများအပါအဝင် ဌာနခွဲအမျိုးမျိုးရှိ လုပ်ငန်းပိုင်းကို သိရှိစေရန်နှင့် ၎င်းမှတစ်ဆင့် ပုဂ္ဂလိကဘဏ် ကဏ္ဍတွင် ဖောက်သည်များသို့ ဘဏ်မှ ဆောင်ရွက်သော ဘဏ်လုပ်ငန်းနှင့် ဝန်ဆောင်မှုများအကြောင်းကို လေ့လာနိုင်စေရန် အဆိုပါ အစီအစဉ်အား တက္ကသိုလ်များတွင်လည်း ကြေညာထားကြောင်း အသင်း၏ ဦးဆောင်ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**



# ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အတွက် တိဘက်ဒေသ၏ ခရီးသွားလုပ်ငန်းက များစွာ အထောက်အကူဖြစ်လာ

တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ပြည်သူများသည် လွန်ခဲ့သည့်နှစ် အနည်းငယ်မှစတင်၍ ခရီးသွားလုပ်ငန်းမှ စီးပွားရေးအကျိုးအမြတ်ရရှိလာခဲ့ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက်လည်း အထောက်အကူဖြစ်လာကြောင်း စက်တင်ဘာလ ၁၀ ရက်နေ့က ကျင်းပခဲ့သည့် တတိယအကြိမ် တရုတ်-တိဘက် နိုင်ငံတကာခရီးသွား လုပ်ငန်းနှင့် ယဉ်ကျေးမှုပြပွဲ အခမ်းအနား၌ တိဘက်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ပြောကြားပါသည်။

တိဘက်ဒေသအစိုးရအဖွဲ့လုပ်ငန်း အစီရင်ခံစာ -၂၀၁၆ အရ ၂၀၁၅ ခုနှစ်အတွင်းက တိဘက်ဒေသသို့ ပြည်တွင်းပြည်ပမှ ခရီးသွား ဧည့်သည် သန်း ၂၀ ကျော် လာရောက်လည်ပတ်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၃ ဒသမ ၇၂ ဘီလီယံ ဝင်ငွေရရှိရာ၊ ဂျီဒီပီ၏ ၂၇ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရှိရပါသည်။ လွန်ခဲ့သည့် ငါးနှစ်အတွင်း ခရီးသွားဧည့်သည် ၆၇ သန်း ဝင်ရောက်ခဲ့ရာ ခရီးသွားလုပ်ငန်းမှ တရုတ်ယွမ် ၈၇ ဒသမ ၅ ဘီလီယံ ဝင်ငွေရရှိခဲ့ပြီး နှစ်စဉ် ၂၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားပါသည်။

တိဘက်၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာသည့်အတွက် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နေပြီး ဒေသခံပြည်သူများကိုလည်း ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့်လုပ်ငန်း များ၌ ပူးပေါင်းလုပ်ကိုင်ကြရန်နှင့် အရည်အသွေး ပြည့်ဝသည့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းထားကြောင်း သိရှိရပါသည်။

ဆင်းရဲမှုပပျောက်ရေးဒေသဆိုင်ရာ အဖွဲ့အစည်းများက ခရီးသွားလုပ်ငန်းနှင့် ဆက်နွယ်သည့် လုပ်ငန်းများ၌ ငွေကြေးထောက်ပံ့ ထားပြီး ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သည့် သင်တန်းများကို ပြုလုပ်ပေးလျက်ရှိပါသည်။ တိဘက်ဒေသအစိုးရအနေဖြင့်လည်း လမ်းပန်း ဆက်သွယ်ရေးလုပ်ငန်းများ၌ များစွာရင်းနှီးထားပြီး မြို့တော် လာဆာ ကို ကမ္ဘာ့၌ ခရီးသွားဆွဲဆောင်မှုရှိသည့် နေရာတစ်ခုအဖြစ်လည်းကောင်း၊ နီယင်ချီမြို့ကို ဂေဟဗေဒဆိုင်ရာ ခရီးသွားမြို့အဖြစ်လည်းကောင်း မျှော်မှန်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၆–၉–၂၀၁၆)

မြင့်ဆွေ

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် တောင်ကြီးပြောင်းဈေးကွက်မှာ ပြောင်းဈေးက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ကျပ် ၃၅၀ (တစ်တန်ကို ၂၁၄၃၃၇ ကျပ်) နဲ့ ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပြောင်းများကို မန္တလေးသို့ အများဆုံးရောင်းချနေရပြီး ယခုတစ်ပတ်မှာပိဿာချိန် ၂၈၀,၀၀၀ ကျော် ရောင်းချခဲ့ရတာကြောင့် ယခင်တစ်ပတ်ထက် ပိုမိုရောင်းချခဲ့ရကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးတက်၊ ပြောင်းဈေးကျ

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးတက်လာပြီး ပြောင်းဈေးကျသွားပါတယ်။ မတ်ပဲဈေးမှာ ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၇၅ ကျပ်(တစ်တန် ၁၃၃၁၉၄၈ ကျပ်) နဲ့ဈေးပြန်ဦးမော့လာပါတယ်။ တစ်နေ့ကို အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၃၆၅ ကျပ်နဲ့ငြိမ်နေတဲ့ ပြောင်းဈေးက ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၃၅၀ (တစ်တန် ၂၁၄၃၃၇ ကျပ်) သို့ ကျဆင်းခဲ့ပါတယ်။ တစ်ပတ်အတွင်း တစ်နေ့ကိုတန် ၅၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်တက်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်ပြန်တက်လာပါတယ်။ ယခင်တစ်ပတ်က ၅၀ ကီလိုတစ်အိတ်ကို ၈၂ ယွမ်မှ ၈၆ ယွမ်အထိ ဈေးဖွင့်ခဲ့ပြီး ယခုတစ်ပတ်မှာ ၈၃ ယွမ်မှ ၈၇ ယွမ် (တစ်တန်ယွမ် ၁၆၆၀ မှ ယွမ် ၁၇၄၀ )နဲ့ အရောင်းအဝယ်ဖြစ်ကာ ဈေးမြင့်တက်ခဲ့ပါတယ်။ ယခင်တစ်ပတ်ထက် တစ်ဖက်နိုင်ငံသို့ ပိုမိုတင်ပို့နိုင်ပြီး ယခုတစ်ပတ်အတွင်း ပြောင်းတန်ချိန် တစ်သောင်းနှစ်ထောင်ကျော် ရောင်းချခဲ့ရကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပဲဇီးကွက်ဈေးတက်

ယခုတစ်ပတ်ရေစကြိုဈေးကွက်မှာ ပဲဇီးကွက်ဈေးတက်လာပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၇၅၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့တဲ့ပဲဇီးကွက်ဈေးဟာ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၈၀၀ (တစ်တန် ၄၈၉၉၁၂ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း တစ်နေ့ကို အိတ် ၂၀၀ မှ ၃၀၀ အကြား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပဲဇီးကွက်က ပြည်တွင်းစားသုံးဖို့အတွက် အရောင်း အဝယ်ဖြစ်နေတဲ့ပဲဖြစ်ပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးက တစ်ပိဿာ ကျပ် ၃၈၀ (တစ်တန် ၁၃၂၇၀၈ ကျပ်)နဲ့ ယခင်တစ်ပတ်ဈေးအတိုင်းငြိမ်နေပါတယ်။ ယခုတစ်ပတ်အတွင်း ပြောင်းပိဿာချိန် ၃၂၈၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီဈေးကျ

ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးများ ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ/RC တစ်တန်ကို ကျပ် ၁၄၃၆၀၀၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၁၄၂၀၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ပြီး၊ ယခင်တစ်ပတ်က မတ်ပဲ SQ/RC တစ်တန်ကို ကျပ် ၁၄၅၆၀၀၀ နဲ့ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၄၅၀၀၀၀ အထိ ဈေးကျလာပါတယ်။ ပဲစင်းငုံနီဈေးက ယခင်တစ်ပတ်တွင် တစ်တန်ကိုကျပ် ၁၁၄၀၀၀၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကို ကျပ် ၁၁၁၈၀၀၀ နဲ့ ဈေးဖွင့်ခဲ့တာကြောင့် ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူ(လုံးကြီး) ဈေးကျ၊ ပဲတီစိမ်းဈေးတက်

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူ (လုံးကြီး) တို့ဈေးကျပြီး ပဲတီစိမ်းဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၈၀၀ နဲ့ ဈေးဖွင့်ခဲ့တဲ့ ပဲစင်းငုံနီက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၇၇၅ ကျပ် (တစ်တန် ၁၀၈၆၉၉၂ ကျပ်) ထိကျဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပတ်အိတ် ၅၀၀ ကျော် ရောင်းချခဲ့ရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၀၈၀ နဲ့ ဈေးဖွင့်ခဲ့တဲ့ ကုလားပဲဖြူ(လုံးကြီး) ကတစ်ပိဿာ ၂၀၆၅ ကျပ် (တစ်တန် ၁၂၆၄၅၈၅ ကျပ်) ထိကျဈေးနဲ့ တစ်ပတ်ကို အိတ် ၄၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းဈေးက ယခင် တစ်ပတ်က တစ်ပိဿာကို ၁၂၂၅ ကျပ် နဲ့ရောင်းချခဲ့ပြီး ယခုတစ် ပတ်မှာ ၁၃၂၅ ကျပ်(တစ်တန် ၈၁၁၄၁၇ ကျပ်) အထိ ဈေး တက်ခဲ့ပါတယ်။ တစ်ပတ်ကို ပဲတီစိမ်း အိတ် ၁၁၀၀ ကျော်ရောင်း ချခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ နှမ်းနှင့် ပဲတီစိမ်းတို့ဈေးတက်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ နှမ်းနီ၊ နှမ်းနက်ရိုးရိုး၊ သိပ္ပံနှမ်းနဲ့ ပဲတီစိမ်းတို့ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနီတစ်ပိဿာ ၁၇၃၃ ကျပ်နဲ့ ဈေးဖွင့်ခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၇၈၀ နဲ့ အရောင်းအဝယ်ဖြစ်တာကြောင့် ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုးတစ်ပိဿာ ၂၃၃၃ ကျပ်မှ ယခုတစ်ပတ်မှာ ၂၅၁၀ ကျပ်ဈေးရခဲ့ပါတယ်။ သိပ္ပံနှမ်းတစ်ပိဿာကို ယခင်တစ်ပတ်က ၃၀၆၇ ကျပ်မှ ယခုတစ်ပတ်မှာ ကျပ် ၃၂၉၀ နဲ့ရောင်းချရသဖြင့် ဈေးမြင့်တက်ခဲ့ပါတယ်။ ဈေးကွက်အတွင်း နှမ်းမျိုးစုံတစ်ရက်အိတ် ၇၀၀၀ ခန့် ရောင်းချခဲ့ရပါတယ်။ယခင်တစ်ပတ်က ပဲတီစိမ်းဈေး တစ်ပိဿာ ၁၀၅၀ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၂၅ ကျပ်(တစ်တန် ၆၈၈၉၃၉ ကျပ်)အထိ ဈေးတက်ခဲ့ပြီး တစ်နေ့ကို အိတ် ၃၅၀ ခန့် ရောင်းချခဲ့ရကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ကုလားပဲနဲ့ ပဲတီစိမ်း ဈေးတက်၊ ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ကုလားပဲ၊ ပဲတီစိမ်း၊ နှမ်းဖြူနဲ့ နှမ်းနက်စမုံတို့ဈေးတက်ပြီး ပဲစင်းငုံနီဈေးအနည်းငယ်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၂၀၈၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ကုလားပဲဝါက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၀၅ ကျပ်(တစ်တန် ၁၂၈၉၀၈၁ ကျပ်)ထိ တက်ဈေးနဲ့ တစ်ပတ် အိတ် ၂၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာကျပ် ၁၀၀၀ မှ ယခုတစ်ပတ်မှာ ၁၁၀၅ ကျပ် (တစ်တန် ၆၇၆၆၉၁ ကျပ်)ထိတက်ဈေးနဲ့ တစ်ပတ်အိတ် ၁၈၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီက ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၇၇၀ ဈေးရှိပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၇၅၀ (တစ်တန် ၁၀၇၁၆၈၃ ကျပ်)သို့ ဈေးအနည်းငယ်ကျ ဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ကျပ် ၁၈၇၀ မှ တစ်ပိဿာကျပ် ၂၁၁၀ ဈေးရပြီး၊ ယခင်တစ်ပတ်က နှမ်းနက် စမုံ တစ်ပိဿာ ၃၁၁၀ ကျပ်မှ တစ်ပိဿာ ၃၁၈၀ ကျပ်နဲ့ အသီးသီး ဈေးတက်ခဲ့ပါတယ်။ နှမ်းညိုက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ၁၃၅၅ ကျပ်နဲ့ယခုတစ်ပတ်မှာ ဆက်လက်ရောင်းချခဲ့ပါတယ်။ ယခုတစ်ပတ်မှဝင်လာတဲ့ နှမ်းနီက တစ်ပိဿာ ကျပ် ၁၈၉၀ နဲ့ အရောင်းအဝယ်ဖြစ်ပြီး နှမ်းအားလုံးတစ်ပတ်အတွင်းအိတ် ၁၅၀၀၀ ကျော် ရောင်းချခဲ့ရတယ်လို့ သိရှိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းနဲ့ ကုလားပဲဖြူလုံးကြီးဈေးတက်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်းနဲ့ ကုလားပဲဖြူလုံးကြီးတို့ဈေးတက်ခဲ့ပြီး ပဲစင်းငုံနီနဲ့ မတ်ပဲတို့ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၁၀ ကျပ်ဈေးရှိတဲ့ ပဲတီစိမ်းဈေးဟာ မန္တလေးသို့ တင်ပို့နေရတာကြောင့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၈၉ ကျပ် (တစ်တန် ၇၈၉၆၆၀ ကျပ်) အထိ ဈေးမြင့်ခဲ့ပါတယ်။ ကုလားပဲဖြူလုံးကြီးမှာ ပဲလက်ကျန်သိသိသာသာ လျော့နည်းလာသဖြင့် ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၇၉ ကျပ်ဈေးမှ တစ်ပိဿာ ၂၁၄၇ ကျပ် (တစ်တန် ၁၃၁၄၈၀၀ ကျပ်)နဲ့ ဈေးတင်ရောင်းချခဲ့ပါတယ်။ ပဲစင်းငုံနီဈေးကွက်မှာ ဝယ်လက်မရှိသဖြင့် ယခင်တစ်ပတ်က တစ်ပိဿာ ၁၈၁၅ ကျပ်မှ တစ်ပိဿာ ကျပ် ၁၇၅၀ (တစ်တန် ၁၀၇၁၆၈၂ ကျပ်) သို့ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ် ပိဿာ ၁၉၄၇ ကျပ်နဲ့ ရောင်းခဲ့တဲ့ မတ်ပဲက ယခုတစ်ပတ်မှာကျပ် ၁၉၀၀ (တစ်တန် ၁၁၆၃၅၄ ကျပ်) သို့ဈေးကျဆင်းခဲ့ကြောင်း သိရှိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး ပဲတီစိမ်းဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၁၂၅ ကျပ်ဈေးပေါက်ခဲ့တဲ့ မတ်ပဲဈေးက ယခုတစ်ပတ်မှာ ၂၂၁၀ ကျပ် (တစ်တန် ၁၃၅၃၃၈၂ ကျပ်) ထိတက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၀၇၉ ကျပ်ဈေးရှိတဲ့ ပဲတီစိမ်းက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၀၇၅ ကျပ်(တစ်တန် ၆၅၈၃၁၉ ကျပ်) သို့ အနည်းငယ် ကျဆင်းခဲ့ပါတယ်။ ယခုတစ်ပတ်မှ ဈေးကွက်ကိုဝင်လာတဲ့ ပဲစင်းငုံနီက တစ်ပိဿာ ကျပ် ၁၇၅၀ (တစ် တန် ၁၀၇၁၆၈၃ ကျပ်) ကုလားပဲဖြူလုံးကြီးမှာ တစ်ပိဿာ ကျပ် ၂၁၀၀ (တစ်တန် ၁၂၈၆၀၁၉ ကျပ်) နဲ့ တစ်နေ့ကို အိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းဈေးတက်ပြီး မတ်ပဲဈေးကျ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ ပဲတီစိမ်းဈေးတက်ပြီး မတ်ပဲဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာ ၁၂၄၄ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၄၀၀ ကျပ်(တစ်တန် ၈၅၇၃၄၆ ကျပ်)နဲ့ ဈေးမြင့်တက်ခဲ့ပြီး တစ်နေ့ကို အိတ် ၅၀၀ ကျော် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၂၃၃၃ ကျပ်နဲ့ရောင်းချခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၅၀ ကျပ်(တစ်တန် ၁၃၇၇၈၇၈ ကျပ်) နဲ့ဈေးကျခဲ့ကာ တစ်နေ့ကို အိတ် ၁၀၀၀ ခန့် ရောင်းချခဲ့ရပါတယ်။ ကုလားပဲဖြူလုံးကြီးရဲ့ ယခင်တစ်ပတ်ဈေးဖြစ်တဲ့ တစ်ပိဿာ ၂၁၃၁ ကျပ် (တစ်တန် ၁၃၀၅၀၀၃ ကျပ်)နဲ့ ပဲယခုတစ်ပတ်မှာလည်း ဆက်လက် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။



jrefmEkdifiH t&nftao;jrifh

# လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ဖို့

NLSoe (NPT)

လယ်ယာထွက်ကုန်ပစ္စည်း အများဆုံး တင်ပို့လျက်ရှိသော အာဆီယံအဖွဲ့ဝင် နိုင်ငံများတွင် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ အဓိကပါဝင်လျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံသည်လည်း လယ်ယာထွက်ကုန်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ရေး ကြိုးပမ်းလျက်ရှိပါသည်။ အဆိုပါနိုင်ငံများ၏ ၁၉၆၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ နှစ်စဉ်လယ်ယာထွက်ကုန်ပစ္စည်း ထုတ်လုပ်နိုင်မှုနှင့် ပတ်သက်၍ ပျမ်းမျှတိုးတက်မှုရာခိုင်နှုန်းမှာ အင်ဒိုနီးရှားနိုင်ငံသည် ၃ ဒသမ ၇၃ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံသည် ၄ဒသမ ၁ ရာခိုင် နှုန်း၊ ထိုင်းနိုင်ငံသည် ၃ဒသမ ၂၁ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံသည် ၄ ဒသမ ၁၆ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံသည် ၂ဒသမ ၈၇ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံသည် ၃ဒသမ ၆၇ ရာခိုင်နှုန်းရှိခဲ့ပါသည်။

မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်း ထုတ်လုပ်နိုင်မှု တိုးတက်မှုနှုန်းမှာ အလယ်အလတ်အဆင့်တွင် ရှိနေပါသည်။ သို့ရာတွင် လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုဝင်ငွေနှင့် ပတ်သက်၍ ၂၀၁၄ ခုနှစ် စာရင်းအရ အင်ဒိုနီးရှား နိုင်ငံသည် အမေရိကန်ဒေါ်လာ ၄၄ဒသမ ၁ ဘီလီယံ၊ မလေးရှားနိုင်ငံသည် အမေရိကန် ဒေါ်လာ ၃၀ဒသမ ၁ ဘီလီယံ၊ ထိုင်းနိုင်ငံသည် အမေရိကန် ဒေါ်လာ ၃၉ဒသမ ၇ ဘီလီယံ၊ ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၆ဒသမ ၅ ဘီလီယံနှင့် ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၆ဒသမ ၉ ဘီလီယံအထိ တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အဆိုပါ စာရင်းများအရ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကျော်သာ တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

လယ်ယာထွက်ကုန် ပစ္စည်းတစ်မယ်ချင်းအလိုက် တင်ပို့မှုတန်ဖိုး အမေရိကန် ဒေါ်လာ တစ်ဘီလီယံကျော်သည့် အခြေအနေများကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက -

- အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီ၊ ရော်ဘာကုန်ကြမ်း၊ အုန်းသီးနှင့် စားအုန်းဆီအသီး၏ အဆန်မှထွက်ရှိသောဆီ၊ ပုစွန်နှင့် ကော်ဖီတို့ တင်ပို့နိုင်ခဲ့ပြီး ၎င်းတို့အနက် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅ ဘီလီယံခန့်ရှိ စားအုန်းဆီနှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ ရော်ဘာကုန်ကြမ်းတို့ကို တင်ပို့နိုင်ခဲ့ပါသည်။
- မလေးရှားနိုင်ငံအနေဖြင့် စားအုန်းဆီ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့်၊ ဟင်းသီးဟင်းရွက်ဆီ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံခန့်၊ ရော်ဘာကုန်ကြမ်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့်နှင့် အုန်းသီးနှင့်စားအုန်းဆီအသီး၏ အဆန်မှထွက်ရှိသောအဆီ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ကျော်ဖိုးအထိ အသီးသီး တင်ပို့နိုင်ခဲ့ပါသည်။
- ထိုင်းနိုင်ငံအနေဖြင့် ရော်ဘာကုန်ကြမ်း၊ ဆန်၊ ပြုပြင်ပြီး ရေထွက်ပစ္စည်း၊ သကြား၊ ပြုပြင်ပြီးကြက်သား၊ နှံစားသီးနှံအမှုန့်၊ ပြုပြင်ပြီးပုစွန်၊ တိရစ္ဆာန်အစားအစာနှင့် ပြုပြင်ထားသော အစားအစာများ အပါအဝင် ကုန်စည်ကိုးမျိုးကို တစ်မျိုးလျှင် အမေရိကန် ဒေါ်လာ တစ် ဘီလီယံကျော်အထိ တင်ပို့နိုင်ခဲ့ပါသည်။
- ဗီယက်နမ် နိုင်ငံသည် ကော်ဖီစေ့၊ ဆန်၊ ပုစွန်မျိုးစုံ၊ အရိုးထွင်ပြီး ငါးအသား၊ သီဟိုဠ်စေ့၊ ရော်ဘာကုန်ကြမ်း၊ ပြုပြင်ပြီး ပုစွန်နှင့် ငရုတ်ကောင်းအပါအဝင် ကုန်စည်ရှစ်မျိုးတို့အား တစ်မျိုးလျှင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်အထိ တင်ပို့နိုင်ခဲ့ပါသည်။
- ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အုန်းဆီနှင့် ငှက်ပျောသီးတို့အား တစ်မျိုးလျှင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်အထိ တင်ပို့နိုင်ခဲ့ပါသည်။
- မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန် အမယ်တစ်မျိုးချင်းအလိုက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် တန်ဖိုးအထိ တင်ပို့နိုင်ခြင်းမရှိဘဲ လယ်ယာထွက်ကုန်ပစ္စည်းအားလုံး တင်ပို့မှု တန်ဖိုးသည်သာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်အထိ တင်ပို့နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှု၌ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ၂ဒသမ ၈ ဘီလီယံကျော်အထိ အများဆုံးတင်ပို့နိုင်ခဲ့သည်။ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုပမာဏသည် ပို့ကုန်အားလုံးတင်ပို့မှုတန်ဖိုး၏ ၂၅ ရာခိုင်နှုန်းကျော်သာဖြစ်၍ လယ်ယာထွက်ကုန်ကို အခြေခံထားသော နိုင်ငံတစ်နိုင်ငံအနေဖြင့် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်မှုတွင်များစွာ အားနည်းလျက်ရှိသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

ထို့အပြင် ထူးခြားချက်တစ်ခုအနေဖြင့် မြန်မာနိုင်ငံသည် လယ်ယာထွက်ကုန် ပစ္စည်းများအား ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုနှစ်မျိုးစလုံးမှ ဆောင်ရွက်နေသော်လည်း ၂၀၁၃ ခုနှစ် နောက်ပိုင်းမှစ၍ လယ်ယာထွက်ကုန်ပစ္စည်းများ၏ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုတန်ဖိုးသည် ပင်လယ်ရေကြောင်းမှ ကုန်သွယ်မှု တန်ဖိုးထက် ပိုမိုများပြားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ယင်းမှာ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်သည် ပင်လယ်ရပ်ခြား ဈေးကွက်ထက် အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်ကိုသာ အားထားနေရကြောင်း ဖော်ညွှန်းနေခြင်းဖြစ်ပါသည်။ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ၏ အရည်အသွေး နိမ့်ကျလာမှုကြောင့် ပင်လယ်ရပ်ခြား ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မှု မရှိခြင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်ဝယ်လိုအား မြင့်တက်လာခြင်းတို့ကြောင့် ဖြစ်နိုင်ကြောင်း တွေးဆနိုင်ပါသည်။

**မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုအခြေအနေ**

တန်ဖိုး-ကန်ဒေါ်လာဘီလီယံ
ရေတွက်ပုံ - မ/တန်

| စဉ် | ခုနှစ် | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး | အရေအတွက် | တန်ဖိုး |
| ၁ | ၂၀၁၁ ခုနှစ် | ၂၂၆၈၀၀၆ | ၁.၅၃ | ၂၀၇၂၃၉၃ | ၀.၇၅ | ၄၃၄၀၃၉၉ | ၂.၂၈ |
| ၂ | ၂၀၁၂ ခုနှစ် | ၂၂၀၅၀၅၆ | ၁.၃၀ | ၂၁၇၆၈၃၉ | ၁.၂၂ | ၄၃၈၁၈၉၅ | ၂.၅၂ |
| ၃ | ၂၀၁၃ ခုနှစ် | ၁၆၉၃၃၅၆ | ၁.၁၀ | ၂၉၅၃၅၃၂ | ၁.၇၂ | ၄၆၄၆၈၈၈ | ၂.၈၂ |
| ၄ | ၂၀၁၄ ခုနှစ် | ၁၆၁၃၈၅၈ | ၁.၀၄ | ၃၉၂၁၀၄၂ | ၁.၅၅ | ၅၅၃၄၉၀၀ | ၂.၅၉ |
| ၅ | ၂၀၁၅ ခုနှစ် | ၁၇၅၈၄၄၈ | ၁.၃၄ | ၄၁၂၄၆၆၀ | ၁.၅၅ | ၅၈၈၃၁၀၉ | ၂.၈၉ |
| | စုစုပေါင်း | ၉၅၃၈၇၂၅ | ၆.၃၁ | ၁၅၂၄၈၄၆၆ | ၆.၇၉ | ၂၄၇၈၇၁၉၁ | ၁၃.၁၀ |

ဈေးကွက်အနေအထားအရ ကြည့်မည်ဆိုပါက တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်နှင့် အိန္ဒိယကဲ့သို့ စားသုံးသူ များပြားသော ဈေးကွက်ကြီးများရှိသည့် နိုင်ငံများသည် အာဆီယံနိုင်ငံများမှ ထုတ်လုပ်သော လယ်ယာထွက်ကုန်ပစ္စည်းများအား ပိုမိုတိုးတက်ဝယ်ယူသွားမည့် အလားအလာ များစွာရှိနေပါသည်။ ထို့အပြင် ဥရောပသမဂ္ဂနှင့် အာဆီယံတို့၏ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်သည်လည်း လာမည့်သုံးနှစ်အတွင်း အပြီးသတ် သဘောတူညီချက် ရရှိလာနိုင်ပေရာ အာဆီယံနိုင်ငံများ၏ လယ်ယာထွက်ကုန်ပစ္စည်းများအတွက် ဈေးကွက် အခွင့်အလမ်းများ ပိုမိုလာနိုင်ပါသည်။ ယင်းအတွက် အဆိုပါဈေးကွက်များက သတ်မှတ်သော အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ အပြိုင်အဆိုင် ထုတ်လုပ်နိုင်စွမ်းရှိရေးအတွက် လိုအပ်သည်များအား ပြင်ဆင်ထားရန် လွန်စွာအရေးကြီးလှပါသည်။

လယ်ယာစိုက်ပျိုးရေး ကဏ္ဍသည် အခြေခံကျပြီး အဓိကအားထားနေရသော်လည်း လယ်ယာထွက်ကုန် ပစ္စည်းများ တင်ပို့နိုင်မှုတွင် အခြားအာဆီယံနိုင်ငံများအား ယှဉ်ပြိုင်နိုင်စွမ်းမရှိသဖြင့် ယင်း ကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တွန်းအားပေးဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် လယ်ယာထွက်ကုန်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ရေးအတွက်

- အလားအလာရှိသော ဈေးကွက်ဝင် ဈေးကောင်းရသော ထွက်ကုန် တစ်မယ်ချင်းအလိုက် အထူးပြုစိုက်ပျိုးထုတ်လုပ်သွားနိုင်ရေး တွန်းအားပေးသော မူဝါဒများ ချမှတ်ဆောင်ရွက်သွားရမည် ဖြစ်သည်။ ဥပမာအားဖြင့် သမားရိုးကျနည်းလမ်းအတိုင်း ဆန်စပါးတစ်မျိုးတည်းကိုသာ ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းထက် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော၊ ဈေးကောင်းရသော သီးနှံများဖြစ်သည့် ကော်ဖီ၊ သစ်သီးများနှင့် စားဖိုဆောင်သီးနှံများအတွက် သီးခြားမူဝါဒများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။
- ထို့အပြင် မိမိတို့အတွက် အားသာချက်ရှိသော၊ ယှဉ်ပြိုင်နိုင်စွမ်း ရှိသော ကုန်ပစ္စည်းအမယ်များဖြစ်သည့် ပဲမျိုးစုံနှင့် နှမ်းကဲ့သို့သော သီးနှံများအတွက်လည်း ပိုမိုအားပေးကူညီပံ့ပိုးပေးမည့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်ရေး အထူးအလေးပေး ရမည် ဖြစ်ပါသည်။
- သမားရိုးကျ လယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အချိန်တိုတို အတွင်း အသွင်ကူးပြောင်း သွားနိုင်ရန်အတွက် လယ်ယာပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ သိမ်းဆည်းခြင်း၊ ထုတ်လုပ်ခြင်းဆိုင်ရာ ကွင်းဆက်တစ်ခုလုံးအား ခေတ်မီနည်းစနစ်များဖြင့် လိုက်ပါ အကောင်အထည်ဖော်နိုင်မည့် မဟာဗျူဟာ ချမှတ်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။
- ဈေးကွက် လိုအပ်ချက်အတိုင်း လိုက်ပါဖြည့်ဆည်းပေးနိုင်မည့် အရည်အသွေး စံချိန်စံညွှန်းများအတိုင်း ရရှိနိုင်ရေးအတွက် အရည်အသွေး စံချိန်စံညွှန်းဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရမည်ဖြစ်သည်။
- ယင်းသို့ ဆောင်ရွက်ရာတွင် လိုအပ်သည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကိုလည်း တစ်ပါတည်း ဆက်စပ်စဉ်းစားဆောင်ရွက်သွားရမည် ဖြစ်သည်။
- လယ်ယာစိုက်ပျိုးရေး ကဏ္ဍအတွက် လိုအပ်သော အရင်းအနှီးရရှိရန်နှင့် အဆိုပါကဏ္ဍအား တွန်းအားပေးသွားနိုင်မည့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေးအတွက် သီးခြားမူဝါဒနှင့် အစီအမံ ချမှတ်ဆောင်ရွက်ရမည်ဖြစ်သည်။

> **လယ်ယာထွက်ကုန်ပစ္စည်းများအား ကုန်ကြမ်းအနေဖြင့် တင်ပို့ခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ပြုလုပ်နိုင်ရေး စီမံဆောင်ရွက်၍ စားသုံးသူ နှစ်ခြိုက်စေမည့် အရည်အသွေး ကောင်းမွန်သော နည်းပညာမြင့်၊ အရည်အသွေးမြင့် ပစ္စည်းများ တင်ပို့နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။**

ပြည်ပပို့ကုန် သုံးဆ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာ ဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် လယ်ယာထွက်ကုန်ပစ္စည်းများအား ကုန်ကြမ်းအနေဖြင့် တင်ပို့ခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ပြုလုပ်နိုင်ရေး စီမံဆောင်ရွက်၍ စားသုံးသူ နှစ်ခြိုက်စေမည့် အရည်အသွေး ကောင်းမွန်သော နည်းပညာမြင့်၊ အရည်အသွေးမြင့် ပစ္စည်းများ တင်ပို့နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ လယ်ယာထွက်ကုန် ပစ္စည်းများအား ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် ယုံကြည်စိတ်ချနိုင်မှု ရှိစေရန်အတွက် မြန်မာနိုင်ငံ၏ အရည်အသွေး စစ်ဆေးရေးကဏ္ဍအနေဖြင့် ယခုထက် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ သို့မှသာ ကမ္ဘာ့နိုင်ငံများသို့ ပိုမိုတင်ပို့နိုင်ပြီး မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍကို မြှင့်တင်နိုင်မည်ဖြစ်သည်။

စာမျက်နှာ ၂၂သို့ ➲

Vol: 16, No.36 Monday September 26 2016

# စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါး ပိုမိုတင်ပို့နိုင်သဖြင့် ပို့ကုန်လျှာထားချက်ကျော်လွန်

စစ်တွေကုန်သွယ်ရေးစခန်းမှ ဩဂုတ် ကုန်သွယ်မှု လျာထားချက် အနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၅သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၃သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ လျာထားချက်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ရှစ်သန်း ဖြစ်တယ်လို့ ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

ဩဂုတ်လအတွင်း စစ်တွေကုန်သွယ်ရေး စခန်းရဲ့ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၆၀၂သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၂ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၀၄ သန်း ဆောင်ရွက်နိုင်ခဲ့၍ ပို့ကုန် လျာထားချက် ကျော်လွန်ခဲ့ကြောင်း သိရပါတယ်။

စစ်တွေကုန်သွယ်ရေး စခန်းအနေဖြင့် ဩဂုတ်လအတွင်း ယခင်လများထက် ပိုမို တိုးတက်ဆောင်ရွက်နိုင် ခဲ့ပြီး အဓိကအားဖြင့် ရေချိုငါး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဒါကြောင့် ပို့ကုန်လျာထားချက် ကျော်လွန်ခဲ့ပြီး၊ သွင်းကုန်ပိုင်း အနေဖြင့် ပုံမှန်တင်သွင်းနေတဲ့ ဒန်ရေတကောင်း၊ ပလပ် စတစ် ရေတိုင်ကီ၊ ဆံပင်၊ စွပ်ကျယ်များ တင်သွင်းမှု ကျဆင်းနေမှုကြောင့် သွင်းကုန်ပမာဏ ကျဆင်းနေတာ ဖြစ်ပါတယ်။ ယခု စက်တင်ဘာလ လျာထားချက်မှာ အမေရိကန်ဒေါ်လာ ၁ဒသမ ၃သန်းဖြစ်၍ လျာထားချက် ကျော်လွန်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရပါတယ်။

ဩဂုတ်လအတွင်း စစ်တွေကုန်သွယ်ရေး စခန်းမှ အများဆုံး တင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ ရေချိုငါးမြစ်ချင်း၊ ချင်းအစို၊ ဇီးယိုထုပ်၊ မန်ကျည်းစေ့၊ သစ်ခေါက်၊ နနွင်းတက်၊ ဆီးသီးခြောက်၊ ဆီးဖတ်၊ ကြိမ်၊ ငါးနီတူခြောက်တို့ ဖြစ်ပြီး အများဆုံး တင်သွင်းခဲ့တဲ့ သွင်းကုန် ပစ္စည်းများကတော့ ဒီဇယ်ဆီနဲ့ တီရှပ်တို့ ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# စက်တင်ဘာ ဒုတိယပတ်အတွင်း မြန်မာထိုင်းနယ်စပ်မှ ရေထွက်ကုန် ပိုမို တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေး စခန်းများမှ စက်တင်ဘာ ဒုတိယပတ်အတွင်း အမေ ရိကန်ဒေါ်လာ ၃ ဒသမ ၀၂၉ သန်း တန်ဖိုးရှိရေထွက်ကုန်တန် ၂၉၆၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စက်တင်ဘာ ပထမပတ်ထက် ရေထွက်ကုန် တန် ၉၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ မြဝတီ ကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်တင်ပို့မှု လျော့နည်းခဲ့သော်လည်း ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များ ပိုမိုတင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် ပိုမိုရခြင်း ဖြစ်တယ်လို့ သိရပါတယ်။

ရေထွက်ကုန်ပစ္စည်းများကိုမြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၃၉ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်နဲ့ အခြားရေထွက်ကုန်တန် ၉၀ ကျော်ကို လည်းကောင်း၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၆၅၃ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ အခြား ရေထွက်ကုန်များဖြစ်တဲ့ ရေဘဝဲ၊ ပင်လယ် ငါးရှဥ့်နဲ့ ကဏန်းတန် ၇၀၀ ကျော်ကိုလည်းကောင်း၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၃၇ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ရေငန်ပုစွန်၊ ကင်းမွန်၊ သဲကဏန်း၊ ငါးအသားလွှာ၊ ကဏန်းသေး အသေ၊ ကဏန်းအရှင်တို့ကို တန်ချိန် ၂၀၀၀ ကျော်ကို လည်းကောင်း တင်ပို့နိုင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

■

# စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နန်းတော်အရက်နဲ့ အဆင့်မြင့်ဝီစကီများ တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ဒုတိယပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၁ သန်း တန်ဖိုးရှိ နန်းတော် အရက် ၁၀၀၀ လီတာနဲ့ အဆင့်မြင့်ဝီစကီ ၅၀၀ လီတာကို ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က တင်ပို့ခဲ့ခြင်းမရှိဘဲ ယခုတစ်ပတ်မှသာ ပြန်လည်တင်ပို့တာ တွေ့ရပါတယ်။

ဩဂုတ်လအတွင်းက နန်းတော် အရက်လီတာ ၂၀၀၀ နဲ့ အဆင့်မြင့်ဝီစကီ လီတာ ၁၀၀၀ ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တင်ပို့နိုင်ခဲ့တယ်လို့ ကုန်သွယ်ရေး စခန်းမှ သိရပါတယ်။

**ခင်မိုးသူ**

# မြန်မာ အိန္ဒိယ နယ်စပ်မှ ကွမ်းသီးတင်ပို့မှုလျော့ကျ

မြန်မာ-အိန္ဒိယ နယ်စပ်မှ စက်တင်ဘာ ဒုတိယပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၆၄၉ သန်းတန်ဖိုးရှိ ကွမ်းသီး တန် ၆၀၀ ကျော်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၈၀၀ ကျော် တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ တန် ၂၀၀ ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၅၅ သန်း တန်ဖိုးရှိ ကွမ်းသီး တန် ၂၅၀ ကျော်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၃၉၄ သန်း တန်ဖိုးရှိ ကွမ်းသီးတန် ၄၀၀ ကျော် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ ကွမ်းသီးကို ရိဒ်ကုန်သွယ်ရေးစခန်းမှ ပိုမိုတင်ပို့နိုင်သော်လည်း တမူးကုန်သွယ်ရေး စခန်းမှ တင်ပို့မှု လျော့နည်းခဲ့တဲ့အတွက် ကွမ်းသီးတင်ပို့မှု လျော့ကျရခြင်း ဖြစ်တယ်လို့ သိရပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန် ဒေါ်လာ သုညဒသမ ၂၂၆ သန်းတန်ဖိုးရှိ နမ့်ဖာလုံအမယ်စုံနဲ့ စီးကရက် ၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၅၂ သန်း တန်ဖိုးရှိ မုန့်မျိုး စုံ ၊ ကလေးဝတ်တီရှပ်၊ ကလေးဝတ် အနွေးထည် ၊ ကလေးဝမ်းဆက် တို့ကို တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# နယ်စပ်စခန်းများမှ သစ်သီးဝလံအပို့ အသွင်းစုံ

စက်တင်ဘာ ၁ ရက်မှ ၁၅ ရက်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၁၃၅၀၇ တန်ဖိုးရှိ ဖရဲသီး ၈၉၈ တန်ခွဲနဲ့ အုန်းသီး ၁၀၂ တန်ကိုလည်းကောင်း၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၉၀၃ တန်ဖိုးရှိ ဖရဲသီး ၁၄ တန်ခွဲနဲ့ နာနတ်သီး သုံးတန်ခွဲကိုလည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၇၄၇၀၆ တန်ဖိုးရှိ နာနတ်သီးတန် ၂၀၀ နဲ့ ထောပတ်သီးတန် ၁၀၀ ကိုလည်းကောင်း၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၀၉၄ တန်ဖိုးရှိ ပန်းသီး ၁၆ တန်၊ အုန်းသီး ၁၁ တန်နဲ့ သရက်သီးငါးတန်တို့ကိုလည်းကောင်း အသီးသီး တင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများသို့ သစ်သီးဝလံ တင်ပို့မှုရှိသလို မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ဒသမ ၀၂၀ သန်းတန်ဖိုးရှိပန်းသီး၊ ပန်းသစ်တော်နဲ့ လိမ္မော်သီး တန်ချိန် ၅၄၀၀ ကျော်နဲ့ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၉၃၀၀၁ တန်ဖိုးရှိ ပန်းသီး ၅၉ တန်၊ လိမ္မော်သီး တန်ချိန် ၈၄ တန်ကိုလည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄၂၉၉၃ တန်ဖိုးရှိ နဂါးမောက်သီး၊ ပန်းသီး၊ ပန်းသစ်တော်၊ နန်းမြသီး၊ လိမ္မော်သီး၊ စပျစ်သီး၊ နာနတ်သီးနဲ့ မန်ကျည်းချိုသီး တန် ၂၃၀ ကိုလည်းကောင်းအသီးသီး တင်သွင်းလာခဲ့ကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ရက်သတ္တပတ်အတွင်း ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၇၂ သန်း ကျော်ရှိ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စက်တင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိ ကန်ဒေါ်လာ ၁၂၅ ဒသမ ၆၉၇ သန်း၊ သွင်းကုန်တင်သွင်းနိုင်မှုမှာ အမေရိ ကန်ဒေါ်လာ ၂၀၇ ဒသမ ၉၄၄ သန်းနဲ့ ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၃၃၃ ဒသမ ၆၄၁ သန်း ဖြစ်ပါတယ်။ ရက်သတ္တတစ်ပတ်အတွင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ် လာ ၈၂ ဒသမ ၂၄၇ သန်းဖြစ်ပြီး လိုငွေ ပြရခြင်းမှာ သဘာဝဓာတ်ငွေ့နဲ့ ကျောက်စိမ်း တင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

ရက်သတ္တပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၃၆၅ သန်း ဖြစ်ပြီး သွင်းကုန် အမေရိကန်ဒေါ်လာ ၁၅၂ ဒသမ ၃၄၀ သန်းဖြစ်၍ ကုန်သွယ်မှုလိုငွေမှာ အမေရိကန် ဒေါ်လာ ၇၇ ဒသမ ၉၇၅ သန်း ဖြစ်ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၃၃၂ သန်း၊ သွင်းကုန် အမေရိကန် ဒေါ်လာ ၅၅ ဒသမ ၆၀၄ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန် ဒေါ်လာ ၄ ဒသမ ၂၇၂ သန်း ဖြစ်ပါတယ်။ ဒါကြောင့် ကုန်သွယ်မှုကဏ္ဍ တစ်ခုလုံးအနေနဲ့ ကုန်သွယ်မှု လိုငွေမှာ ၈၂ ဒသမ ၂၄၇ သန်းဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

# မူဆယ်မှရေထွက်ကုန် တန်ချိန် ပိုမိုတင်ပို့သော်လည်း တန်ဖိုးလျော့နည်း

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေး ဇုန်မှ စက်တင်ဘာ ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ ၁၉၈ သန်းတန်ဖိုးရှိရေထွက်ကုန်ပစ္စည်း ၁၁၅၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်က ၁၀၉၄ တန်ကျော် တင်ပို့ခဲ့ပေမယ့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၇၉ သန်း အထိ တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့် တန်ချိန်အားဖြင့် ၅၈ တန် ပိုမိုတင်ပို့ ခဲ့ပေမယ့် တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ သုညဒသမ ၀၈၁ သန်း ကျ ဆင်းခဲ့တာကို တွေ့ရပါတယ်။ တင်ပို့ခဲ့တဲ့ ရေထွက်ပစ္စည်းတွေကတော့ ကဏန်း၊ ငါးရှဥ့် ၊ ရေခဲငါး၊ ငါးမှုန့်၊ ငါးလေးခြောက်၊ ငါးဆားနယ်၊ ငါးစည်ဖောင်း၊ ရေခဲပုစွန်နဲ့ ပုစွန်ခြောက် တို့ဖြစ်ပါတယ်။ တစ်ဘက်နိုင်ငံတွင် ယခင်တစ်ပတ်က ငါးရှဥ့်တစ်တန်ကို ၂၅၀၀၀ ယွမ်ရှိရာမှ ယခုတစ်ပတ်တွင် ၃၅၀၀၀ ယွမ်၊ ကဏန်းတစ်တန်ကို ၄၆၈၇၅ ယွမ်ရှိရာမှ ၆၃၅၄၂ ယွမ်သို့ မြင့်တက်လာခဲ့တယ်လို့ မူဆယ် ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

Vol: 16, No.36 Monday September 26 2016



# သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ထိခိုက်စေပြီး ကြာရှည်စွာတည်မြဲ နေနိုင်သည့် ကြောက်မက်ဖွယ်ရာ အော်ဂဲနစ်ဓာတုပစ္စည်းများ (Persistent Organic Pollutants-POPs) အကြောင်း

oaduif;p&

|ဒေါက်တာလပြည့်ခင်|




မိမိတို့သက်ရှိလူသားများနေထိုင်ရာ ယနေ့ကမ္ဘာကြီးမှာ သဘာဝအလျောက်ရှိနေတဲ့ ဓာတုပစ္စည်း (Natural Chemicals) တွေထက် သိပ္ပံသုတေသီတွေရဲ့ စူးစမ်းရှာဖွေ တီထွင်ထုတ်လုပ်ထားတဲ့ လူတို့ တီထွင်ဖန်တီးထားတဲ့ ဓာတုပစ္စည်း (Man-made Chemicals) အရေအတွက်က ပိုများနေတာတွေ့ပါတယ်။ ယနေ့အထိ စိုက်ပျိုးရေးလုပ်ငန်းသုံး (Industrial Chemicals)၊ စက်မှုလုပ်ငန်းသုံး (Agricultural Chemicals)၊ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းသုံး (Pharmaceutical Chemicals) နဲ့ လူသုံးကုန်ပစ္စည်းအမျိုးမျိုးထုတ်လုပ်မှု လုပ်ငန်းတွေမှာသုံးနေတဲ့ ဓာတုပစ္စည်း (Consumer Chemicals) အမျိုးအစား ပေါင်း ၅၅သန်းကျော်ရှိပြီး နှစ်စဉ်ဈေးကွက်သို့ အသစ်တင်ပို့ရောင်းချနေတဲ့ ဓာတုပစ္စည်းအရေအတွက်မှာ တစ်ထောင်ကျော်မက ရှိနေပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နေ့စဉ်လူနေမှုဘဝကို ရရှိဖို့အတွက် ဓာတုပစ္စည်းတွေ မရှိမဖြစ် လိုအပ်နေသလို ၎င်းတို့ရဲ့ပင်ကိုယ်မူလ သဘောသဘာဝ ဂုဏ်သတ္တိများအရ ကောင်းကျိုးနဲ့ ဆိုးကျိုးတွေ ဒွန်တွဲနေတာကိုလည်း တွေ့ရမှာပါ။ ဓာတုပစ္စည်း တော်တော်များများကတော့ ကောင်းကျိုးထက် ဆိုးကျိုးပိုများနေတာ ကြောင့် မိမိရဲ့အသိဉာဏ် ဗဟုသုတနဲ့သာ ဆင်ခြင်သုံးစွဲသင့်ပါတယ်။

ကမ္ဘာပေါ်မှာ ဓာတုပစ္စည်းထုတ်လုပ်မှုနဲ့ သုံးစွဲမှုတွေ တစ်နေ့တခြား ပိုများလာတာနဲ့အမျှ သဘာဝပတ်ဝန်းကျင်ကြီးကို ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးစေသလို တိရစ္ဆာန်တွေနဲ့ လူတို့ရဲ့ အသက်ရှင်သန်နေထိုင်ရေးကိုလည်း အကြီးအကျယ် အန္တရာယ်ပြု ခြိမ်းခြောက်လျက် ရှိနေပါတယ်။ ဒီလို ဓာတုပစ္စည်းတွေထဲက အဆိုးရွားဆုံးလို့ သတ်မှတ်နိုင်တဲ့ ရေ၊ မြေ၊ လေ အပါအဝင် သဘာဝ ပတ်ဝန်းကျင်ကြီးတစ်ခုလုံးကို အကြီးအကျယ် ညစ်ညမ်းစေပြီး ကာလကြာရှည်စွာ မပျောက်မပျက် တည်တံ့ခိုင်မြဲနေနိုင်တဲ့ မူလ အော်ဂဲနစ် ဓာတုပစ္စည်း (Persistent Organic Pollutants-POPs) ၂၀ မျိုး ရှိပါတယ်။ ယခုအခါ အသစ်ထပ်တိုးပြီး သတ်မှတ်လိုက်တဲ့ ဓာတုပစ္စည်း သုံးမျိုးနဲ့ဆိုရင် တားမြစ်ပိတ်ပင်ထားတဲ့ POPs စုစုပေါင်း ၂၄မျိုး ရှိပါတယ်။

အဲဒီသဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ညစ်ညမ်းစေပြီး ကြာရှည်စွာတည်မြဲနေနိုင်သည့် အော်ဂဲနစ် ဓာတုပစ္စည်း (Persistent Organic Pollutants-POPs) ၂၄ မျိုးရဲ့ထူးခြားတဲ့ ဂုဏ်သတ္တိတွေကတော့ အဆိပ်အပြင်းစားဖြစ်ခြင်း (Very Toxic)၊ ဖျက်ဆီးရန် မလွယ်ကူဘဲကြာရှည်ခံနိုင်ခြင်း (Persistent)၊ အဆီတွင်ပျော် ဝင်လွယ်ခြင်းကြောင့် သက်ရှိတို့၏ခန္ဓာကိုယ်ရှိ အဆီလွှာတွင် စုနေနိုင်ခြင်း (Oil Soluble)၊ ရေစီးကြောင်းနှင့် လေတိုက်ခတ်ခြင်းမှတစ်ဆင့် မိုင်ပေါင်းများစွာသို့ ရောက်ရှိနေနိုင်ခြင်း (Distribution) တို့ပဲဖြစ်ပါတယ်။ ၎င်း အော်ဂဲနစ် ဓာတုပစ္စည်းများကြောင့် ကင်ဆာရောဂါ ဖြစ်ပွားစေနိုင်ခြင်း (Cancer)၊ မွေးရာပါ ကိုယ်အင်္ဂါချို့တဲ့ခြင်း (Defect)၊ မိခင်မှရင်သွေးထံသို့ နို့ရည်မှတစ်ဆင့် အော်ဂဲနစ် ပစ္စည်းများ ရောက်ရှိနိုင်ပြီး ကလေး၏ ကာယ၊ ဉာဏဖွံ့ဖြိုးမှုကို နှောင့်နှေးစေနိုင်ခြင်း (Brain Determent)၊ ခံနိုင်ရည်ခုခံစွမ်းအားကျဆင်းခြင်း (Immune System Decrease)၊ မျိုးပွားအင်္ဂါရပ်ဆိုင်ရာရောဂါများ (Reproductive Disease)၊ အာရုံကြောများထိခိုက်ပျက်စီးစေနိုင်ခြင်း (Nervous System Damage) အစရှိတဲ့ကြောက်စရာအလွန်ကောင်းတဲ့ ရောဂါဘယများကို ဖြစ်ပွားစေနိုင်ပါတယ်။

သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာ ညစ်ညမ်းစေပြီး ကြာရှည်စွာ တည်မြဲနေနိုင်သည့် အဆိုပါ အော်ဂဲနစ်ဓာတုပစ္စည်း (POPs) များ ကမ္ဘာတစ်ဝန်း ထုတ်လုပ်မှု၊ သုံးစွဲမှု၊ တင်သွင်းမှုနဲ့ တင်ပို့မှုတွေကို တားမြစ်ပိတ်ပင်ထိန်းချုပ်ဖို့အတွက် အဓိကထားဆွေးနွေးတဲ့ စတော့ဟုမ်းကွန်ဗင်းရှင်း (Stockholm Convention) ကို ၂၀၀၁ ခုနှစ်၊ မေလမှာ ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့မှာ စတင်ခဲ့ပါတယ်။ မိမိတို့နိုင်ငံအနေနဲ့လည်း ၂၀၀၄ ခုနှစ် ဇူလိုင်လမှာ ဓာတုပစ္စည်း ထိန်းချုပ်မှုနဲ့ ပတ်သက်တဲ့ စတော့ဟုမ်း ကွန်ဗင်းရှင်းကို ဝင်ရောက်ခဲ့ပြီးဖြစ်ပါတယ်။ ယခုလက်ရှိမှာလည်း UNIDO အကူအညီနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှဦးဆောင်ပြီး ဆက်စပ်ဝန်ကြီးဌာနများနဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းများ ပါဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့ ခြောက်ဖွဲ့ကနေ နှစ်နှစ်စီမံကိန်းချမှတ်ပြီး အရေးကြီးတဲ့ POPs Data Inventory စာရင်းများ ကောက်ယူဖို့ စတင်လုပ်ဆောင် နေပြီဖြစ်တဲ့အတွက် မိမိတို့နိုင်ငံမှာ အများဆုံးရှိနေနိုင်မယ့် POPs ဓာတုပစ္စည်းစာရင်းများနဲ့ ၎င်းတို့ရဲ့အရေအတွက်ကို တိတိကျကျ သိနိုင်တော့မှာဖြစ်ပါတယ်။ အဲဒီလိုသိပြီးရင်တော့ ဘယ်လိုရာခိုင်နှုန်း အချိုးများနဲ့ လျှော့ချပြီး ဘယ်လိုတွေ တားမြစ်ပိတ်ပင်မလဲဆိုတာတွေကို UNIDO အကူအညီနဲ့ပဲ ဆက်လက်လုပ်ဆောင် သွားရမှာဖြစ်ပါတယ်။

ဓာတုပစ္စည်းတွေနဲ့ပတ်သက်ပြီး အဓိကဝန်ကြီးဌာနအဖြစ် ဆောင်ရွက်နေတဲ့ စက်မှုဝန်ကြီးဌာန ကလည်း ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်မှာ အခန်း (၁၄)ခန်းနှင့် ပုဒ်မ (၄၇)ခုပါဝင်သည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်မှာ အခန်း (၁၉)ခန်းနှင့် ပုဒ်မ(၈၃) ခုတို့ ပါဝင်သည့် ၎င်းရဲ့ နည်းဥပဒေကိုလည်း ရေးဆွဲထုတ်ပြန်နိုင်ခဲ့ပါတယ်။ အဲဒီဥပဒေနှင့် နည်းဥပဒေများအရ သက်ဆိုင်ရာ ဝန်ကြီးဌာန အကြီးအကဲများပါဝင်၍ ဗဟိုဦးစီးအဖွဲ့နဲ့ ဗဟိုကြီးကြပ်ရေးအဖွဲ့တို့ကို ဖွဲ့စည်းပြီးဖြစ်သလို စစ်ဆေးရေးအဖွဲ့များကိုလည်း ဆက်လက် ဖွဲ့စည်းသွားမှာဖြစ်ပါ တယ်။

ဒ့ါအပြင် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း ဥပဒေများအရ သိပ္ပံနည်းကျ သုတေသန ပြုလုပ်ခြင်းနှင့် ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ခြင်း ကိစ္စများအတွက် နိုင်ငံတော်ကသာ ထုတ်လုပ်သုံးစွဲခွင့်ရှိတဲ့ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို တားမြစ်ဓာတုပစ္စည်း (Prohibited Chemicals)၊ လူသားများ၏ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အထူးထိန်းချုပ်ရသော အန္တရာယ်ရှိသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ကန့်သတ်ဓာတုပစ္စည်း (Restricted Chemicals)၊ အများပြည်သူများ သာမန်သုံးစွဲရန် သတ်မှတ်ထားသည့် ဓာတုပစ္စည်း နှင့် ဆက်စပ်ပစ္စည်းများကို သာမန်ဓာတုပစ္စည်း (Conditional Chemicals) လို့ သတ်မှတ်ပြီး အမိန့်စာများ ထုတ်ပြန်ကြေညာသွားမှာ ဖြစ်ပါတယ်။ ဇွန်လ ၃၀ ရက်နေ့စွဲတွင် ဓာတုပစ္စည်း ၆၉မျိုးနှင့် ကန့်သတ်ဓာတုပစ္စည်း ၂၉ မျိုးကို ထုတ်ပြန်ပြီး ဖြစ်ပါတယ်။ အဆိုပါ တားမြစ်ပိတ်ပင်ထားသည့် ဓာတုပစ္စည်း ၆၉ မျိုးစာရင်းမှာ ယခု POPs ၂၄ မျိုးလည်း ပါဝင်ပါတယ်။

စတော့ဟုမ်းကွန်ဗင်းရှင်းက တားမြစ်ပိတ်ပင်ထားတဲ့ ဓာတုပစ္စည်း (Stockholm Convention on POPs) ၂၀ မျိုးထဲမှာ ပိုးသတ်ဆေး(Pesticides) ၁၃ မျိုးနှင့်စက်မှုလုပ်ငန်းသုံးဓာတုပစ္စည်း (Industrial Chemicals) ရှစ်မျိုးတို့ပါဝင်ပါတယ်။ ၂၀၀၁ ခုနှစ်မှာ စတော့ဟုမ်းကွန်ဗင်းရှင်းမှ ကနဦး စတင်တားမြစ် ပိတ်ပင်ခဲ့တဲ့ ပိုးသတ်ဆေး (Pesticides) ကိုးမျိုး၊ စက်မှုလုပ်ငန်းသုံး (Industrial Chemicals) တစ်မျိုး၊ By-product နှစ်မျိုးဖြင့် မူလ POPs ၁၂ မျိုးရှိပြီး ယင်းတို့ကို Dirty Dozen Chemicals လို့ ခေါ်ပါတယ်။ ၎င်းတို့အနက် ၂၀၀၉ ခုနှစ်မှာ ပြုလုပ်တဲ့ စတုတ္ထအကြိမ်မြောက်ညီလာခံ(COP4) မှ ထပ်မံ၍ အန္တရာယ်ရှိဓာတုပစ္စည်း အသစ်ကိုးမျိုးဖြစ်တဲ့ ပိုးသတ်ဆေး ငါးမျိုး၊ စက်မှုလုပ်ငန်းသုံး လေးမျိုးနဲ့ ပဉ္စမအကြိမ်မြောက်ညီလာခံ (COP5) မှ ထပ်မံပြုပြင်၍ ပိုးသတ်ဆေး တစ်မျိုး ထပ်မံ တားမြစ်လိုက်တာကြောင့် စုစုပေါင်း ပိုးသတ်ဆေး ၁၂ မျိုး၊ စက်မှုလုပ်ငန်းသုံး ၇မျိုး၊ By-product နှစ်မျိုးဖြင့် စုစုပေါင်း POPs ၂၀ မျိုးကို တားမြစ်ဓာတုပစ္စည်းများ (Banned Chemicals) အဖြစ် သတ်မှတ်ထားပါတယ်။ ယင်း POPs ၂၀ မျိုးအပြင် ထပ်မံ၍ New POPs အသစ်သုံးမျိုးကိုလည်း ထည့်သွင်းထားပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး POP တစ်မျိုးစီရဲ့ အသုံးပြုပုံနှင့် လက်ရှိအခြေအနေများကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

■

## ➡ စာမျက်နှာ ၁၂ - ပဲရောင်းချမှု တိုးစေဖို့ ◦ ◦ ◦ မှ အဆက်

အထက်မှာ ဖော်ပြခဲ့သလို နိုင်ငံတကာမှာ မိမိတို့ရဲ့ ပို့ကုန်များတိုးမြှင့်တင်ပို့ ရေး၊ ဈေးကွက်ပိုမိုရရှိရေးကို ဆောင်ရွက်တဲ့နေရာမှာ စိုက်ပျိုးမှု အခြေအနေ အဆင့်ကနေ ဈေးကွက်အဆင့်အထိကို supply Chain တစ်လျှောက်လုံးက စာရင်းကောက်ယူ၊ သုတေသနပြု ခန့်မှန်းခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ ပြည်တွင်း စားသုံးမှုအတွက် ဈေးနှုန်းအသင့်အတင့်နဲ့ဖြန့်ဖြူးနိုင်ဖို့ကြိုးစားနေတဲ့ အိန္ဒိယနိုင်ငံကလည်း ထုတ်လုပ်မှုအတွက် မိုးပဲနဲ့ ဆောင်းပဲ နှစ်ရာသီမှာ စိုက်ပျိုးတဲ့ ဧကနဲ့ အထွက်၊ စားသုံးမှု၊ သိုလှောင်မှု၊ တင်သွင်းမှု၊ ရောင်းချဖြန့်ဖြူးနိုင်မှု အစရှိတာတွေအတွက် စာရင်းအချက်အလက်စုဆောင်း သုတေ သနပြုလုပ်ပြီး လိုအပ်တဲ့ မူဝါဒတွေချမှတ်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် အိန္ဒိယဟာ ပဲတင်သွင်းမှုအတွက် ပဲထွက်ရှိတဲ့ နိုင်ငံများနဲ့ စာချုပ်ချုပ်ဆိုနေတာကို တွေ့ရပြီး အဲဒီအထဲမှာ မိုဇမ်ဘစ်ကထွက်သမျှပဲကို တင်သွင်းမယ်လို့ တင်သွင်းသူများရဲ့ အာမခံပြော ကြားချက်အရ သူ့တစ်နိုင်ငံတည်းကိုသာ ရောင်းချဖို့ သဘောတူညီချက်စာချုပ်နဲ့ ချုပ်ကိုင်ထားတဲ့ သဘောရှိတာကို တွေ့ရပါတယ်။ အဲဒီလို တစ်နိုင်ငံ တည်းကိုသာ ရောင်းချဖို့ ချုပ်ဆိုခြင်းဟာ မိုဇမ်ဘစ်နိုင်ငံမှ ပဲစိုက်တောင်သူများအတွက် ရေရှည်မှာ အကျိုးရှိနိုင်မလား၊ အိန္ဒိယ ပဲတင်သွင်းသူကပဲ အသာစီးရမလားဆိုတာကိုတော့ မိမိတို့လို ပဲတင် ပို့နိုင်ငံတွေအနေနဲ့ သတိထားစောင့်ကြည့်ရမယ့် အနေအထားပဲ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့လည်း အဓိက ပို့ကုန်ထဲမှာ ထိပ်ဆုံးကပါနေတဲ့ ပဲမျိုးစုံကို အရည် အသွေးနဲ့ ပမာဏနှစ်မျိုးလုံး တိုးတက်တင်ပို့နိုင်ဖို့ နည်းလမ်းရှာဖွေမယ်ဆိုရင်တော့ အနီးစပ်ဆုံး မှန်ကန်တိကျသေချာတဲ့ စာရင်းအင်းရရှိဖို့ လိုအပ်သလို အခြားပဲတင်ပို့နိုင်ငံများရဲ့ နည်းစနစ်များ၊ တင်သွင်းနိုင်ငံများရဲ့ ဗျူဟာများ အစရှိတာတွေ အားလုံးကို စောင့်ကြည့်သုံးသပ်ဖို့ လိုအပ်မှာ ဖြစ်ကြောင်းပါ။

Vol: 16, No.36 Monday September 26 2016

t ar&d eef uf u jref mE uf uf u sP jyef v nfay; t yf

# အမေရိကန်နိုင်ငံသို့ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်တော့မည်

|ရွှေစင်ဦး (DOT)|



အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံ၏ ပြုပြင် ပြောင်းလဲမှု ဆောင်ရွက်ခြင်းများကို အသိအမှတ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အမျိုးသားအရေးပေါ် အက်ဥပဒေသက်တမ်း တိုးမှုရုပ်သိမ်းခြင်း၊ ယေဘုယျ အကောက်ခွန် သက်သာခွင့်စနစ် (GSP - Generalized System of Preference) ကို ပြန်လည် ခံစားခွင့်ပြုစေခြင်း၊ အမေရိကန် - မြန်မာ မိတ်ဖက်ဆက်ဆံရေး ကဏ္ဍတစ်ရပ် ထူထောင်ခြင်း၊ နှစ်နိုင်ငံ ပြည်သူ အချင်းချင်းအကြားဆက်ဆံရေး ကဏ္ဍတိုးမြှင့်ခြင်း၊ နှစ်နိုင်ငံ အကြား စီးပွားရေးကဏ္ဍ ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်ခြင်း၊ Open Skies Treaty သဘောတူညီမှု ဆက်လက် အကောင်အထည် ဖော်ဆောင်ခြင်းနှင့် အမေရိကန် နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီ၏ ချေးငွေ အစုစုအာမခံ အစီအစဉ်သစ် စတင်ဖော်ဆောင်ခြင်း စသည့် ဖြေလျှော့မှုများကို ဆောင်ရွက်တော့မည် ဖြစ်ကြောင်း စက်တင်ဘာလ ၁၄ရက်တွင် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီရှိ ပြောရေး ဆိုခွင့်ရပုဂ္ဂိုလ်ရုံးမှ ထုတ်ပြန်လိုက်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ရာ မကြာခင်ကာလတွင် ရရှိလာတော့မည့် အခွင့်အရေးများအနက် အမေရိကန်နိုင်ငံသို့ တင်ပို့မည့် မြန်မာ့ ပို့ကုန်များအတွက် အကောက်ခွန် သက်သာခွင့်ကိုရ ရှိနိုင်မည့် ယေဘုယျ အကောက်ခွန် သက်သာခွင့် (GSP)နှင့် ပတ်သက်ပြီး သိရှိနိုင်စေရန် ရည်ရွယ်၍ လေ့လာ တင်ပြ လိုက်ရပါသည်။

ယေဘုယျ အကောက်ခွန် သက်သာခွင့်စနစ် (Generalized system of Preference - GSP) အစီအစဉ် ဆိုသည်မှာ ကမ္ဘာပေါ်ရှိ စီးပွားရေး ဖွံ့ဖြိုးပြီး နိုင်ငံများအနေဖြင့် စီးပွားရေး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်ပပို့ကုန်ဝင်ငွေ တိုးတက်စေရန်၊ စက်မှုလုပ်ငန်း တိုးတက်စေရန်နှင့် စီးပွားရေး တိုးတက်မှုနှုန်း မြှင့်တင်ပေးရန်တို့ကို ရည်ရွယ်၍ တစ်ဖက်သတ် အကောက်ခွန် လျှော့ပေါ့ သက်သာခွင့်ပြုသည့် အစီအစဉ်တစ်ရပ် ဖြစ်ပါသည်။ အဆိုပါ အစီအစဉ်သည် ၁၉၆၈ ခုနှစ်က အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သော ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ (United Nation Conference on Trade and Development – UNCTAD) အစည်းအဝေးမှ ဖော်ထုတ်လိုက်သော အစီအစဉ်ဖြစ်ပြီး ၁၉၇၁ ခုနှစ် တွင် စတင် အကောင်အထည်ဖော်ခဲ့သော အစီအစဉ်တစ်ရပ် ဖြစ်ပါသည်။ GSP အစီအစဉ်အရ GSP Form A လက်ခံသော နိုင်ငံ ၃၉ နိုင်ငံ ရှိပါသည်။ လက်ရှိကာလအထိ နိုင်ငံအလိုက် GSP အစီအစဉ် ၁၃ ခုကို UNCTAD အဖွဲ့သို့ အသိပေး ကြေညာထားပြီး အခွင့်အရေးပေးသော နိုင်ငံများမှ ၎င်းတို့ စိတ်ကြိုက် စည်းကမ်းချက်များ သတ်မှတ်ဆောင်ရွက်ခွင့်ရှိပါသည်။

အမေရိကန်ပြည်ထောင်စု သည်အဆိုပါ GSP အစီအစဉ်ကို ၁၉၇၄ ခုနှစ်တွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး နှစ်စဉ် ပြန်လည် သုံးသပ်ခြင်းများ ပြုလုပ်ကာ ထွက်ပေါ်လာသော ရလဒ်များနှင့် ပြောင်းလဲလာသော စီးပွားရေးဝန်းကျင်ကို အခြေခံ၍ အစီအစဉ်ကို ပြင်ဆင် ဖြည့်စွက်ခြင်းများ ပြုလုပ်လျက် ရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံသည် ယခင်က အမေရိကန် ပြည်ထောင်စုမှပေးအပ်သည့် GSP အစီအစဉ်တွင် အကျိုးခံစားခွင့် ရရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ၁၉၈၉ ခုနှစ်မှ စတင်ကာ GSP အစီအစဉ် အကျိုးခံစားခွင့်အား ဆိုင်းငံ့ခြင်း ခံခဲ့ရပါသည်။

အမေရိကန် ပြည်ထောင်စုမှ ခွင့်ပြုသည့် ယေဘုယျ အကောက်ခွန် သက်သာခွင့် - GSP အစီအစဉ်တွင် ပြန်လည်ပါဝင် ခံစားနိုင်ရေးအတွက် GSP ဆပ်ကော်မတီ အစီအစဉ်ဖြင့် အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီ မြို့၊ အမေရိကန်နိုင်ငံ ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံး (Office of the U.S. Trade Representative - USTR)၌ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်မှ ပေးအပ်သည့် GSP အခွင့်အရေးအား ပြန်လည်ရရှိရေးဆိုင်ရာ Public Hearing ကြားနာမှု အစီအစဉ်ကို ၂၀၁၃ ခုနှစ်၊ မေ ၄ ရက်မှ ၅ရက်အထိ ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ၎င်းအစီအစဉ်၏ နောက်ဆက်တွဲ အစီအစဉ်အရ မြန်မာနိုင်ငံအနေဖြင့် GSP ပြန်လည် ရရှိရေးအတွက် အလုပ်သမားအခွင့်အရေး (Worker Rights)၊ ကလေးအလုပ်သမား (Child Labor) နှင့် ဉာဏပစ္စည်း မူပိုင်ခွင့် (Intellectual Property Rights – IPR) စသည့် ကဏ္ဍသုံးရပ်အပေါ်ပြည်တွင်း အကောင်အထည်ဖော်မှု (မူဝါဒ၊ ဥပဒေလုပ်ထုံး လုပ်နည်း) ဆိုင်ရာ တိုးတက်မှုနှင့် လက်ရှိ ဆောင်ရွက်နေမှုများအား အစီရင်ခံစာ တင်သွင်းရန် လိုအပ်သဖြင့် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဌာနအနေဖြင့် သက်ဆိုင်ရာ ဘာသာရပ် တာဝန်ခံ ဝန်ကြီးဌာနများကို စုစည်း၍ ပထမအကြိမ် အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ရက်တွင် တင်သွင်းခဲ့ပါသည်။

အဆိုပါ အစီရင်ခံစာတွင် ပါရှိသည့် ကဏ္ဍသုံးရပ် အပေါ်ပြည်တွင်း အကောင်အထည်ဖော်မှု (မူဝါဒ၊ ဥပဒေလုပ်ထုံး လုပ်နည်း) ဆိုင်ရာ လက်ရှိဆောင်ရွက်မှု အခြေအနေများအပေါ် အစီရင်ခံစာ ထပ်မံတင်သွင်းရန် တောင်းဆိုလာသည့်အတွက် အဆိုပါ ကဏ္ဍများတွင် အစိုးရ၏ တိုးတက် အကောင်အထည်ဖော် ဆောင်ရွက် နေသည့် အချက်အလက်များအား ထပ်မံဖြည့်စွက်၍ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်တွင် ဒုတိယအကြိမ်မြောက် အစီရင်ခံစာကို တင်သွင်းခဲ့ပါသည်။ ၎င်းအစီရင်ခံစာများအပေါ် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၆ရက်တွင် အမေရိကန်နိုင်ငံရှိ သက်ဆိုင်ရာ ဌာနများက မြန်မာနိုင်ငံသို့ GSP အခွင့်အရေး ပြန်လည် ပေးအပ်ရေးနှင့် ပတ်သက်၍ သုံးသပ်ခဲ့သော်လည်း အလုပ်သမားဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှု အခြေအနေများကို ထပ်မံ တောင်းခံလာသည့်အတွက် သက်ဆိုင်သည့် ဌာနများမှ ပြန်လည် ဖြေကြားခဲ့ရသည်။ ထို့နောက် နောက်ဆုံးအကြိမ် အစီရင်ခံစာကို သတ်မှတ်ရက်ဖြစ်သော ၂၀၁၄ ခုနှစ်၊ မေလ ၂၂ရက် မတိုင်မီ သက်ဆိုင်ရာ အမေရိကန်နိုင်ငံကုန်သွယ်ရေး ကိုယ်စားလှယ်ရုံး (Office of the U.S. Trade Representative) သို့ ပေးပို့ခဲ့ပါသည်။

သို့ဖြစ်ရာ ၂၀၁၃ ခုနှစ်မှ စတင်၍ အဆိုပါ အစီအစဉ်တွင် ပြန်လည် အကျိုးခံစားခွင့်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း သမ္မတဦးသိန်းစိန်အစိုးရ လက်ထက်မှ ယခုအစိုးရသစ် လက်ထက်အထိ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေခြင်းကို အသိအမှတ် ပြုသည့်အနေဖြင့်အမေရိကန် ပြည်ထောင်စုမှ မြန်မာနိုင်ငံသို့ ယေဘုယျ အကောက်ခွန် သက်သာခွင့် အစီအစဉ် GSP တွင် ပါဝင်ခံစားခွင့်အား ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်မှ စတင်၍ ပြန်လည်ခွင့်ပြုပေးတော့မည် ဖြစ်ကြောင်း အမေရိကန် ပြည်ထောင်စု ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံး (United states trade representative-USTR)၏ တရားဝင်ဝက်ဘ်ဆိုက်မှတစ်ဆင့် သိရှိရပါသည်။

အမေရိကန် ပြည်ထောင်စု၏GSPအစီအစဉ်အရ အကျိုးခံစားခွင့်ရှိသည့် နိုင်ငံများ အနေဖြင့် HS code ရှစ်လုံးအဆင့် ကုန်စည်လိုင်း ၃၅၀၀၊ ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများအတွက် ကုန်စည်လိုင်း ၁၅၀၀ ကို အကောက်ခွန် ကင်းလွတ်ခွင့် ရရှိသည့် အတွက် စုစု ပေါင်း (HS code ရှစ်လုံး အဆင့်) ကုန်စည်လိုင်း ၅၀၀၀ အား အကောက်ခွန် ကင်းလွတ်ခွင့်ဖြင့် အမေရိကန် ပြည်ထောင်စုသို့ တင်ပို့ခွင့် ရရှိမည်ဖြစ်သည်။ အကောက်ခွန် သက်သာခွင့် ရရှိမည့် ကုန်စည်စာရင်းများကို https://usitc.gov/tata/hts/bychapter/index.htm တွင် အသေးစိတ်လေ့လာ ကြည့်ရှုနိုင်ပါသည်။

အမေရိကန် ပြည်ထောင်စုမှ အကောက်ခွန် ကင်းလွတ်သက်သာခွင့်ပြုမည့် ကုန်စည်များစာရင်းတွင် မြန်မာနိုင်ငံမှ အမေရိကန် ပြည်ထောင်စုသို့ တင်ပို့လျက်ရှိသော Dried Peas ၊ ကြိမ်ထည်ပစ္စည်းများ၊ သစ်သားဖြင့် ပြုလုပ်ထားသော ပစ္စည်းများ၊ လက်ဆွဲအိတ်နှင့် ကျောပိုးအိတ်ကဲ့သို့သော ခရီးဆောင် ပစ္စည်းများ ပါဝင်ကြောင်း လေ့လာ တွေ့ရှိရပါသည်။ အမေရိကန် ပြည်ထောင်စုသို့ ကုန်ပစ္စည်းများ တင်ပို့လျက်ရှိသော လုပ်ငန်းရှင်များ အနေဖြင့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ လ ၁၃ ရက်မှ စတင်၍ အကောက်ခွန် သက်သာခွင့်ဆိုင်ရာ GSP Form A များကို အသုံးချ တင်ပို့ခြင်းဖြင့် အကောက်ခွန် သက်သာခွင့်ကို ခံစားရရှိ နိုင်တော့မည် ဖြစ်ပါသည်။

### GSP Form A လျှောက်ထားရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ထားသူများသည် ပို့ကုန်လိုင်စင်ရယူပြီး ပြည်ပသို့ ကုန်ပစ္စည်း တင်ပို့ ရောင်းချသည့်အခါ မိမိတို့ တင်ပို့သော နိုင်ငံသည် GSP အခွင့်အရေးပေးသော နိုင်ငံဖြစ်ပြီး တင်ပို့သည့် ကုန်ပစ္စည်းသည်လည်း ယင်းနိုင်ငံ၏ GSP အစီအစဉ်တွင် အကျုံးဝင်ပါက GSP Form A ကို လျှောက်ထား ရယူနိုင်ပါသည်။ GSP Form A များကို ၁၉၈၈ ခုနှစ်မှ စတင်ကာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပေးခဲ့ခြင်း ဖြစ်ပြီး GSP Form A လျှောက်ထားရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့် တင်ပြရမည့် အထောက်အထားများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ ၉/၉၈ ဖြင့် ထုတ်ပြန် ကြေညာခဲ့ပါသည်။ အဆိုပါ သတင်းလွှာ အသေးစိတ်ကို စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

စာမျက်နှာ ၂၁ သို့ ➲



AGRI MYANMAR 2016
LIVESTOCK MYANMAR 2016
AQUA FISHERIES MYANMAR 2016
တတိယအကြိမ်မြောက် နိုင်ငံတကာ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ရေလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲ နှင့် ဟောပြောပွဲ အခမ်းအနား
နေ့စဉ် လက်ဆောင်ပစ္စည်း နှင့် အစားအသောက်လက်မှတ်
၂၈၊ ၂၉၊ ၃၀၊
စက်တင်ဘာလ ၂၀၁၆ ခုနှစ်
နေရာ။ ။ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၊ ရန်ကုန်၊ မြန်မာ၊
နေ့စဉ် - နံနက် ၉ နာရီ မှ ညနေ ၅ နာရီအထိ (ဝင်ကြေးအခမဲ့)
စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်
ရေလုပ်ငန်း ဆိုင်ရာ ကုန်စည်ပြပွဲ သို့ လာရောက်ပါရန်
ဆက်စပ်လျက်ရှိသော
Bringing International Expertise to The Dairy Industry
Dairy Connect Myanmar
မြန်မာနိုင်ငံ၏ နို့နှင့်နို့ထွက် ပစ္စည်း စက်ရုံများ၏ အခြေအနေ နှင့် အခွင့်အလမ်းများ
နီပေါနိုင်ငံ၏ နို့နှင့်နို့ထွက်ပစ္စည်း လုပ်ငန်းနယ်ပယ်ရှိ အတွေ့အကြုံများကို မျှဝေခြင်း
ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နို့နှင့်နို့ထွက်ပစ္စည်း ဖွံ့ဖြိုး တိုးတက်မှု - မျှော်လင့်ချက်များနှင့် ကန့်သတ်မှုများ အကြောင်း
နည်းပညာဟောပြောပွဲများ
နို့နှင့်နို့ထွက်ပစ္စည်းများ ဖိုရမ် ဟောပြောမည့်သူ - မြန်မာနိုင်ငံ နို့ထွက်ပစ္စည်း ထုတ်လုပ်သူများအသင်း၊ ဗီယက်နမ်နိုင်ငံ မွေးမြူရေး လုပ်ငန်းရှင်များအသင်း၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ် အဖွဲ့အစည်းများ
Biomin, Evonik, New Holland Company တို့ကဲ့သို့ ကုမ္ပဏီများမှ ဟောပြောပွဲ အစီအစဉ်များ ပြုလုပ်ခြင်း။
စိတ်ဝင်စားဖွယ် ပြပွဲ ပြသကြသူများ
GMP - WHO
Travetco
GMP · GLP · GSP
VETERCO
WHO GMP
VEAM CORP
APA
DAR PRO
sonac
YEONG MING
SUNCUE
စီစဉ်သူ
VEAS
ထောက်ပံ့ထားသူများ
MFVP
ဆက်သွယ်ရန်
ပြည်တွင်း Cellphone: 09420025684 | Email:jasmine.ttm@veas-exhibitions.com (Ms. Thet Thet Mar)
မီဒီယာ ပံ့ပိုးပေးသူများ
eFeedLink
THE Farmer
21 Food & Beverage Online www.21food.com
Aquaculture Directory
Fish & Feed
INFOFISH
aquafair asia
ufi Approved Event
petfair professional




LIA INTERNATIONAL CO.,LTD
No.41,Bamaw Ah Twin Wun Street,Zone-3,Hlaing Thar Yar Township,Yangon.
Ph- 01-685182,687974




aung pyitan
Since 1992
Construction Chemicals
MAPEI
• Concrete Admixture
• Grouting and Fixing
• Concrete Repair & Protection
• Tile Adhesive
• Structural Strengthening
• Joint Sealing & Elastic Bonding
• Steel Corrosion & Protection
• Waterproofing
• Flooring (Epoxy Floor , Acid Proof Floor,Hardener Floor,
• Marine Products
• Grinding Aid
• Coating
Putzmeister Concrete Pumps
Putzmeister
• Stationary Concrete Pumps
• Truck Mounted Concrete Pumps
• Grouting and Plastering Machines
• Telescopic Conveyor Belts ,
• Concrete Placing Booms
• Concrete Delivery Pipes & Accessories
Road Construction Equipments
WIRTGEN GROUP
• Milling Machines
• Road Rollers
• Pavers
• Soil Stabilizers
• Crushers
• Cold Recyclers
• Compactors
• Asphalt Plants
Aliva Shotcrete Machines
• Concrete Spraying Machines
• Tunnel Equipments
Carmix 4x4 Self - Loading Concrete Mixer
CARMIX
Tower Crane
LINDEN COMANSA
• Flat-Top Tower Cranes
• Luffing Tower Cranes
Foundation Machine
casagrande
• Large Diameter Piling Rigs
• Hydraulic Crawler Drills
• Forepoling Machines
• Diaphragm Wall Machines
• Hydromills
Yangon : Room-6,Level -9,Pearl Condo (B),Kabaraye Pagoda Rd,Bahan T/S,Yangon ,Myanmar. Tel : 01-559312,559438,401198,401197; Fax: 01-559312
Show Room : No.5.South Horse Race Course Rd. Tamwe T/S, Yangon; Tel : 01-400967,
Mandalay : No.224,62nd Street ,Between 24th x 25th St.,Maharzayyarbon Qtr.,Mandalay. Tel.,09-5158173,09-797006106
Taunggyi : No.1 ,Baydar Street, Nyaung Pinthar Quarter, Near Soa San Tun Market, Taunggyi; Tel: 09-5158170,09-797006104
Mawlamyaing : No.44,Pearl Street, Mayankone Quarter , Mawlamyaing . Tel:057-24344,09-797002925
Naypyitaw : No.5350,Man Shin Construction Compound, Oath Ta Ra Thira T/S, Nay Pyi Taw; Tel:067-417223,09-797006108

## ပြောင်း



### ပြောင်းတန်ချိန် တစ်သောင်းခွဲနီးပါး တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး စခန်းလေးခုမှ စက်တင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၈၅ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၄၈၇၉ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၁၂၇၄၂ တန်ခွဲ၊ လွယ်ဂျယ်မှ ၁၃၅၀ တန်၊ ချင်းရွှေဟော်မှ ၆၅၉ တန်ကျော်နဲ့ ကန်ပိုက်တီးမှ ၁၂၈ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ထိုစခန်းလေးခုပေါင်းမှ တင်ပို့ခဲ့တဲ့ ပြောင်းတန်ချိန် ၁၀၅၄၉ တန်ဖြစ်လို့ ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် လေးထောင်ကျော် ပိုမို တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ စက်တင်ဘာ ၉ ရက်က ပြောင်းတစ်တန်ကို ၂၇၈၄၈၁ ကျပ်ရှိရာမှ စက်တင်ဘာ ၁၆ ရက်မှာ ၂၈၂၅၆၉ ကျပ်သို့ ဈေးထပ်မံမြင့်တက်လာခဲ့ကြောင်း၊ သယ်ယူစရိတ်မှာ တစ်ပိဿာ ၄၀-၄၅ ကျပ်ရှိပြီး ကားစီးရေ ၄၇၅ စီးဝင်ရောက်ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## သကြား

### မူဆယ်မှ သကြားတင်ပို့မှု လျော့နည်း

စက်တင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ ရက်သတ္တပတ်အတွင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၁၀ သန်း တန်ဖိုးရှိ သကြားတန် ၂၄၂၀၀ ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၄၁၈၁၃ တန်ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မှာ မူဆယ်မှ သကြားတန် ၁၇၀၀၀ ခန့် လျော့နည်းသွားခဲ့ပါတယ်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ယခုသီတင်းပတ်မှာ သကြားတင်ပို့မှု မရှိခဲ့ဘူးလို့ သိရပါတယ်။ ယခုတစ်ပတ်အတွင်း ပြည်တွင်းသကြားဈေး တစ် တန်ကို ခုနစ်သိန်းရှစ်သောင်းကျပ် ခန့်အထိဝယ်ယူရပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလို တစ်အိတ်လျှင် ၂၂၅-၂၂၈ ယွမ်ဈေးရရှိခဲ့ကြောင်း သတင်းရရှိပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၄၀၉၃၃၇ တန်ဖိုးရှိ သကြား၇၄၄ တန်ကျော် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ပရဆေး

### စခန်းစုံမှ ပရဆေးကုန်ကြမ်း တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ် ရေးဇုန်မှ စက်တင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၈ သန်းတန်ဖိုး ရှိ ပရဆေးကုန်ကြမ်းအမယ် ၁၄ မျိုးကို တန် ၅၀၀ နီးပါး တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးကုန်ကြမ်းတွေကတော့ တောချင်း၊ တောဂျုံးမြစ်၊ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ ဆီးဆန်၊ နေလဲစေ့၊ ကြောင်လျှာစေ့၊ ကြောင်ပန်းစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ စကားပန်းပွင့်ခြောက်၊ ချင်းခြောက်၊ နန္နွင်းတက်၊ ချဉ်ပေါင်ဖာလာနဲ့ တောင်လုံးကျော် တို့ဖြစ်ပါတယ်။

အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၂၁၁၀၀ တန်ဖိုးရှိကြက်ဆူစေ့ ၁၇၃ တန်ကိုလည်းကောင်း၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိတမူး ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၉၅၂၄ တန်ဖိုးရှိ တောင်လုံးကျော်တန်ဝက်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၅၂၃၉ တန်ဖိုးရှိတောင်လုံးကျော် တစ်တန်နီးပါးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ရန်ကုန်တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနတွင် ဒုတိယအကြိမ် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးသင်တန်းဖွင့်လှစ်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား စားသုံးသူအကာအကွယ်ပေးရေးနဲ့ပတ်သက်တဲ့ အသိပညာ၊ ဗဟုသုတများကို သိရှိနားလည်ပြီး လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်ရန်နဲ့ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်ဖြင့် ဒုတိယအကြိမ် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးသင်တန်းကို စက်တင်ဘာ ၁၉ ရက်က ကုန်သွယ်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စတုတ္ထထပ် (သင်တန်းခန်းမ)မှာ ဖွင့်လှစ်ခဲ့ပြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်လွင် တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ပါတယ်။

ယခုလို သင်တန်းဖွင့်လှစ်ရခြင်းမှာ ဝန်ထမ်းများအနေဖြင့် စားသုံးသူအကာအကွယ်ပေး ရေး အသိပညာပေးလုပ်ငန်းကို လက်တွေ့ကွင်းဆင်းဆောင် ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ဆက်စပ်ဌာနများရဲ့ ဥပဒေပြဌာန်းထားရှိမှုများ၊ လုပ်ထုံးလုပ်နည်းများ၊ ဌာနများရဲ့ လုပ်ငန်းဆောင်ရွက်လျက်ရှိတဲ့ အခြေအနေများ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုမှ ရရှိလာနိုင်မယ့်အခြေအနေများ၊ အစိုးရမဟုတ်တဲ့ အသင်းအဖွဲ့များရဲ့ စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိတဲ့ အခြေအနေများ၊ အာဆီယံနိုင်ငံများမှ လုပ်ငန်းဆောင်ရွက်လျက်ရှိတဲ့ အခြေအနေများကို သိရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရတာ ဖြစ်ပါတယ်။

အဆိုပါသင်တန်းမှာ စားသုံးသူရေးရာဦးစီးဌာန၊ နိုင်ငံတော်သမ္မတရုံး (စီးပွားရေးရာဌာနကြီး)၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်)၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (ရန်ကုန်)၊ စိုက်ပျိုးရေးဦးစီးဌာန (ရန်ကုန်)၊ ငါးလုပ်ငန်းဦးစီးဌာန (ရန်ကုန်)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၊ ကျန်းမာရေးဌာန၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတို့မှ တာဝန်ရှိသူများ၊ အစားအစာသိပ္ပံနှင့် နည်းပညာအဖွဲ့(FOSTA)၊ မြန်မာစားသုံးသူများသမဂ္ဂတို့မှ ကျွမ်းကျင်ပညာရှင်များက စားသုံးသူ အကာအကွယ်ပေးရေး ခေါင်းစဉ်များအလိုက် သင်ကြားပို့ချခဲ့ပါတယ်။

ထို့အပြင် သင်တန်းသားများအနေဖြင့်လည်း သင်တန်းဆန်းစစ်ချက် ဖြေဆိုခြင်း၊ သင်တန်းနောက်ဆုံးရက်တွင် သင်တန်းဆရာများမှ ပို့ချပေးသည့် ဘာသာရပ်များကို အသုံးပြု၍ ဟောပြောပွဲပုံစံဖြင့် လေ့ကျင့်ဟောပြောဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ပါတယ်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်နေ့ အထိ ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံး၊ အနောက်ပိုင်းခရိုင်ဦး စီးမှူးရုံး၊ တောင်ပိုင်းခရိုင်ဦးစီးမှူးရုံး၊ မြောက်ပိုင်းခရိုင်ဦးစီးမှူး ရုံးတို့မှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း သင်တန်းသား /သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်သီ (စားသုံးသူ)ရန်ကုန်**

## ရော်ဘာ

### ယခုတစ်ပတ် ရော်ဘာတင်ပို့မှု လျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၈၇၆ သန်းတန်ဖိုးရှိ ရော်ဘာ RSS 3 ၅၉၂ တန်နဲ့ RSS 1 တန် ၃၀ ကျော်၊ စုစုပေါင်း ရော်ဘာ ၆၂၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၆၇ တန်လျော့နည်းခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS 3 တစ်တန်ကို ကျပ် ၁၅ ဒသမ ၃၇ သိန်း၊ မော်လမြိုင်ဒေသပေါက်ဈေးမှာ RSS 3 တစ်တန်ကို ကျပ် ၁၄ ဒသမ ၇၄ သိန်းနဲ့ RSS 5 တစ်တန်ကို ၁၂ ဒသမ ၅၃ ကျပ်သိန်းရှိပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ယခုတစ်ပတ်မှာ ရော်ဘာ တင်ပို့မှုမရှိပါဘူး။ ရော်ဘာအထွက်လျော့ချိန်ဖြစ်တဲ့အတွက် တင်ပို့မှုလည်း လျော့ကျတာဖြစ်ပါတယ်။ နိုင်ငံတကာရော်ဘာဈေးမှာ ယခုတစ်ပတ်အတွင်း တစ်တန်ကို ၂၅ ဒေါ်လာကျော်ကျဆင်းလာပါတယ်။ ဒါကြောင့် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးကိုလည်း ယခင်တစ်ပတ်ထက် တစ်တန်ကို ၂၅ ဒေါ်လာ ဈေးချ၍ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းက ထုတ်ပြန်ခဲ့ပါတယ်။

| | | | |
|---|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| **RSS 2** | **တစ်တန်လျှင်** | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| **RSS 3** | **တစ်တန်လျှင်** | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| **RSS 4** | **တစ်တန်လျှင်** | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| **RSS 5** | **တစ်တန်လျှင်** | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| **MSR (3)L** | **တစ်တန်လျှင်** | ဒေါ်လာ | ၁၅၅၀-၁၆၅၀ |
| **MSR 10** | **တစ်တန်လျှင်** | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| **MSR 20** | **တစ်တန်လျှင်** | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| **MSR 50** | **တစ်တန်လျှင်** | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| **Crepe Rubber** | **တစ်တန်လျှင်** | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| **Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502)** | **တစ်တန်လျှင်** | ဒေါ်လာ | ၁၃၅၀ -၁၄၅၀ |
| **Mixtures of Natural Rubber MSR-3L and Synthetic Rubber (97.5% MSR-3L,2.5% SBR 1502)** | **တစ်တန်လျှင်** | ဒေါ်လာ | ၁၆၅၀ -၁၇၅၀ |
| **Concentrate Latex 60% DRC** | **တစ်တန်လျှင်** | ဒေါ်လာ | ၉၆၀ - ၁၀၁၀ |

ယဉ်ယဉ်အေး

# မော်တော်ကားရှိသူများ လက်လွတ်မခံသင့်သည့် Auto Expo Myanmar 2016 ပြပွဲ ပြသမည်

မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ခုအပါအဝင်ဖြစ်သည့် အော်တိုစက်ပစ္စည်း အစိတ်အပိုင်းနှင့် ပါဝါလျှပ်စစ်ပိုင်းဆိုင်ရာ ပြပွဲကြီးကို စက်တင်ဘာလ ၂၉ ရက် မှ အောက်တိုဘာလ ၃ ရက်အထိ ရန်ကုန်မြို့၊ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Auto Expo Myanmar 2016 ပြပွဲကြီးတွင် အော်တိုပတ်စ် အစိတ်အပိုင်းများ၊ အင်ဂျင်ပိုင်းဆိုင်ရာ စက်ပစ္စည်းများ၊ ပြုပြင်မှုနှင့် ထိန်းသိမ်းမှုထုတ်ကုန်ပစ္စည်းများ၊ ဓာတ်ငွေ့ပိုင်းဆိုင်ရာပစ္စည်းများ၊ မော်တော်ဆိုင်ကယ်ဆိုင်ရာအပိုပစ္စည်းများ၊ မီးအားမြှင့်စက်များ၊ ဝါယာကြိုးများနှင့် စွမ်းအင်သုံးပစ္စည်းကိရိယာများ အစရှိသည့် ပစ္စည်းအမျိုးအစား အစုံအလင်တို့ကို ခင်းကျင်းပြသသွားမည်ဖြစ်သည်။

Power Myanmar 2016 ပြပွဲကြီးတွင်ဖွံ့ဖြိုးတိုးတက်နေသော ပါဝါကွန်ရက်အကြောင်းကို ထည့်သွင်း ပြသသွားမည်ဖြစ်ပါသည်။ ၎င်းတွင် ကြိမ်နှုန်းတိုင်းစက်ကိရိယာများ၊ မီးအားမြှင့်စက်များ၊ ဘက်ထရီများ၊ လျှပ်စစ်ဓာတ်ခဲ၊ ဓာတ်အားသွင်းသောကိရိယာ၊ မော်ဂျူးများ၊ သယ်ယူရလွယ်ကူသော၊ အလွယ်တကူတပ်ဆင်၍ရသော ကေဘယ်ကြိုးများနှင့် မီးအားမြှင့်စက်များ အစရှိသည်တို့ကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲကြီးမှာ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဗီယက်နမ်၊ စင်္ကာပူ၊ အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ မြန်မာနှင့်တရုတ်(တိုင်ပေ)အစရှိတဲ့ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ လုပ်ငန်းရှင်ပေါင်း ၁၂၀ ကျော်တို့က ပြခန်းပေါင်း ၁၅၀ ကျော်နဲ့ ခင်းကျင်း ပြသသွားမှာဖြစ်ပါတယ်။ မော်တော်ကားရှိတဲ့သူတိုင်းအတွက် လက်လွတ် မခံသင့်တဲ့ အခွင့်အရေးကောင်းတစ်ခု ဖြစ်ပါတယ်"ဟု UMFCCI မှ တွဲဖက် အထွေထွေ အတွင်းရေးမှူး ဦးမျိုးသန့်က ပြောကြားခဲ့သည်

ယင်းပြပွဲကြီးကို TWTC (Taipei World Trade Center Co.,Ltd) ၊ Yokers Trade & Marketing Service Co.,Ltd တို့က စီစဉ်ကျင်းပခြင်း ဖြစ်ပြီး UMFCCI ၊ MIA ၊ MAMDA နှင့် AGTI တို့က ပံ့ပိုး ကူညီကြမည်ဖြစ်ကြောင်း သိရသည်။




"လာမယ့် ၂၀၃၀ ခုနှစ်မှာ မြန်မာတစ်နိုင်ငံလုံး အစိုးရမီး လျှပ်စစ်မီးလင်းရေးစီမံကိန်းတွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အနာဂတ်မျှော်မှန်းချက်နဲ့ တရုတ်(တိုင်ပေ)ဘက်ကလည်း အကောင်းဆုံးနည်းပညာတွေ၊ ကိရိယာတွေကို ကူညီပေးဖို့ စိတ်အားထက်သန်စွာနဲ့ အသင့်စောင့်ကြိုလျှက်ရှိပါတယ်" ဟု Taiwan Trade Center ရန်ကုန်ရုံးခွဲမှ ဒါရိုက်တာ Michael Yeh က ပြောကြားခဲ့သည်။

ယခုကျင်းပမည့်အော်တိုမြန်မာနှင့် ပါဝါမြန်မာပြပွဲကြီးသည် စီးပွားရေးလုပ်ငန်းပေါင်း ၅၀၀၀ ကျော်ဖြင့် ချိတ်ဆက်နိုင်ပြီး ရင်းနှီးမြှုပ်နှံမှုပေါင်း အမေရိကန်ဒေါ်လာ ၂၄ သန်းခန့် ရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**မယ်သီတာ**

# ဗိသုကာ ပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ လာရောက်လေ့လာသင့်သည့် Myanmar Build & Décor 2016 ပြပွဲ ပြသမည်

တတိယအကြိမ်မြောက် Myanmar Build & Décor 2016 ပြပွဲကို အောက်တိုဘာလ ၆ ရက်မှ ၈ ရက်အထိ Myanmar Event Park တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။




အဆိုပါပြပွဲတွင် ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ဗီယက်နမ်၊ ကိုရီးယား၊ စင်္ကာပူ၊ တရုတ်၊ မလေးရှား၊ ထိုင်း၊ မြန်မာနှင့် အခြားနိုင်ငံများမှ အိမ်ထောင်ပရိဘောဂပစ္စည်းများ၊ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများစသည့် အိမ်တွင်းအိမ်ပြင် အလှဆင်လုပ်ငန်းနှင့် ဆက်စပ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး နည်းပညာမြင့် စက်ပစ္စည်းများကို ကုမ္ပဏီ ပေါင်း ၂၀၀ ကျော်မှ လာရောက်ပြသကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြပွဲတွင် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(MCEA) နှင့် Associate of Government Technical Institute Myanmar (A.G.T.I) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတော်သစ် အတွက် အနာဂတ်အဆောက်အဦနှင့် ဆောက်လုပ်ရေးလုပ်ငန်း ဖော်ဆောင်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Association of Myanmar Interior Designers နှင့် Yangon School of Interior Design တို့၏ကူညီပံ့ပိုးမှု ဖြင့် အဆောက်အဦပုံစံနှင့် အိမ်အတွင်း အပြင်အလှဆင်ခြင်း အကြောင်းအရာအား မြန်မာ့လူနေမှုဘဝပေါ်တွင် မူတည်၍ ဆန်းစစ်ထားသော ဆန်းစစ်ချက်များနှင့် အတူ လူနေမှုဘဝမြှင့်တင်လာနိုင်ရေး ရည်ရွယ်၍ ဆွေးနွေးကြမည့် ဆွေးနွေးပွဲများကိုလည်း ထည့်သွင်းကျင်းပပေးမည်ဖြစ်ကြောင်း သိရ သည်။

အဆိုပါ ဆွေးနွေးပွဲများသို့ ကြိုတင် စာရင်း ပေးသွင်းသူများအနေဖြင့် Bangkok Airways လေကြောင်းလိုင်း၏ ရန်ကုန်-ဗန်ကောက် အသွားအပြန် လေယာဉ်လတ်မှတ် နှစ်စောင် ကံစမ်းနိုင်မည့် အခွင့်အရေးကိုလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Myanmar Build & Décor 2016 ပြပွဲကြီးသို့ ဝင်ရောက်ကြည့်ရှုသူလိုများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းခြင်းကို www. myanmarbuilddecor.com မှ တစ်ဆင့် စာရင်းပေးသွင်းနိုင်ပါသည်။

ထို့အပြင် ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ ဖြန့်ဖြူးရာတွင် အရှေ့တောင်အာရှတစ်ခွင်၌ ဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်သော SCG မှလည်း SCG ၏ Inspiration ဇုန်၊ လက်တွေ့သရုပ်ပြမှုများနှင့် ကျွမ်းကျင်ဝန်ထမ်းများနှင့် အခမဲ့ဆွေးနွေးနိုင်မည့် အခွင့်အရေးများကိုလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

ဒုတိယအကြိမ် ကျင်းပခဲ့သော Myanmar Build & Décor 2015 တွင် နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်မှ ကုန်အမှတ်တံဆိပ်ပေါင်း ၁၆၀ ကျော်ပြသခဲ့ကြောင်း သိရှိရပါသည်။

**မယ်သီတာ**

➲ စာမျက်နှာ - ၁၈ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံသို့ ... မှ အဆက်

၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များအတွင်း မြန်မာနိုင်ငံမှ အမေရိကန် ပြည်ထောင်စုသို့ ဆန်၊ ပဲအမျိုးမျိုး၊ အခြားသစ်တောထွက်ပစ္စည်းများ၊ ရေထွက် ပစ္စည်းများဖြစ်သည့် ငါးအမျိုးမျိုး၊ ပုစွန်၊ စက်မှုကုန်ချော ပစ္စည်းများဖြစ်သည့် ချုပ်ပြီးအထည်နှင့် အခြား စက်မှုကုန်ချောပစ္စည်းများကို တင်ပို့ခဲ့ပြီး၊ အမေရိကန် ပြည်ထောင်စုသို့ တင်ပို့မှုမှာ စုစုပေါင်း ပို့ကုန်ပမာဏ၏ သုည ဒသမ ၀၀၄ ရာခိုင်နှုန်းမှ ၁ ဒသမ ၀၅၁ ရာခိုင်နှုန်းအတွင်းသာ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံအပေါ်တွင်ထားရှိသည့် ဘဏ္ဍာရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများကို ၂၀၁၆ ခုနှစ်၊ မေလအတွင်းက ဖယ်ရှားပေးခဲ့ပြီးလည်း ဖြစ်ပါသည်။ ယခုအခါ အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာနိုင်ငံအပေါ် ဆိုင်းငံ့ထားသော ပိတ်ဆို့မှုများကို ထပ်မံဖယ်ရှားပေးတော့မည်ဖြစ်သည့်အတွက် မိမိတို့ ပို့ကုန်များအား အကောက်ခွန်သက်သာခွင့်ဖြင့် အမေရိကန်ဈေးကွက်သို့ တင်ပို့နိုင်တော့မည်ဖြစ်ရာ ဈေးကွက်ဝင် အခွင့်အလမ်းရရှိလာနိုင်ခြင်း၊ အမေရိကန်ပြည်ထောင်စုမှ ပေးအပ်မည့် အကောက်ခွန်သက်သာခွင့်ကို ခံစားလိုသည့် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ လာရောက်ရင်းနှီးမြှုပ်နှံခြင်း စသည်တို့တိုးတက်လာနိုင်ပြီး ပြည်တွင်းတွင် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိနိုင်မှာ ဖြစ်ပါသည်။

ထို့အပြင် နှစ်နိုင်ငံကြား ကုန်သွယ်မှု၊ နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှု၊ နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းမှု၊ နှစ်နိုင်ငံ ရင်းနှီး မြှုပ်နှံမှု စသည်တို့ တိုးတက်လာစေမည်ဖြစ်ရာ မိမိနိုင်ငံရှိ ပြည်တွင်း လုပ်ငန်းရှင် များ၊ လာရောက်ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် နိုင်ငံတကာနှင့် အမေရိကန်ဈေးကွက်တို့တွင် လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်သည့် အကျိုးကျေးဇူးများကိုပါ ရရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဥရောပသမဂ္ဂမှ ပေးအပ်သည့် GSP အခွင့်အရေးကို ၂၀၁၃ ခုနှစ်တွင် ပြန်လည်ရရှိခဲ့ပြီးဖြစ်သည့်အတွက် ဥရောပသမဂ္ဂနိုင်ငံများသို့ လက်နက်မှလွဲ၍ ကျန်ပစ္စည်းများအား အခွန်သက်သာခွင့်ဖြင့် တင်ပို့နိုင်ခဲ့သည့်အတွက် နှစ်ဖက်ကုန်သွယ်မှု တိုးတက်လာသည့်အပြင် မိမိနိုင်ငံသား များ၊ မိမိနိုင်ငံလုပ်ငန်းရှင်များ အပါအဝင် နှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုကြောင့် အကျိုးဖြစ်ထွန်းမှု များစွာ ရရှိခဲ့ပါသည်။ သို့ဖြစ်ရာ ယခုအမေရိကန်ပြည်ထောင်စုမှ ပြန်လည်ခွင့်ပြုပေးတော့မည့် သက်သာခွင့်များသည် မြန်မာ့ကုန်သွယ်မှုကို အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ရေးသားလိုက်ရပါသည်။

**(ကိုးကား : https://ustr.gov/about-us/policy-offices/press-office/press releases/2016/ september/united-states-reinstate-trade: http://www.state.gov/r/pa/ prs/ps/2016/ 09/261918.htm)**

# Manufacturing Myanmar 2016 ပြပွဲ Myanmar Event Park ၌ပြသ

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်ငန်းရှင်များအသင်းနှင့် Bangkok Exhibition Services(BES)Ltd. တို့၏ပူးပေါင်းမှုဖြင့် ကျင်းပသည့် Manufacturing Myanmar 2016 ပြပွဲကို ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် စက်တင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ပါဝင်ပြသသူပေါင်း ၅၀ ကျော်က လာရောက်ပြသကြခဲ့ကြပြီး ပြခန်းများတွင် Singapore Precision Engineering and Technology Association နှင့် The Taiwan Machine Tool & Accessory Builder's Association တို့မှ ပူးပေါင်းတင်ဆက်သည့် စင်ကာပူနှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံတကာပြခန်းတွဲကြီး နှစ်ခုလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ လာရောက်ပြသခဲ့ကြသည့်အတွက် မြန်မာနိုင်ငံ၏စက်မှုကုန်ထုတ်လုပ်ငန်းနယ်ပယ်အသီးသီးတွင် လိုအပ်ချက်များကို ပြည့်မီနိုင်ရန်အတွက် ပြည်တွင်းမှကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ပိုမိုမြင့်မားသောကုန်ထုတ်လုပ်နိုင်မှုနှင့် ကောင်းမွန်စွာဆောင်ရွက်နိုင်မှုတို့အပြင် ကျွမ်းကျင်မှုနှင့် အသိပညာများကိုပါ ပိုမိုမြှင့်တင်ပေးစေနိုင်မည်ဖြစ် ကြောင်း သိရသည်။

ယခုပြသခဲ့သည့်ပြပွဲသည် တတိယအကြိမ်မြောက် ပြသခြင်းဖြစ်ရာ ပထမအကြိမ်နှင့် ဒုတိယအကြိမ် လာရောက်ပြသခဲ့သည့် ပြပွဲများအနက် လာရောက်လေ့လာကြည့်ရှုသူအရေအတွက် ပိုမိုများပြားလာခဲ့ကြောင်း သိရသည်။ **မယ်သီတာ**

# ပုသိမ်မြို့တွင် စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဧရာဝတီတိုင်း ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (ARCCI) နှင့် စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များ Bilateral Meeting Between ARCCI & Singapore Business Delegation မှ တာဝန်ရှိသူများနဲ့ တွေ့ဆုံဆွေးနွေးပွဲကို ပုသိမ်မြို့ ရှင်ပင်ဘုန်းပွင့်လမ်းရှိ ARCCI အသင်းရုံးတွင် ကျင်းပပြုလုပ်ရာ အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ ခရိုင်ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်းသိရပါတယ်။

တိုင်းဒေသကြီး၊ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ယခင် ရေနက်ဆိပ်ကမ်းများဖြစ်တဲ့ ပုသိမ်၊ ပမ္မဝတီနဲ့ ဆောက်လုပ်ရန်လျာထားသော ငရုတ်ကောင်း ရေနက်ဆိပ်ကမ်းအခြေအနေများ၊ ဟိုတယ်နဲ့ ခရီးသွားလာရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ချောင်းသာ၊ ငွေဆောင်နှင့် ဂေါ်ရင်ဂျီကျွန်းအချက်အလက်များ၊ ပုသိမ်စက်မှုမြို့တော်လုပ်ငန်း တည်ဆောက်နေမှုများကို ရှင်းလင်းပြသပါတယ်။

စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များကလည်း မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ကိုင် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြသကာ ARCCI အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်နဲ့ တာဝန်ရှိသူများကလည်း တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားပြီး စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမယ့် စီးပွားရေး အခွင့်အလမ်းများနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။ **မင်းမင်းဦး**

➲ စာမျက်နှာ - ၁၅ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ··· မှ အဆက်

စက်မှုကဏ္ဍတွင်လည်း နည်းပညာမြင့်၊ အရည်အသွေးမြင့် ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍတွင် ဒုတိယအများဆုံး တင်ပို့လျက်ရှိသည့် ချုပ်ပြီး အထည် တင်ပို့မှုအား လက်ရှိဆောင်ရွက်လျက်ရှိသည့် CMP စနစ်မှ FOB စနစ်သို့ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်လျက်ရှိပြီး အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှု ရရှိမည် ဖြစ်ပါသည်။

အရည်အသွေးမြင့်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် နည်း ပညာရရှိရေးမှာလည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေပေသည်။ ခေတ်မီတိုးတက်သည့် နည်းပညာများရရှိမှသာ အရည်အသွေးမြင့် ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ သို့မှသာ လူတစ်ဦးချင်းစီ၏ အရည်အသွေး မြင့်မားလာပြီး အဆိုပါ အရည်အသွေးမြင့်သည့်သူများက ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းများ၏ အရည်အသွေး လည်းမြင့်မားလာကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ အဖြစ် ရပ်တည်နိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် စားနပ်ရိက္ခာဖူလုံ သော နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိရေးအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်သင့်ပါကြောင်း အကြံပြုလိုက်ရပါသည်။ **ကိုးကားချက်- WTO ဂျီနီဗာမြို့မှ အကြံပြုချက်များ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၂×၇၀) ပေ | အခန်းကျယ် | ၁၄ သိန်း အသင့်နေ | အဆင့်မြင့်ပြင် တစ်လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၂။ | မြေ | လှည်းကူးမြို့နယ်၊ ဖောင်ကြီးလမ်း | (၄၀×၆၀) ပေ | မြေသီးသန့် | ၆၀ သိန်း | ရွာမြေ | ၀၁/၇၀၂၂၇၉ |
| ၃။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသာ်လမ်း | (၃၅×၄၅) ပေ | RC ၁ထပ်ပါ | ၂၆၀၀ သိန်း | လမ်းသန့် | ၀၉/၇၉၉၅၈၀၄၂၇ |
| ၄။ | တိုက်ခန်း | သင်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံဘုရားလမ်းသွယ် | (၁၆×၅၅) ပေ | မြေညီထပ် | ၇၅၀ သိန်း | လမ်းသန့် | ၀၉/၅၁၁၇၂၆၂ |
| ၅။ | လုံးချင်းအိမ် | သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ အပိုင်း(၁) | မြေ ၆၄၀၀ စ/ပေ အိမ် ၂၄၀၀ စ/ပေ | RC (2)ထပ် MB (3)ခန်း | ၃၀ သိန်း | ၁လ အငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၆။ | မြေ | ဒဂုံမြို့သစ်(မြောက်) (၄၄) ရပ်ကွက် | ၂၄၀၀ စ/ပေ | မြေသီးသန့် | ၇၅၀ သိန်း | ညှိနှိုင်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၇။ | မြေ | သန်လျင်မြို့နယ်၊ ထမလုံရွာအနီး | (၄၀×၆၀)ပေ | ရွာမြေ | ၄၇၀ သိန်း | နေရာကောင်း | ၀၉/၉၇၆၂၀၁၁၂၃ |
| ၈။ | မြေ | ပြင်ဦးလွင်မြို့နယ်၊ ရောင်နီရွာအနီး | (၄၀×၆၀)ပေ | ရွာမြေ | ၃၅၀ သိန်း | နေရာကောင်း | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက် | ၄၇၀၀ စ/ပေ | မြေသီးသန့် | ၂၅၀၀ သိန်း | | ၀၉/၄၅၂၁၉၄၄၃၉ |

# မိုက်ခရိုဆော့ဖ်က မြန်မာနိုင်ငံဆိုင်ရာ ပထမဆုံးအရာရှိအဖြစ် စိုင်းဝမ်ကို ခန့်အပ်




မိုက်ခရိုဆော့ဖ် ကုမ္ပဏီသည် မြန်မာနိုင်ငံဆိုင်ရာ ပထမဆုံးအရာရှိအဖြစ် စိုင်းဝမ်(Sy Wann)ကို ခန့်အပ်လိုက်ကြောင်း စက်တင်ဘာ ၂၀ ရက်က ဆီဒိုးနားဟိုတယ်၌ ပြုလုပ်သည့် မိုက်ခရိုဆော့ဖ်၏ နည်းပညာပြောင်းလဲမှု အခမ်းအနားတွင် Microsoft Asia Pacific ၏ ဈေးကွက်သစ်ဆိုင်ရာ အထွေထွေမန်နေဂျာ မစ်ရှယ်ဆိုင်မွန်က ပြောကြားခဲ့သည်။

အာရှပစိဖိတ်ဒေသရှိ ဈေးကွက်အား ဆက်လက်ထိုးဖောက်နိုင်ရန်အတွက် မိုက်ခရိုဆော့ဖ်က ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လျက်ရှိကြောင်း၊ အိုင်တီပညာရှင်တစ်ဦးဖြစ်သည့် စိုင်းဝမ်အနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအတွက် နည်းပညာပြောင်းလဲမှုအားဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ကြောင်းမစ်ရှယ်က ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံအတွက် ကတိကဝတ်တစ်ခုအနေနဲ့ မိုက်ခရိုဆော့ဖ်က မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်လာမယ့် စိုင်းဝမ်ကို ခန့်အပ်လိုက်တာက မိုက်ခရိုဆော့ဖ်ရဲ့ လုပ်ငန်းဆောင်ရွက်မှုကို တိုးချဲ့လိုက်တာဖြစ်ပါတယ်။ စိုင်းဝမ်အနေနဲ့ သူတာဝန်ယူထားရတဲ့ အခန်းကဏ္ဍမှာ မိုက်ခရိုဆော့ဖ်ရဲ့ နည်းပညာတွေ၊ ဝန်ဆောင်မှုတွေကို မြန်မာနိုင်ငံအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာပါ"ဟု မစ်ရှယ်ဆိုင်မွန်က ပြောကြားခဲ့သည်။

စိုင်းဝမ်က "ကျွန်တော်အနေနဲ့ မြန်မာနိုင်ငံရဲ့ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာဘာသာရပ်နဲ့ သင်္ချာဘာသာရပ်ဆိုင်ရာနယ်ပယ်တွေမှာ လူငယ်တွေရဲ့ပညာရေးကို အထောက်အကူပြုဖို့တွေအပါအဝင် မြန်မာနိုင်ငံမှာ ကျွန်တော်တို့ရဲ့ ဦးစားပေးဆောင်ရွက်မယ့် ကဏ္ဍတွေဖြစ်တဲ့ စီးပွားရေးဆိုင်ရာ ဆောင်ရွက်မှုတွေနဲ့ Microsoft Philanthropies တွေ ပါဝင်ပါတယ်"ဟု ပြောကြားသည်။

စိုင်းဝမ်သည် မြန်မာနိုင်ငံအစိုးရနှင့် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုများ၊ အရောင်းနှင့် နည်းပညာဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများ စသည်တို့ကို ပြုလုပ်ပေးသည့် Cisco လုပ်ငန်းအား တည်ထောင်ခဲ့ပြီးနောက် သုံးနှစ်အကြာတွင် မိုက်ခရိုဆော့ဖ်၌ တာဝန်ထမ်းဆောင်ခဲ့သည်။ အမေရိကရှိ Travelocity နှင့် Capital One ကဲ့သို့ လုပ်ငန်းများတွင် တာဝန်ယူခဲ့ကာ အချက်အလက်စီမံခန့်ခွဲရေးကဏ္ဍတို့တွင် အလေးထားဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | စူဇူကီး(ဆွမ်) (၂၀၁၁) | ယာယီ | ၁၃၂ သိန်း | မန်းလိုင်စင် 1.3 ဓာတ်ဆီ |
| ၂။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၃၅ သိန်း | မန်းလိုင်စင်၊ 1.3 ဓာတ်ဆီ |
| ၃။ | ပရိဘောက် (၂၀၁၀) | ယာယီ | ၁၂၅ သိန်း | မန်းလိုင်စင်၊ 1.3 ဓာတ်ဆီ |
| ၄။ | ဒီမီယို (၂၀၁၀) | ယာယီ | ၁၁၅ သိန်း | ပဲခူးလိုင်စင်၊ 1.3 ဓာတ်ဆီ |
| ၅။ | ဟွန်ဒါဖစ်ဆိုက် (၂၀၁၀) | ယာယီ | ၁၄၇ သိန်း | မန်းလိုင်စင်၊ 1.3 ဓာတ်ဆီ |
| ၆။ | ဟိုင်းလတ်/ဗီဂို (၂၀၃၀) | ယာယီ | ၁၇၅ သိန်း | နယ်လိုင်စင်၊ 2.5 ဒီဇယ် |
| ၇။ | ကလူဂျာ (၂၀၀၅) | ယာယီ | ၃၅၀ သိန်း | ရန်ကုန်၊ 2.4 ဓာတ်ဆီ |
| ၈။ | ကရောင်း (၂၀၀၃) | 9J | ၂၂၅ သိန်း | ရန်ကုန်၊ 2.4 ဓာတ်ဆီ |
| ၉။ | အပ်ကား (၂၀ နှစ်) | | ၉၇ သိန်း | |



## မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနရုံး၌ GIZ အထောက်အပံ့ဖြင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းဖွင့်လှစ်

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနရုံး၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (Mobile Training)ကို မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် GIZအထောက်အပံ့ဖြင့် စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိဖွင့်လှစ်ခဲ့ရာ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးမြင့်လွင်က သင်တန်းအဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။

သင်တန်းနည်းပြများအဖြစ် စားသုံးသူရေးရာ ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဆွေတင်ကြူး၊ ဒုတိယညွှန်ကြားရေးမှူးများ ဖြစ်ကြသည့် ဦးစိုးအောင်၊ ဦးရဲထွန်းနိုင်၊ ဒေါ်မျိုးမျိုးထိုက်၊ ဒေါ်နီလာသိန်းနှင့် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းတာဝန်ခံ ဒေါက်တာပြည့်ထူးတို့က စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ သင်ခန်းစာများအား ပို့ချခဲ့ပါသည်။ သင်တန်းသို့ တိုင်းဒေသကြီးရုံးမှ သင်တန်းသား ၂၁ ဦးနှင့် ခရိုင်၊ မြို့နယ်များမှ သင်တန်းသား ၂၄ ဦး၊ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြပါသည်။

စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းကို လက်တွေ့ဆောင်ရွက်နေသည့် တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အရာထမ်း၊ အမှုထမ်းများအနေဖြင့် စားသုံးသူပြည်သူများကို စားသုံးသူအခွင့်အရေးနှင့်အကျိုးစီးပွားများအား ဥပဒေဘောင်အတွင်းမှ ကာကွယ်ပေးနိုင်ရေးအတွက် ယခုသင်တန်းမှ အတွေ့အကြုံများ၊ အသိပညာ ဗဟုသုတများသည် အလွန်အဖိုးတန်ကြောင်းနှင့် လက်တွေ့ဆောင်ရွက်ရာတွင် များစွာအသုံးဝင်သည့် သင်တန်းတစ်ခုဖြစ်ကြောင်း တက်ရောက်လာသည့် သင်တန်းသားတစ်ဦး၏ ပြန်လည်ပြောပြချက်အရ သိရှိရပါသည်။

အဆိုပါသင်တန်းတွင် သင်တန်းသားများအား ကုန်စည်နှင့် ဝန်ဆောင်မှုရယူသုံးစွဲရာတွင် ဖြစ်ပေါ်လာသည့် အငြင်းပွားမှုအား ပြေလည်သည်အထိ ဖြေရှင်းပုံများကို သင်တန်းသားများအား အုပ်စုလေးစုဖွဲ့၍ လက်တွေ့သရုပ်ပြစေပြီး သင်တန်းနည်းပြများက လိုအပ်သည်များကို ထောက်ပြဆွေးနွေးပေးခဲ့ကြောင်းလည်း သတင်းရရှိပါသည်။ **အေးအေးမိုး (မကွေး)**

## ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ချောင်းသာကမ်းခြေတွင် ပြုလုပ်

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးသော ဒေသတစ်ခုဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့နယ်ခွဲအတွင်း တည်ရှိသော ချောင်းသာပင်လယ်ကမ်းခြေဒေသသို့ ပွင့်လင်းရာသီဖြစ်တဲ့ အောက်တိုဘာလမှ မေလအထိ ပြည်တွင်း၊ ပြည်ပခရီးသွားများ အများဆုံး လာရောက်လည်ပတ်မှုရှိခြင်း၊ စီးပွားရေးမြို့တော် ရန်ကုန်မြို့နှင့် ရာသီမရွေး သွားလာနိုင်ခြင်း၊ ညီညာလှပသော သဲသောင်ပြင်၊ ပြာလဲ့သောပင်လယ်ရေလှိုင်းနှင့် သဘာဝအလှတရားများ ရှိခြင်းတို့ကြောင့် အဆိုပါ သဘာဝအလှတရားများ ရေရှည်တည်တံ့ရေးနှင့် ပင်လယ်ကမ်းခြေဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ချောင်းသာကမ်းခြေ၊ ဧရာဝတီဟိုတယ်ခန်းမတွင် စက်တင်ဘာ ၁၆ မှ ၁၈ ရက်အထိ ကျင်းပခဲ့ကြောင်း သိရပါတယ်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌနဲ့ ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးရည်မွန်နဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်း၊ ဧရာဝတီတိုင်းဒေသကြီး တရားသူကြီးချုပ်နဲ့ ဥပဒေအကြံပေးအရာရှိများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ဟိုတယ်/ခရီး တိုင်းဒေသကြီး တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်းနဲ့ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ချောင်းသာဒေသရှိ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဟိုတယ်ဇုန်တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ ရပ်မိရပ်ဖ၊ ဒေသခံပြည်သူများ အပါအဝင် စုစုပေါင်း ၁၃၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါဆွေးနွေးပွဲတွင် ချောင်းသာကမ်းခြေဒေသ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ဖိတ်ကြားထားတဲ့ပညာရှင်များက ခေါင်းစဉ် အသီးသီးဖြင့် ဆွေးနွေးခဲ့ကြရာ Plastic or Foe ခေါင်းစဉ်ဖြင့် ဒေါက်တာ ချိုဝင်းမော်ကလည်းကောင်း၊ Sustainability in Tourism Sector ခေါင်းစဉ်ဖြင့် ဦးညွန့်ဝင်းနိုင်၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကျန်းမာရေး ပြဿနာ ခေါင်းစဉ်ဖြင့် ဒေါက်တာကျော်စွာဦးက လည်းကောင်း၊ ကမ်းခြေဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး (Coastal Tourism) ခေါင်းစဉ်ဖြင့် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ ဦးဇော်လင်းထွန်းကလည်းကောင်း၊ ကမ်းခြေဒေသစီးပွားရေးလုပ်ငန်းများ အစဉ်ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ARCCI မှလည်းကောင်း၊ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ အစဉ်ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ဒေါ်ဝေဖြိုးမြင့်ကလည်းကောင်း၊ ကမ်းခြေဆိုင်ရာ စီးပွားရေးလုပ်ငန်း အသိပညာများ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ဒေါ်ဆွေဇင်ထိုက်က လည်းကောင်း၊ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ရေးခေါင်းစဉ်ဖြင့် ချောင်းသာကျေးရွာအုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ကလည်းကောင်း၊ စည်းစနစ်တကျရှိရေးနှင့် တရားဥပဒေစိုးမိုးရေးခေါင်းစဉ်ဖြင့် ဥပဒေပညာရှင်တစ်ဦးကလည်းကောင်း၊ တန်းတူညီမျှခြင်းမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဆီသို့ခေါင်းစဉ်ဖြင့် UNDP မှ ဒေါ်စန္ဒာသန့်ကလည်းကောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် စိန်ခေါ်မှု အန္တရာယ်များနှင့် ဖြစ်နိုင်ခြေများသော မိုးလေဝသပညာရပ်များ ခေါင်းစဉ်ဖြင့် မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## လှိုင်ကော်မြို့ရှိ အစားအသောက် ရောင်းချသော ဈေးဆိုင်များအား သန့်ရှင်းသပ်ရပ်မှု ပညာပေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

လွိုင်ကော်မြို့ရှိ အစားအသောက်ရောင်းချသော ဈေးဆိုင်များအား သန့်ရှင်း သပ်ရပ်မှု ပညာပေးအလုပ်ရုံ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ရက်မှ ၂၂ရက်အထိ လွိုင်ကော် မြို့ သီရိမင်္ဂလာဈေးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန (International Trade Center) မှ တာဝန်ရှိသူများနှင့် ကျွမ်းကျင်ပညာရှင်များ လာရောက်၍ ဆွေးနွေးပညာပေး ပို့ချခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ဝန်ထမ်းများ၊ ဈေးကော်မတီမှ တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ သီရိမင်္ဂလာဈေးအတွင်းရှိ ဈေးသူ၊ ဈေးသားများ စုစုပေါင်း ၂၄၁ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲကို ဒေသထွက် အစားအသောက် သန့်ရှင်းသပ်ရပ်မှုနှင့် လုံခြုံစိတ်ချရမှု၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်၍ ဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ အစားအသောက် လုံခြုံရေးအတွက် အကောင်အထည်ဖော်ရန် ကြိုးကြပ်သူများကို ရည်ရွယ်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိပါသည်။ **ဗညားထက်** (Myan Trade)

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၆-၉-၂၀၁၆ မှ ၂-၁၀-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လူမှုရေး ကိစ္စများအများနှင့် သင့်မြတ်မှုရှိတတ်သည်။ စားသောက်ကုန်ပစ္စည်းများနှင့် အကျိုးပေးနိုင်သော အချိန်အခါဖြစ်ပါသည်။ ပညာရေးတွင် မှတ်ဉာဏ်အားကောင်းနေမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာအိမ်ရောဂါ၊ အသည်းနှင့်ပတ်သက်သောရောဂါဖြစ်တတ်ပါသည်။ အချစ်ရေးကံကောင်းနေမည်။

**ယတြာ။ ။ဘုရား၊ ရဟန္တာကိုနေကြာပန်းလှူပါ။**



**တနင်္လာသားသမီးများအတွက်** အကျိုးဆောင်လုပ်ငန်းများ၊ မြေထွက်သီးနှံများနှင့် ပတ်သက်သော စီးပွားရေးအကျိုးပေးအားကောင်းနေတတ်ပါသည်။ ပညာရေးတွင် ဝီရိယအားနည်းနေသောကြောင့် သင်ကြားနေသော ဘာသာရပ်တို့သည် သဟဇာတမတဲ့ဖြစ်နေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်သော ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။ အချစ်ရေးတွင် အိမ်ထောင်ရေးတည်မြဲရန် ကြိုးစားနေရတတ်ပါသည်။

**ယတြာ။ ။သံဃာတော်နှင့် သက်ကြီးရွယ်အိုတို့ကို ဆေးဝါးလှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** အပေါင်းအသင်းများနှင့်တွဲဖက်၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေရတတ်သည်။ ဝင်ငွေထွက်ငွေမမျှဘဲထွက်ငွေများနေမည်။ ရေသန့်လုပ်ငန်းများ၊ ရေထွက်ပစ္စည်းများ အကျိုးပေးပါသည်။ ပညာရေးတွင် နှောင့်နှေးမှုအခက်အခဲရှိမှုတို့မတွေ့ရတတ်ပါ။ ကျန်းမာရေးတွင် အစာအဆိပ်သင့်ခြင်း၊ အစာအိမ်ရောဂါ၊ လေရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေးကံမကောင်းသေးပါ။

**ယတြာ။ ။ဘာသာတရားကို လေ့လာပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အလုပ်အကိုင် ကောင်းပြီး စီးပွားရေးတိုးတက်အောင်မြင်လာတတ်ပါသည်။ နိုင်ငံရပ်ခြားစီးပွားရေးလုပ်ငန်းများ ကောင်းသော အချိန်အခါဖြစ်ပါသည်။ ပညာရေးနှင့်ပတ်သက်၍ ဖျတ်လတ် သွက်လက်နေမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆီးနှင့်သက်ဆိုင်သောရောဂါဝေဒနာခံစားရတတ်သည်။ အချစ်ရေးနှင့် အိမ်ထောင်ရေးတွင် အလေးအနက်မထားရှိနေတတ်သည်။

**ယတြာ။ ။ဘုရားနှင့် ရဟန္တာအရှင်မြတ်တို့အား ရောင်တော်ဖွင့်ပါ။**



**ကြာသပတေးသားသမီးများအတွက်** အများနှင့်ဆက်နွယ်၍ လုပ်ကိုင်ရသော ဝန်ဆောင်မှုလုပ်ငန်း၊ ဆေးဝါးလုပ်ငန်း စသည်တို့နှင့် အကျိုးပေးပါသည်။ ပညာရေးကြိုးပမ်းနေရတတ်သည်။ ကျန်းမာရေးတွင် ဝမ်း၊ ရင် ဥပဒ်ရှိတတ်သည်။ သတိရှိစွာနေထိုင်သွားလာပါ။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အောင်သွယ်လုပ်သူနှင့် မိတ်ဆွေဖြစ်သွားသည့်အတွက် အချစ်ရေးကံကောင်းသွားတတ်သည်။

**ယတြာ။ ။ကျောင်းဆောက်လှူဒါန်းခြင်း ကျောင်းဆောက်ရန်အတွက် အလှူငွေတတ်နိုင်သလောက် ထည့်ဝင်ပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် လွဲချော်မှုများဖြစ်တတ်သည်။ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာတို့နှင့် အကျိုးပေးပါသည်။ ပညာရေးတွင် အောင်မြင်ရေးလမ်းကြောင်းပေါ် ရောက်ရှိမည်ဖြစ်ပါသည်။ ကျန်းမာရေးအနေဖြင့် ဆိုးဆိုးရွားရွားမရှိပါ။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အတွေးမှားနေတတ်သောသဘောရှိနေလိမ့်မည်။

**ယတြာ။ ။ဘုရား၊ ရဟန္တာများကို သောက်တော်ရေကပ်လှူပါ။**



**စနေသားသမီးများအတွက်** ဘာသာတရားအရပြောဆိုလုပ်ကိုင်တတ်သော်လည်း တစ်ခါတစ်ရံကိုယ်ထင်ရာကိုယ်စိုင်း၍ ကိုယ်လုပ်ချင်တာကိုယ်လုပ်တတ်သည့် သဘောရှိနေမည်။ ခရီးသွားလုပ်ငန်း၊ နိုင်ငံခြားငွေကြေးကိစ္စများ လျှို့ဝှက်ထောက်လှမ်းသောလုပ်ငန်းတို့မျှော်လင့်ချက်ရှိတတ်ပါသည်။ ပညာရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စများတွင် အဆင်ပြေမှုခံစားရတတ်ပါသည်။

**ယတြာ။ ။အအေးအချိုရည် လှူဒါန်းပါ။**

# ပုသိမ်ဆန်စပါးဈေးကွက် စက်တင်ဘာလဆန်းမှ ယခုအချိန်ထိ ဈေးနှုန်းကျဆင်း အရောင်းအဝယ်အေးလျက်ရှိ

ပုသိမ်မြို့ပေါ်ရှိ ဆန်စပါးဈေးကွက်မှာ စက်တင်ဘာလဆန်းမှစ၍ အရောင်းအဝယ်အေးလျက်ရှိရာမှ စက်တင်ဘာ ၂၃ ရက်အထိ ဈေးနှုန်းဆက်လက်ကျဆင်းလျက်ရှိပြီး ဈေးကွက်ဝယ်လိုအား လျော့နည်းလျက်ရှိကြောင်း၊ ဈေးကွက်သဘောအရ အရောင်းအဝယ်သွက်လျှင် ဈေးနှုန်းမြင့်ပြီး အရောင်းအဝယ်အေးလျှင် ဈေးနှုန်းကျဆင်း၍ ယခင်ဇရာဝတီပေါ်ဆန်းတစ်အိတ်လျှင် ၃၆၀၀၀၊ ၃၇၀၀၀ ကျပ်မှ ယခု ၃၄၀၀၀၊ ၃၅၀၀၀ ကျပ်၊ ရွှေသွယ်ဆန် တစ်အိတ် ၃၀၀၀၀၊ ၃၂၀၀၀ ကျပ်မှ ယခု ၂၈၀၀၀၊ ၂၉၀၀၀ ကျပ်၊ မြီးကောက်ဆန် တစ်အိတ်လျှင် ၂၅၀၀၀၊ ၂၆၀၀၀ ကျပ်မှ ယခု ၂၃၀၀၀၊ ၂၄၀၀၀ ကျပ်၊ နှွေသီးထပ် ရင် ဆန်တစ်အိတ်လျှင် ယခင် ၂၁၀၀၀၊ ၂၁၅၀၀ ကျပ်မှ ယခု ၁၉၀၀၀၊ ၁၉၅၀၀ ကျပ်နှင့် ပျမ်းမျှဆန်တစ်အိတ်လျှင် ၂၀၀၀၊ ၃၀၀၀ ကျပ်ဝန်းကျင်ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရပါတယ်။

ပုသိမ်ဈေးကွက်မှ အဓိကတင်ပို့နေသော မန္တလေး၊ ပြည်၊ အညာဒေသနဲ့ ရန်ကုန်မြို့များရှိ ကုန်သည်များနဲ့လည်း မှာယူမှုမရှိဘဲ လက်လီ/ လက်ကား ဈေးကွက်အေး၍ ယခုနှစ် စပါးလှောင်ထားသော စက်ပိုင်၊ တောင်သူ၊ ကုန်သည်အချို့မှာ စပါးဈေးနှုန်းကျဆင်းမှုအပေါ် ပြန်လည်ထုတ်ရောင်းရန် အခက်အခဲရှိနေပြီး အောက်တိုဘာ ဒုတိယပတ် မိုးစပါးပေါ်ခါနီး ဆန်စပါးဈေးကွက်မှာ မှန်းဆရခက်နေကြောင်း ဆန်ကုန်သည် တစ်ဦးကပြောပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

# အင်းတော်ငါးရှဉ့်များကို မန္တလေးဈေးကွက်သို့ နေ့စဉ်တင်ပို့



မိုးတွင်းကာလ ဖြစ်တာကြောင့် အင်းတော်မြို့နယ်အတွင်းမှာ ငါးရှဉ့်ထောင်ဖမ်းသူတွေ များပြားလာပါတယ်။ အင်းတော်မြို့နယ်ဟာ သစ်တော၊ လျှိုမြောင်တွေ၊ လယ်ကန်သင်းတွေ၊ ရေမြောင်းတွေ ပေါများတာကြောင့် ငါးရှဉ့်ဖမ်းသူတွေ ပိုမိုများပြားလာတာ ဖြစ်ပါတယ်။

အင်းတော်မြို့ပေါ်မှာ ငါးရှဉ့်အဝယ်ဒိုင်တစ်ခုရှိပြီး၊ အဆိုပါအဝယ်ဒိုင်က မန္တလေးမြို့ပေါ်မှာရှိတဲ့ ငါးရှဉ့်အဝယ်ဒိုင်ကို အင်းတော်မြို့မှ မှန်လုံကားများနဲ့ သွားရောက်တင်ပို့ရောင်းချကြတာ ဖြစ်ပါတယ်။

အင်းတော်မြို့ပေါ်မှာ ငါးရှဉ့်တစ်ပိဿာကို ကျပ် ၅၀၀၀ဈေးရှိပြီး နေ့စဉ် ပိဿာတစ်ရာကျော်အထိ ဝယ်ယူနေရကြောင်း ငါးရှဉ့်အဝယ်ဒိုင်ပိုင်ရှင် ဦးသက်ဦးက ပြောပါတယ်။

“နေ့စဉ် ငါးရှဉ့် လာရောက်ရောင်းချသူ သုံးဆယ်ကျော်လောက်ရှိပါတယ်။ တစ်ယောက်ကို သုံးပိဿာ၊ လေးပိဿာ ပုံမှန်လာရောင်းကြတယ်။ ငါးရှဉ့်ဈေးကတော့ အရွယ်စုံတစ်ပိဿာကို ကျပ် ၅၀၀၀ ဈေးရှိတာကြောင့် တစ်ယောက်ကို ကျပ် ၁၅၀၀၀ နဲ့ ကျပ် ၂၀၀၀၀ လောက်ရကြတယ်။ ငါးရှဉ့်ဖမ်းသူတွေက မြုန်းထောင်ပြီး ဖမ်းကြတယ်။ မြုန်းဆိုတာ ငါးဖမ်းကိရိယာတစ်မျိုးဖြစ်ပြီး ဝါးခြင်းတောင်းကို ရက်လုပ်ထားတာပါ။ အဲဒီမြုန်းထဲကို ကဏန်းအရှင်ထည့်ထားပြီး ရေအိုင်၊ ရေစပ်နားမှာထားပြီး ဖမ်းရတာပါ။ နေ့စဉ် ပိဿာတစ်ရာကျော် အရောင်းအဝယ်ဖြစ်ပြီး မန္တလေးဈေးကွက်ကို မှန်လုံကားတွေနဲ့ တိုက်ရိုက်တင်ပို့တာပါ။ မိုးများတဲ့ နှစ်ဆိုပိုပြီး အရောင်းအဝယ် ကောင်းတယ်” လို့ ငါးရှဉ့်အဝယ်ဒိုင် ပိုင်ရှင် ဦးသက်ဦးက ပြောကြားခဲ့ပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

# မုံရွာဆီထွက်သီးနှံဈေးကွက်ကျဈေးနဲ့ အရောင်းအဝယ်သွက်လာ

မုံရွာကုန်စည်ဒိုင်ရဲ့ စက်တင်ဘာ တတိယပတ် ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲဆန်မျိုးစုံနဲ့ နှမ်းမျိုးစုံပါ ကျဈေးဖြစ်ပေါ်ခဲ့ပေမယ့် နယ်ဝယ်လက်နဲ့ ဒေသတွင်းဝယ်လိုအား မြင့်လာလို့ အရောင်းအဝယ် အနည်းငယ်သွက်လာတယ်လို့ ဈေးကွက်ကဆိုပါတယ်။

ယခုတစ်ပတ် မြေပဲဆန်ဈေးကွက်မှာ မြေပဲလုံးဆန်နီ(တစ်ပိဿာ) ၂၀၇၅ ကျပ် အမြင့်ဆုံးပေါက်ခဲ့ပြီး ဆီဆန်အသန့်ကို ရန်ကုန်ဝယ်လက်များက အဝယ်လိုက်လာတဲ့အတွက် အိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ လုံးဆန်(ဖြူ) ကတော့ တစ်ပိဿာ ၂၀၂၅ ကျပ်အထိ ကျဆင်းသွားပြီး ဒေသတွင်း ဆားလှော်သမားတွေ ဝယ်လိုအားမြင့်လို့ တစ်ရက်ကို အိတ် ၃၀၀ မှ ၄၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မြေပဲဆီဆန်အနေနဲ့ တစ်ပိဿာ ၁၇၅၀ ကျပ်၊ ၁၇၀၀ ကျပ်အထိ ကျဈေးဖြစ်ခဲ့ကာ ဒေသခံဆီစက်ဝယ်လိုအားအရ တစ်ရက်ကို အိတ် ၂၀၀ မှ ၃၀၀ ခန့် အရောင်းအဝယ်သွက်လာတယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

နှမ်းဈေးကွက်မှာလည်း ဆက်လက်ဈေးငြိမ်ခဲ့ရာ နှမ်းဖြူတစ်တင်း ၂၉၀၀၀ ကျပ်၊ အမြင့်ဆုံးပေါက်ဈေးနဲ့ အလှော်သမားဝယ်လက်က တစ်ရက်အိတ် ၁၀၀ ခန့်၊ နှမ်းဝါ တစ်တင်းကို ၂၄၅၀၀ နဲ့ အမြင့်ဆုံးပေါက်ဈေးဖြစ်ခဲ့ပြီး တစ်ရက်ကို အိတ် ၅၀ မှ ၁၀၀ ခန့်၊ နှမ်းနီ တစ်တင်းကို ၂၁၅၀၀ ကျပ်၊ နှမ်းညို တစ်တင်းကို ၂၃၅၀၀ ကျပ် အသီးသီး အမြင့်ဈေးပေါက်ခဲ့ပြီး ဆီသမားအဝယ်ကြောင့် တစ်ရက်အိတ် ၂၀၀ ခန့်နဲ့ နှမ်းနက်တစ်တင်း အမြင့်ဆုံး ၄၃၀၀၀ ကျပ်ဈေးအထိ ပေါက်ခဲ့တယ်။ တရုတ်ဝယ်လက်ရှိလို့ တစ်ရက်အိတ် ၂၀၀ ခန့် အရောင်းအဝယ်သွက်လာခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**



## မြို့ကြီးများ၏ ၁၉-၉- ၂၀၁၆ မှ ၂၃-၉- ၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၆-၉-၂၀၁၆) | အင်္ဂါ(၂၇-၉-၂၀၁၆) | ဗုဒ္ဓဟူး(၂၈-၉-၂၀၁၆) | ကြာသပတေး(၂၉-၉-၂၀၁၆) | သောကြာ(၃၀-၉-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၈၉°F |
| ရန်ကုန်မြို့ | ၈၀% ၂၉°C/၈၅°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F |
| မန္တလေးမြို့ | ၆၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၈°F | ၆၀% ၃၂°C/၈၉°F | ၄၀% ၃၁°C/၈၈°F |
| မြစ်ကြီးနား | ၆၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၈°F | ၄၀% ၃၂°C/၈၉°F | ၅၀% ၃၂°C/၈၉°F | ၄၀% ၃၁°C/၈၇°F |
| လားရှိုး | ၈၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၂°F |
| ကျိုင်းတုံ | ၈၀% ၂၈°C/၈၃°F | ၅၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F |
| လွိုင်ကော် | ၈၀% ၂၆°C/၇၉°F | ၈၀% ၂၇°C/၈၀°F | ၄၀% ၂၇°C/၈၀°F | ၆၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F |
| တောင်ကြီး | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၆°F | ၆၀% ၂၅°C/၇၇°F | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၅°C/၇၇°F |
| မော်လမြိုင် | ၆၀% ၂၉°C/၈၅°F | ၆၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၅၀% ၃၁°C/၈၇°F | ၄၀% ၃၀°C/၈၆°F |
| ဘားအံ | ၈၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၇°F |
| တောင်ငူ | ၈၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၅၀% ၃၁°C/၈၈°F |
| မုံရွာ | ၈၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F |
| ပုသိမ် | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F |
| မြိတ် | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F |
| စစ်တွေ | ၈၀% ၂၉°C/၈၅°F | ၄၀% ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | ၄၀% ၃၁°C/၈၇°F |
| မကွေး | ၈၀% ၃၁°C/၈၇°F | ၅၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၈၉°F |
| ဖလမ်း | ၈၀% ၂၂°C/၇၃°F | ၈၀% ၂၂°C/၇၀°F | ၈၀% ၂၂°C/၇၃°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၃°C/၇၄°F |

## ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းတွင် အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ခတ်

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းတွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၅ အဆင့်ရှိအင်အားအနည်းငယ် ပြင်းထန်သည့် ငလျင်တစ်ခု စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက လှုပ်ခတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါငလျင်သည် မင်ဒါနာအိုကျွန်းပေါ်ရှိ ဒါဗာအိုမြို့၏ အရှေ့ဘက် ၁၁၄ ကီလိုမီတာ (၇၁မိုင်) ခန့်အကွာ ကုန်းတွင်းပိုင်းကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြေအောက်အနက် ၆၉ ကီလိုမီတာ (၄၃မိုင်)ခန့်အကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ငလျင်တိုင်းတာရေးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

ယင်းကဲ့သို့ မြေအောက်အနက် ၆၉ ကီလိုမီတာကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းကြောင့် ဆူနာမီသတိပေးချက် ထုတ်ပြန်ရန်မှာ ဖြစ်နိုင်ဖွယ်ရာမရှိကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနကို ပြောကြားခဲ့သည်။

“ငလျင်လှုပ်တဲ့အင်အားက ပြင်းထန်ပေမယ့် ကြီးကြီးမားမား ပျက်စီးတာမျိုးတော့ အခုအချိန်အထိ သတင်းမရရှိသေးပါဘူး။ ပျက်စီးမှုတွေတော့ ရှိနိုင်ပါတယ်။ အခုထိတော့ သတင်းမရသေးလို့ ထုတ်ပြန်မပေးနိုင်သေးပါဘူး”ဟု ဖိလစ်ပိုင်ငလျင်တိုင်းတာရေး အေဂျင်စီမှ ရီနာတိုဆိုလီဒမ်က ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါမင်ဒါနာအိုကျွန်းကို ဗဟိုပြု၍ ငလျင်လှုပ်ခတ်မှုသည် မင်ဒါနာအိုကျွန်းပေါ်ရှိ ပြည်နယ်အားလုံးသို့ ပျံ့နှံ့သွားခဲ့သဖြင့် မင်ဒါနာအိုကျွန်းပေါ်တွင် နေထိုင်သည့် ပြည်သူများအားလုံး အထိတ်တလန့်ဖြစ်သွားခဲ့သည်။

ထို့ပြင် မင်ဒါနာအိုကျွန်းပေါ်တွင် အထပ် ၂၃ ထပ်မြင့်သည့် အေဗီဒါမျှော်စင်ကို တည်ဆောက်လျက်ရှိရာ အဆိုပါမျှော်စင်တည်ဆောက်ရေးလုပ်ငန်းခွင်မှ အလုပ်သမားများအားလုံးလုပ်ငန်းခွင်မှ ထွက်ပြေးခဲ့ကြရသည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် မီးတောင်စက်ကွင်းအတွင်းတည်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ မီးတောင်ပေါက်ကွဲမည့် အရိပ်အယောင်များဖြစ်ပေါ်တိုင်း ငလျင်လှုပ်ခတ်မှုများ ဖြစ်ပေါ်လေ့ရှိသည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**



## အင်ဒိုနီးရှားနိုင်ငံတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ပြီး မြေပြိုကျမှုများကြောင့် ၂၆ ဦး သေဆုံးပြီး ၁၉ ဦး ပျောက်ဆုံးနေ

အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗားကျွန်းရှိ ဂျာရတ်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပြီး မြေပြိုကျမှုများကြောင့် လူပေါင်း ၂၆ ဦးသေဆုံးပြီး ၁၉ ဦးပျောက်ဆုံးလျက်ရှိကြောင်း တိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါဖြစ်ရပ်သည် ယခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံတွင် အဆိုးရွားဆုံးသော ဖြစ်ရပ်တစ်ခုဖြစ်ခဲ့ပြီး မိုးရွာသွန်းမှုသည် စံချိန်တင်လောက်အောင် ရွာသွန်းခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ မိုးရွာသွန်းမှုများကြောင့် ဂျာရတ်ပြည်နယ်တစ်ခုလုံးတွင် နေရာတိုင်းနီးပါး ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရကြောင်း၊ မိုးရွာသွန်းမှုသည် စက်တင်ဘာ ၂၂ ရက်မှစတင်ကာ စက်တင်ဘာ ၂၃ ရက်အထိ ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မိုးရွာသွန်းပြီး ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများဖြစ်ပွားခဲ့ခြင်းကြောင့် လူပေါင်း ၄၃၀ ခန့်မှာ အိုးမဲ့အိမ်မဲ့များဖြစ်ပေါ်ခဲ့ရကာ စားရေရိက္ခာ ပြတ်လပ်မှုများဖြစ်ပေါ်လျက်ရှိသည်ဟု ဆိုသည်။

“စားစရာတွေနဲ့ သောက်သုံးဖို့ ရေတွေ ကျွန်တော်တို့ အများအပြားရရှိအောင် လုပ်ဆောင်ပေးနေပါတယ်။ ဒုက္ခသည်တွေအတွက် နေစရာ ရွက်ဖျင်တဲတွေလည်း အလုံအလောက် ရရှိနိုင်အောင် စီစဉ်ပေးနေပါတယ်။ လူမှုအဖွဲ့အစည်းတွေ တော်တော်များများကလည်း အကူအညီတွေ ပေးနေပါတယ်”ဟု အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားခဲ့သည်။

ယခုအချိန်တွင်မူ လမ်းမများပေါ်တွင် ရေများမရှိတော့သော်လည်း ကားများ ဝင်ထွက်သွားလာနိုင်ခြင်းမရှိသေးသည့်အတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်နှောင့်နှေးလျက်ရှိနေကြောင်း၊ ရေလွှမ်းမိုးသည့် ဒေသများအား သန့်ရှင်းမှုရှိစေရေးနှင့် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရေးအတွက် လုပ်ဆောင်လျက်ရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များ က တိုင်းမ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ပြီးခဲ့သည့်ဇွန်လအတွင်းကလည်း မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၅၀ ခန့် သေဆုံးခဲ့ရသည်ဟု ဆိုသည်။

**မယ်သီတာ**

Vol: 16, No.36 Monday September 26 2016

# tdbk;,Qyfpyfpö;ft E&m ,fS

# ကင်းဝေးရလေအောင်

| KT (သတင်းနည်းပညာ/အရည်အသွေး|



လျှပ်စစ်သည် သုံးစွဲသူတို့အတွက် များစွာ အသုံးဝင် အကျိုးရှိစေသလို သတိမထားဘဲ အသုံးပြုပါက အသက်အန္တရာယ်ကိုပင် ထိခိုက်စေနိုင်ပါသည်။ လျှပ်စစ်ဓာတ်လိုက်သော အမှုကိစ္စတော်တော် များများတွင် လူကလက်ဖြင့် ကိုင်တွယ်မိခြင်းကြောင့် ဖြစ်ရာ ဓာတ်လိုက်နိုင်သည့် နေရာကို လက်ဖြင့်ကိုင်တွယ်မိသော် လျှပ်စီးက လက်မှတစ်ဆင့် ဖြတ်သန်းကာ နှလုံးမှ ခြေထောက်၊ ထိုမှတစ်ဆင့် မြေကြီးထဲသို့ စီးဝင်ကာ ပြည့်စုံသည့် လျှပ်စီးပတ်လမ်းဖြစ်သွားကာ အသက်အန္တရာယ်ဖြစ်စေနိုင်သည်အထိ ဖြစ်ပေါ်နိုင်ပါသည်။ လူ၏နှလုံးထဲသို့ လျှပ်စီးဖြတ်စီးဝင်မည် ဆိုမှဖြင့် နှလုံးရပ်တန့်၍ သေဆုံးရန် ရာခိုင်နှုန်းများပါသည်။ အိမ်သုံးလျှပ်စစ် အသုံးအဆောင် ပစ္စည်းသုံးမျိုးနှင့် ပတ်သက်၍ လျှပ်စစ်အန္တရာယ် ကင်းဝေးနိုင်ရန်နှင့် ပစ္စည်းများဝယ်ယူသုံးစွဲရာတွင် စားသုံးသူများဘက်မှ နစ်နာမှုမရှိစေရန် အရည်အသွေးမီ ပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရေး အတွက် စားသုံးသူတိုင်း သိထားသင့်သော လျှပ်စစ်ဆိုင်ရာ အခြေခံအချက်အလက်များကို တင်ပြလိုပါသည်။

## လျှပ်စစ်ဝါယာကြိုး

စားသုံးသူတို့ နေအိမ်အဆောက်အအုံ နေရာများတွင် အိမ်သုံး လျှပ်စစ်ပစ္စည်းများဖြစ်သည့် လျှပ်စစ်မီးသီး၊ မီးချောင်း၊ လေအေးပေးစက်၊ လျှပ်စစ်မီးဖို၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ စသည်များ တပ်ဆင်ရာတွင် လျှပ်စစ်ဝါယာကြိုးများကို အသုံးပြုရပါသည်။ လျှပ်စစ်ဝါယာများမှာ (Single Wire) တစ်ပင်သွားဝါယာ၊ (Twin Wire) နှစ်ပင်သွားဝါယာများ အသုံးပြုကြပါသည်။ တစ်ပင်သွား ဝါယာတွင် လျှပ်ကာတစ်ထပ်ပါသော ဝါယာနှင့် လျှပ်ကာနှစ်ထပ်ပါသော ဝါယာဆိုပြီး တွေ့ရပါသည်။ နှစ်ပင်ပူးဝါယာတွင် ဝါယာ တစ်ပင်စီတွင် လျှပ်ကာတစ်ထပ်စီပါပြီး ဝါယာနှစ်ပင်ပူးပေါ်တွင် လျှပ်ကာတစ်ထပ်ထပ်မံအုပ်ထားပါသည်။ ဝါယာများကို ထုတ်လုပ်ရာတွင် သက်ဆိုင်ရာစနစ်၏ စံညွှန်းသတ်မှတ်ချက်များတွင် ပါဝင်သော အတိုင်းအတာ သတ်မှတ်ချက်များနှင့်အညီ အရွယ်အစား အမျိုးမျိုးကို ထုတ်လုပ်ရပါသည်။ စံညွှန်းသတ်မှတ်ရာတွင် ပါဝင်သော နန်းမျှင်တစ်ခုစီ၏ အချင်း၊ ဝါယာ၏ လျှပ်ကူးကြိုး၊ ထိပ်ဖြတ်ဧရိယာ၊ လျှပ်ကာ၏အထူ စသည့်အချက်များပေါ် မူတည်ပြီး ဝါယာအရွယ်အစားများ တစ်ခုနှင့်တစ်ခု လျှပ်စီးသယ်ဆောင်နိုင်မှု စွမ်းရည် ကွာခြားပါသည်။ အရွယ်အစား သတ်မှတ်မှုများတွင် ဝါယာမှာ ပါဝင်သော နန်းမျှင် အရေအတွက်နှင့် နန်းမျှင်တစ်ခုစီ၏ အချင်းကို လက်မအတိုင်း အတာဖြင့် ယှဉ်တွဲသတ်မှတ်သည့် ဗြိတိသျှစနစ်တွင် ထုတ်လုပ်သောအရွယ်အစားမှာ 3/.029,3/.036, 7/.029, 7/.036, 7/.044 စသည်တို့ဖြစ်ပြီး ပထမဂဏန်း 3,7 တို့က ဝါယာတွင် ပါဝင်သော နန်းမျှင် အရေအတွက်ဖြစ်ပြီး မျဉ်းစောင်းနောက်ရှိ .029, .036, .029, .036, .044 တို့သည် နန်းမျှင်တစ်ခုစီ၏အချင်းကို ဖော်ပြသော လက်မအရွယ်အစား ဖြစ်ပါသည်။ တခြားစနစ်မှာ ဝါယာ၏ထိပ်ဖြတ် ဧရိယာကို စတုရန်းမီလီမီတာဖြင့် သတ်မှတ်သည့် မက်ထရစ် စနစ်ဖြစ်ပြီး ထုတ်လုပ်သော အရွယ်အစားမှာ 1.5, 2.5, 4 , 6 mm2 စသည်တို့ ဖြစ်ပါသည်။ ဈေးကွက်ထဲတွင် ပြည်တွင်း၊ ပြည်ပမှထုတ်လုပ်သော တံဆိပ်မျိုးစုံဖြင့် ဝါယာကြိုးများ အရောင်းအဝယ် ပြုလုပ်၍ သုံးစွဲတပ်ဆင်နေကြပါသည်။

စားသုံးသူတို့ ဝယ်ယူအသုံးပြုသော လျှပ်စစ်ဝါယာကြိုးများမှာ စံချိန်စံညွှန်းအတိုင်း ဝါယာကြိုးတွင် ရေးသားထားသော်လည်း တချို့မှာ ဝါယာ Guage မပြည့်ခြင်းအပြင် ကာဗာ PVC အညံ့စားများဖြင့် ထုတ်လုပ် ရောင်းချခြင်းများကိုလည်း တွေ့ရှိနိုင်ပါသည်။ စံချိန်စံညွှန်း မကိုက်ညီသော ဝါယာများကို ရွေးချယ်အသုံးပြုပါက ဝန်အားအပြည့် မသုံးစွဲနိုင်ခြင်း၊ အမ်ပီယာအပြည့်အဝ မသုံးစွဲနိုင်ခြင်း၊ အပူလွန်ကဲပြီး မီးလောင်နိုင်သည့် အန္တရာယ်များ ဖြစ်ပေါ်လာနိုင်ပါသည်။ ဝါယာအမျှင်များပြုလုပ်ရာတွင် ကြေးနီပါဝင်မှု ရာခိုင်နှုန်းအပြည့် ထည့်သွင်းရမည်ဟု သတ်မှတ်ထားသော်လည်း အပြည့်အဝ ထည့်သွင်းထားခြင်းမရှိဘဲ အခြားသတ္တုပစ္စည်းများနှင့် ရောစပ်၍ ပြုလုပ်ထားခြင်းကြောင့် ဝန်အပြည့်မသုံးစွဲနိုင်ဘဲ မီးလောင်



ကျွမ်းမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

စားသုံးသူများအနေဖြင့် ဝါယာဂိတ် ပြည့်၊ မပြည့်ကို ပုံတွင် ပြထားသော ဝါယာဂိတ်တိုင်း ပစ္စည်းကိရိယာများဖြင့် တိုင်းတာစစ်ဆေးပြီးမှ ဝယ်ယူတပ်ဆင်ခြင်းသည် နောင်ဖြစ်လာမည့် အန္တရာယ်ကို ကာကွယ်ပြီး လုံခြုံစိတ်ချစွာ အသုံးပြုနိုင်မည် ဖြစ်ပါသည်။

## လျှပ်စစ်ရေနွေးအိုး

ဈေးကွက်အတွင်း၌ ဈေးသက်သာစွာဖြင့် ရောင်းချနေသော နေအိမ်သုံး လျှပ်စစ်ပစ္စည်းများ အနက် 220V, 400 W အရွယ် လျှပ်စစ် ရေနွေးခရားငယ်သည် နှစ်လီတာပမာဏရှိသော ရေကို မီးအားပြည့်လျှင် သုံးမိနစ်ခန့်အတွင်း ဆူပွက်နိုင်စွမ်းရှိသဖြင့် ရေနွေးကျိုလိုသူ၊ စားသုံးသူများအတွက် တပ်မက်ဖွယ်ရာ ပစ္စည်းတစ်ခုပင် ဖြစ်သည်။ သေသပ်လှပခြင်း၊ ပေါ့ပါးခြင်း၊ ဈေးနှုန်းချိုသာခြင်းတို့ကြောင့် ဈေးကွက်၌ ရောင်းအားကောင်းသော နေအိမ်သုံး လျှပ်စစ်ပစ္စည်း တစ်ခုပင် ဖြစ်ပါသည်။ ရေနွေးအိုးတွင် ရေနွေးဆူလျှင် အလိုအလျောက် ပိတ်ပေးမည့် switch 1 သည် လက်ကိုင်ကိုင်း အပေါ်ထိပ်တွင်ရှိပြီး ရေဆူလျှင် တက်လာသည့် ရေနွေးငွေ့၏ အပူချိန်ဖြင့် ခလုတ်ကို ပိတ်စေသော်လည်း အိုးထဲတွင် ရေမရှိပါက ရေနွေးငွေ့ တက်မလာနိုင်သဖြင့် အလုပ်မလုပ်နိုင်ပါ။ switch 2 သည် အိုး၏ အောက်ခြေတွင် ကပ်လျက်ရှိပြီး ရေမပါဘဲ ခလုတ်ဖွင့် မိသည့်အခါ အလိုအလျောက် ပိတ်နိုင်ရန် စီမံထားသော်လည်း မြင့်မားသည့် အပူချိန်ရမှ အလုပ်လုပ်သောကြောင့် ကြာရှည်စွာ မေ့ထားမိပါက မီးဘေး အန္တရာယ် စိုးရိမ်ရသဖြင့် ဤရေနွေးအိုးများကို စားသုံးသူတို့ အသုံးပြုလျှင် အိုးထဲတွင် ရေရှိစေရန်နှင့် မီးပလပ်ကို အမြဲတမ်း တပ်မထားရန် သတိပြုသင့်ပါသည်။

## လျှပ်စစ်မီးဖို

စားသုံးသူတို့ နေအိမ်အများစုတွင် အသုံးပြုနေသော လျှပ်စစ် မီးဖိုများတို့သည် ပြည်တွင်း၌ တပ်ဆင် ထုတ်လုပ်ထားသည့် ပစ္စည်းများ ဖြစ်ကြပါသည်။ လျှပ်စစ်မီးဖိုတစ်ခုတွင် ပါဝင်သော အစိတ်အပိုင်းကြီးများမှာ ကိုယ်ထည်၊ ကြွေခွက်၊ နီကရုမ်းအပူကွိုင်၊ ကြွေပုတီးစေ့၊ ခလုတ်၊ ဖြူး(စ်)နှင့် မီးဆက်ကြိုးတို့ ဖြစ်ကြပါသည်။ လျှပ်စစ်မီးဖို၏ အပူထုတ် နီကရုမ်းကွိုင်သည် နီကရုမ်းစစ်စစ် မဟုတ်ဘဲ သံဖြင့် ရောစပ်ထားသော အညံ့စား ပစ္စည်းများသာ ဖြစ်နေတတ်ရာ ကြာကြာ အသုံးမခံဘဲ အလျင်အမြန် ပြတ်တောက်လေ့ရှိသဖြင့် ပြန်လည်ပြုပြင်ရန် ဒုက္ခများကို ကြုံတွေ့ရလေ့ရှိသည်။ ထို့ကြောင့် လျှပ်စစ်မီးဖို သုံးစွဲလိုသူများ အနေဖြင့် အပူပေးကွိုင် ကောင်းကောင်း တပ်ဆင်ထားခြင်းရှိမရှိ မေးမြန်းပြီးမှ ဝယ်ယူသင့်ပေသည်။ မီးဖို၏ အဓိက အားနည်းချက်သည် မီးဆက်ကြိုးပင်ဖြစ်သည်။ Neutral နဲ့ Line ဆိုပြီး ဝါယာနှစ်ပင်တည်းကိုသာ အသုံးပြုထားတာကြောင့် မြေဓာတ်ချရန် ဝါယာမပါရှိပါ။ အကြောင်းတစ်စုံတစ်ရာကြောင့် သံ၊ သတ္တုကိုယ်ထည်နှင့် လျှပ်စစ်ဓာတ်စီးဆင်းနေသည့် အစိတ်အပိုင်းတို့ ထိတွေ့နေလျှင် လျှပ်တားအကာအကွယ် ကင်းမဲ့နေမည် ဖြစ်ပါသည်။ ထို့ကြောင့် မီးဖိုအား ကိုင်တွယ်အသုံးပြုနေသူ အနေဖြင့် ထိခိုက်မှု ဖြစ်ပွားနိုင်ပါသည်။ ထမင်းအိုးဝေကျခြင်းကြောင့် ဖြစ်စေ၊ ရေနွေးအိုးတည်ရာမှ ရေအမြောက်အများ ဆူပွက် လျှံကျသောကြောင့် ဖြစ်စေ၊ အပူကွိုင် ထည့်ထားသော ကြွေခွက်အပေါ် အများအပြား ကျရောက်သွားပါက အပူကွိုင်ကို ပြတ်တောက် သွားစေနိုင်ပါသည်။ ထိုအခါ အပေါ်၌ တင်ထားသော သတ္တုအိုး၏ အောက်ဖက်ပိုင်းကို မတော်တဆ ထိတွေ့ခြင်း ဖြစ်နိုင်ပါသည်။ ထိုအခါ ကိုင်တွယ်မိသူကို ဓာတ်လိုက်စေမည် ဖြစ်သည်။ထို့ကြောင့် ယင်းအန္တရာယ်မှ ကာကွယ်လိုပါလျှင် မြေစိုက်ကြိုးနှင့် မီးဖို၏ သတ္တုတစ်နေရာတို့ ဆက်သွယ်ပေးပါက ဓာတ်လိုက်မည့် အန္တရာယ်မှ ကင်းဝေးစေမည် ဖြစ်သည်။

ထို့ပြင် ကျောက်ထွင်းကိုယ်ထည် မီးဖိုတို့၏ အဓိက အားနည်းချက်သည် ထမင်းအိုးဝေကျ

”

**လူ၏**

**နှလုံးထဲသို့**

**လျှပ်စီး**

**ဖြတ်စီးဝင်မည်**

**ဆိုမှဖြင့်**

**နှလုံးရပ်တန့်၍**

**သေဆုံးရန်**

**ရာခိုင်နှုန်း**

**များပါသည်။**

၍ဖြစ်စေ၊ ရေနွေးလျှံကျ၍ဖြစ်စေ ကိုယ်ထည် စွတ်စိုနေပါက အပူကွိုင်များနှင့် ဆက်သွယ်ဝါယာများ၊ ခလုတ်၊ ဖြူး(စ်)ခုံတို့မှတစ်ဆင့် လျှပ်စစ်ဓာတ်ယိုစိမ့်မှုကြောင့် ကိုယ်ထည်အား ထိမိ၊ ကိုင်မိလျှင် ဓာတ်လိုက်နိုင်သည်။ နည်းနည်းပါးပါး ဓာတ်လိုက်ခြင်းမှ ပြင်းပြင်းထန်ထန်လိုက်ခြင်းအထိ ဖြစ်နိုင်ပါသည်။ မီးဖိုအား ကွန်ကရိအခင်းပေါ်မှဖြစ်စေ၊ မြေကြီးပေါ်မှဖြစ်စေ၊ ကိုင်တွယ် အသုံးပြုရမည်ဆိုပါလျှင် ကိုင်တွယ်သူသည် ခြောက်သွေ့သော ရော်ဘာဖိနပ်ကို စီးထားသင့်ပါသည်။ (သို့မဟုတ်) ခြောက်သွေ့သော ပျဉ်အခင်းပြား၊ ရော်ဘာအခင်းပြားစသော လျှပ်စစ်ဖိအားကို ကာနိုင်စွမ်းရှိသော ပစ္စည်းတစ်ခုခုအပေါ်မှ ကိုင်တွယ် အသုံးပြုသင့်ပါသည်။ လျှပ်စစ်ကို နားလည်ကိုင်တွယ်တတ်သူအဖို့တော့ လျှပ်စစ်သည် ထာဝရ မိတ်ဆွေကောင်းဖြစ်သကဲ့သို့ စားသုံးသူတို့၏ လူမှုဘဝ မြင့်တင်ရေးအတွက်လည်း ထာဝရ တွန်းအားတစ်ရပ် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

# လာမည့်ရာသီတွင်အိမ်ကွင်းလက်ခံကျင်းပမည်ဖြစ်ပြီး ရခိုင်လူငယ်များအား ပြုစုပျိုးထောင်ပေးသွားရန်လုပ်ဆောင်သွားမည်ဟု အသင်းပိုင်ရှင်ဦးဇော်မင်းသိန်းဆို



၂၀၁၇ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် ရခိုင်ပြည်နယ်ကိုယ်စားပြု ရခိုင်ယူနိုက်တက်အသင်းအနေဖြင့် စစ်တွေမြို့ရှိ ဝေသာလီကွင်းအားပြုပြင်ကာ အိမ်ကွင်းအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်ရှိ ရခိုင်လူငယ်များအားလည်း ပြုစုပျိုးထောင်ပေးသွားမည်ဖြစ်ကြောင်း ရခိုင်ယူနိုက်တက်အသင်းပိုင်ရှင် ဦးဇော်မင်းသိန်းက ပြောကြားကြောင်း အသင်းပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ရခိုင်ယူနိုက်တက်အသင်းပိုင်ရှင် ဦးဇော်မင်းသိန်းက "လာမယ့်ရာသီမှာ ဝေသာလီကွင်းကို ရခိုင်ယူနိုက်တက်ရဲ့ အိမ်ကွင်းအဖြစ် လက်ခံကျင်းပသွားနိုင်မှာဖြစ်ပါတယ်။ မြန်မာ့ဘောလုံးလောက တိုးတက်မြင့်မားဖို့နဲ့ ပရော်ဖက်ရှင်နယ်စနစ် ပိုမိုကျင့်သုံးနိုင်စေဖို့ အခုလို အိမ်ကွင်းလက်ခံကျင်းပဖို့စီစဉ်တာပါ။ ပြီးတော့ရခိုင်ပြည်နယ်က ရခိုင်လူမျိုးကစားသမားတွေ ပိုမိုပေါ်ထွက်လာစေဖို့ လူငယ်တွေလမ်းမှားမရောက်စေဘဲ အားကစားကို ငယ်ငယ်ကနေ လိုက်စားလာစေဖို့ လူငယ်စီမံကိန်းတွေပြုလုပ်သွားဖို့လည်းရှိပါတယ်။ နောက်နှစ် MNL လူငယ်ပြိုင်ပွဲကို နှစ်သင်းပါဝင်ယှဉ်ပြိုင်ရမှာ ဖြစ်တဲ့အတွက်လည်း အသင်းကိုယ်စားပြုတဲ့ ရခိုင်ပြည်နယ်က အလားအလာရှိလူငယ်တွေနဲ့ လူငယ်အသင်း ဖွဲ့စည်းနိုင်ဖို့လည်းလုပ်မှာပါ။ လူရွေးချယ်ပွဲပြုလုပ်ပြီး ရွေးချယ်သွားမှာဖြစ်သလို အကယ်ဒမီ မဟုတ်ပေမယ့် လူငယ်စီမံကိန်းအနေနဲ့ လူငယ်တွေကို ဘောလုံးသင်တန်း တွေပေးပြီး ပြည်နယ်အားကစားတိုးတက်လာအောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသွားခဲ့သည်။

ထို့အပြင် အသင်းပိုင်ရှင် ဦးဇော်မင်းသိန်းက အိမ်ကွင်းလက်ခံကျင်းပပါက တွေ့ကြုံရမည့် အခက်အခဲများကို ကြိုတင်ပြင်ဆင်ရန် လိုအပ်ကြောင်း၊ ပရိသတ်အနေဖြင့်လည်း အလွန်အကျူးအားပေးမှုမျိုး မဖြစ်စေရန် အသင်းအနေဖြင့် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသွားခဲ့သည်။

ရခိုင်ယူနိုက်တက် ဘောလုံးအသင်းသည် ရခိုင်ပြည်နယ်စစ်တွေမြို့ရှိ ဝေသာလီကွင်း မြက်ခင်းပြင်အားပြန်လည်ပြုပြင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး MNL ပြိုင်ပွဲအားလက်ခံကျင်းပနိုင်သည့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီသည့် အဆင့်အထိ ပြုပြင်မွမ်းမံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

# ပေါ်တူဂီလူမျိုးနည်းပြ ရူအီဂူမာရက်စ်အား အမျိုးသားဖူဆယ်နည်းပြအဖြစ် ခန့်အပ်ရန် ဆွေးနွေးလျက်ရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အမျိုးသားလက်ရွေးစင် ဖူဆယ်အသင်းနည်းပြရာထူးအတွက် ပေါ်တူဂီလူမျိုးနည်းပြ ရူအီဂူမာရက်စ်နှင့် နောက်ဆုံးအဆင့်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

ပေါ်တူဂီလူမျိုးနည်းပြ ဂူမာရက်စ်ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မလေးရှားဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ခန့်အပ်နိုင်ရန် ကြိုးစားနေခြင်းဖြစ်ပြီး နောက်ဆုံးအဆင့် ဆွေးနွေးမှုများကို ပြုလုပ်နေပြီဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့အနေနဲ့ စက်တင်ဘာလ အစောပိုင်းကတည်းက သူနဲ့ဆွေးနွေးနေတာပါ။ အပြီးသတ်ညှိနှိုင်းမှု မပြီးသေးတာကြောင့် သတင်းမထုတ်ပြန်နိုင်သေးတာပါ။ အခုဆွေးနွေးတာက နောက်ဆုံးအဆင့်ဆွေးနွေးတာပါ။ ဒီလထဲမှာ အပြီးသတ်ညှိနှိုင်းနိုင်အောင် ဆွေးနွေးသွားမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားဘောလုံးအသင်းသည် ၂၀၁၆ အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် နိုင်ငံခြားသားနည်းပြအမြန်ဆုံး ခန့်အပ်နိုင်ရန် ကြိုးစားနေခြင်းဖြစ်ကြောင်း သိရသည်။

ပေါ်တူဂီလူမျိုးနည်းပြ ရူအီဂူမာရက်စ်သည် ယူအေအီး ဖူဆယ်ကလပ်များတွင် နည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်ကြောင်း သိရသည်။



# ပုခုံးဒဏ်ရာကြောင့် ဝူဟန်အိုးပင်းနှင့် ချိုင်းနားအိုးပင်း ပြိုင်ပွဲများမှ ဆီရီနာဝီလျံ နုတ်ထွက်ခဲ့ရ

ဂရင်းဆလင်းဖလား ၂၂ လုံးပိုင်ရှင် ဆီရီနာဝီလျံသည် ၎င်း၏ပုခုံးဒဏ်ရာကြောင့် တရုတ်နိုင်ငံတွင်ကျင်းပမည့် ဝူဟန်အိုးပင်းနှင့် ချိုင်းနားအိုးပင်းပြိုင်ပွဲများမှ နုတ်ထွက်ခဲ့ရပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။ အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်သည့် ဆီရီနာဝီလျံသည် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ကျင်းပခဲ့သည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲအပြီးတွင် ညာဘက်ပုခုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲသည် ၎င်း၏ ၂၂ လုံးမြောက် ဂရင်းဆလင်း ဆုဖလားကိုရယူနိုင်ခဲ့သည့် အောင်ပွဲတစ်ပွဲဖြစ်ခဲ့သည်။

"အခုဒီပြိုင်ပွဲနှစ်ပွဲစလုံးကို ဝင်မပြိုင်တာက အောက်တိုဘာလ ၂၃ ရက်မှာ စင်ကာပူမှာကျင်းပမယ့် WTA ပြိုင်ပွဲရဲ့ ရာသီသိမ်းပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင်လို့ပါ။ အဲဒီပွဲဟာ ကျွန်မအတွက် အရေးကြီးတဲ့ပွဲတစ်ပွဲဖြစ်ပါတယ်။ အဲဒီပွဲမှာ ကျွန်မ ကျန်းမာရေးကောင်းနေမှဖြစ်မှာမို့ပါ"ဟု ဆီရီနာက ပြောကြားခဲ့သည်။

ဆီရီနာဝီလျံသည် ပြီးခဲ့သည့် ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲ၏အကြိုဗိုလ်လုပွဲတွင် ကာရိုလိုင်းပီလီစကိုဗာကို ရှုံးနိမ့်ခဲ့သဖြင့် ကမ္ဘာ့နံပါတ်တစ်အဖြစ် ၁၈၆ ပတ်ကြာ ရပ်တည်နေခဲ့မှုအားအဆုံးသတ်စေခဲ့သည်။ ဆီရီနာသည်ကမ္ဘာ့အဆင့်တစ်နေရာတွင် ရပ်တည်ခဲ့သည့်အချိန်နှင့် ကမ္ဘာ့တင်းနစ်ချန်ပီယံဟောင်း စတက်ဖီဂရပ်၏ ကမ္ဘာ့အဆင့်တစ်နေရာတွင် ရပ်တည်ခဲ့သည့်အချိန်တို့မှာ တူညီခဲ့သည်ကို တွေ့ရသည်ဟုဆိုသည်။

ဝူဟန်အိုးပင်းတင်းနစ်ပြိုင်ပွဲသည် လာမည့် စက်တင်ဘာ ၂၅ ရက်တွင်ကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၁ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ ထို့ပြင် ချိုင်းနားအိုးပင်းပြိုင်ပွဲကို အောက်တိုဘာ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

# မန်ယူအသင်း၏လက်ထောက်မန်နေဂျာ ရိုင်ယန်ဂစ်အား ဆွမ်ဆီးအသင်းတွင် နည်းပြအဖြစ် ခန့်အပ်ရန် စိတ်ဝင်စားလျက်ရှိ



ဆွမ်ဆီးအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း၏လက်ထောက်မန်နေဂျာဖြစ်သူ ရိုင်ယန်ဂစ်ကို အသင်း၏နည်းပြချုပ်အဖြစ် ခန့်အပ်ရန် စိတ်ဝင်စားလျက်ရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

အသက် ၄၂ နှစ်အရွယ်ရှိ ရိုင်ယန်ဂစ်သည် မန်ယူအသင်းတွင် လက်ထောက်နည်းပြအဖြစ် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လကတည်းက တာဝန်ဆောင်ခဲ့ပြီး မန်ယူအသင်းတွင် ကစားသမားအဖြစ် ၂၉ နှစ်ကြာ ကစားခဲ့သူဖြစ်သည်။

ဆွမ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ယခုနှစ်ဘောလုံးရာသီတွင် ငါးပွဲယှဉ်ပြိုင်ကစားထားခဲ့ပြီး လေးမှတ်သာ ရရှိထားသဖြင့် အသင်း၏ မန်နေဂျာကို အပြောင်းအလဲလုပ်ရန် စီစဉ်လျက်ရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။အဆိုပါအပြောင်းအလဲတွင် ဆွမ်ဆီးသည် မန်ယူအသင်းမှ ရိုင်ယန်ဂစ်ကို ပစ်မှတ်ထားနေခြင်းဖြစ်သည်ဟုဆိုသည်။ လက်ရှိတွင် ဆွမ်ဆီးအသင်းကို နည်းပြချုပ်အဖြစ် ပြင်သစ်နိုင်ငံသား ဖရန်စစ္စကိုဂိုဒီလင်ကိုခန့်အပ်ထားခဲ့ပြီး စာချုပ်သက်တမ်း နှစ်နှစ်ဖြင့် ခန့်အပ်ထားခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ် ဧပြီ ၂၄ ရက်တွင် မန်ယူအသင်း၏မန်နေဂျာ ဒေးဗစ်မိုယက်စ်ကို ထုတ်ပယ်ခဲ့ပြီးနောက် အသင်းပိုင်ရှင်များက ရိုင်ယန်ဂစ်ကို နည်းပြချုပ်အဖြစ် ခေတ္တတာဝန်ယူစေခဲ့သည်။ ဂစ်သည် မန်ယူအသင်း၏ နည်းပြချုပ်အဖြစ် ၂၀၁၄ ခုနှစ် မေ ၁၁ ရက်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ဂစ်သည် ၂၀၁၄ ခုနှစ် မေ ၁၄ ရက်တွင် ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် ၎င်း၏ ကစားဖော်ဟောင်းများဖြစ်သည့် ပေါလ်စခိုးလ်၊ နစ်ကီဘတ်၊ နဗီးလ်တို့နှင့်အတူ ရုပ်သံလုပ်ငန်းများကို လုပ်ကိုင်ရန် စီစဉ်လျက်ရှိသဖြင့် ဆွမ်ဆီးအသင်းမှ နည်းပြအဖြစ် လုပ်ကိုင်ရန် ကမ်းလှမ်းမှုအား လက်ခံနိုင်ဖွယ်ရာမရှိကြောင်း သုံးသပ်လျက်ရှိသည်။

Vol: 16, No.36 Monday September 26 2016

## ခင်ဦးမြို့နယ်၊ လက်ပံလှကျေးရွာ အမကနှင့် ကျေးရွာအတွင်းရှိ မုန့်ဆိုင်များတွင် စီးကရက်ပုံမုန့်များ ရောင်းချမှုရှိ၊ မရှိ စစ်ဆေးပညာပေးခြင်းများ ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ရွှေဘိုခရိုင်ဦးစီးမှူး၊ ဒုတိယခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ လက်ပံလှကျေးရွာ အုပ်ချုပ်ရေးမှူးအပါအဝင် အခြေခံပညာဦးစီးဌာနမှ ရွှေဘိုခရိုင် ပညာရေးမှူးနှင့် ခင်ဦးမြို့နယ်ပညာရေးမှူးတို့သည် ဩဂုတ် ၁၅ ရက်တွင် ခင်ဦးမြို့နယ်၊ လက်ပံလှကျေးရွာ အခြေခံပညာ မူလတန်းကျောင်းရှိ မုန့်ဈေးတန်းနှင့် ကျေးရွာအတွင်းရှိ မုန့်ဆိုင်များတွင် စီးကရက်ပုံမုန့်များ ရောင်းချမှုရှိ၊ မရှိ စားသုံးသူအကာအကွယ်ပေးရေး ရှုထောင့်အရ ကြည့်ရှုစစ်ဆေးခြင်းနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် ရွှေဘိုခရိုင်ဦးစီးမှူး ဦးကျော်ငွေက စီးကရက် ပုံမုန့်များ ရောင်းချမှုကြောင့် ကလေးသူငယ်များအနေဖြင့် စီးကရက်အပေါ် ယဉ်ပါးစွဲလမ်းလာပြီး အရွယ်ရောက် လာသောအခါတွင် စီးကရက်သောက်သုံးမိသည်အထိဖြစ်လာနိုင်သဖြင့် ယခုကဲ့သို့ တားမြစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့ပြင်ခရိုင်ပညာရေးမှူး ဒေါ်ဌေးဌေးမြင့်က သားသမီးများအား အုပ်ထိန်းမှုနှင့်ပတ်သက်၍ ဟောပြောခဲ့ပြီး ရွှေဘိုခရိုင်စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နှင်းနှင်းခိုင်က စီးကရက်ပုံမုန့်များကြောင့် ကလေးသူငယ်များ လမ်းမှားရောက်သွားမည်ကို စိုးရိမ်မိသဖြင့် ယခုကဲ့သို့ ပြောကြားရခြင်းဖြစ်ကြောင်း၊ စီးကရက်သောက်သုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်နှင့်တစ်ဆင့်ခံ ဆေးလိပ်သောက်သုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို အကျယ်တဝင့် ရှင်းလင်း ဟောပြောခဲ့သည်။

ယင်းဟောပြောပွဲသို့ လက်ပံလှကျေးရွာ အမကမှ ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ၊ လက်ပံလှကျေးရွာသူ၊ ကျေးရွာသားများ စုစုပေါင်း ၁၅၈ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**နှင်းနှင်းခိုင် (ရွှေဘို)**

## အ.ထ.က(၇)အလုံတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ



စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်နှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၂၃ ရက်က အလုံမြို့နယ်၊ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းခန်းမတွင်စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် အ. ထ. က (၇)အလုံမှ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်စွမ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင် ပါရှိသည့် စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ ဟောပြောဆွေးနွေးပွဲများ ဆောင်ရွက်နေမှုနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်ယူစားသုံး/ သုံးစွဲရာတွင် ထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်လျှင် ဆက်သွယ်တိုင်ကြားနိုင်မည့်နည်းလမ်းများ၊ သန့်ရှင်းလတ်ဆတ်သည့် အစားအသောက်များကိုသာ ရွေးချယ်ဝယ်ယူသုံးစွဲသင့်ကြောင်း ဟောပြောခဲ့ပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာဟန်မွန်မျိုးဟိန်းက စားသုံးသူအကာအကွယ်ပေးရေးအတွက် ဌာနမှလုပ်ဆောင်ပေးနေမှုများ၊ အမျိုးသားအစားအသောက်ဥပဒေကို ခေတ်နှင့်အညီ အသစ်ပြန်လည်ရေးဆွဲနေမှုများ၊ ဈေးကွက်မရောက်မီနှင့် ဈေးကွက်အတွင်းရှိ ပစ္စည်းနမူနာအား ကောက်ယူစစ်ဆေးနေမှုများ၊ ခွင့်မပြုဆိုးဆေးသုံးစွဲပါက အစားအသောက်ဥပဒေအရ တရားစွဲဆိုနိုင်ကြောင်း၊ ဆေးဝါးနှင့် အလှကုန်များ ဝယ်ယူသုံးစွဲရာတွင် သတိပြုရမည့် အချက်များ ဟောပြောဆွေးနွေးခဲ့ပါသည်။

အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် နှင်းယုလင်းက ကျောင်းသူ/သားများက တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ပတ်သက်၍ လိုက်နာရမည့် အချက်များ၊ ခြင်ကိုက်ခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့်ရောဂါများအကြောင်းတို့ကို ဆွေးနွေးခဲ့ပြီး ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေမှုများအား ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရှိရပါသည်။

ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ တာဝန်ရှိသူများ၊ အလုံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အ. ထ. က (၇)အလုံမှ တာဝန်ခံကျောင်းအုပ် ဆရာမကြီးနှင့်ဆရာမများ၊ ကျောင်း သား/သူများ စုစုပေါင်း ၃၆၅ဦး တက်ရောက်ခဲ့ကြသည်။

အလားတူ စက်တင်ဘာလ တတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် လေး နေရာ၊ အနောက်ပိုင်း ခရိုင်တွင် လေးနေရာ၊ တောင်ပိုင်းခရိုင်တွင် ကိုးနေရာ၊ မြောက်ပိုင်းခရိုင်တွင် ရှစ်နေရာတို့တွင် စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာ ဟောပြော ဆွေးနွေးပွဲများနှင့် ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**အိန္ဒြေအောင်(စားသုံးသူ)ရန်ကုန်**

## အ.မ.က (၁၅) ဖျာပုံမြို့နယ်တွင် ကျောင်းမုန့်ဈေးတန်းအား စစ်ဆေးခြင်းနဲ့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ဖျာပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးစိုးမင်းထိုက်၊ ဒုတိယဦးစီးမှူး ဒေါ်မူမူစန်းနဲ့ ဒုတိယ မြို့နယ်ဦးစီးမှူး ဦးမင်းဇော်တို့သည် ကျောင်းကျန်းမာရေး အဖွဲ့မှ ဆရာမများနှင့် ပူးပေါင်း၍ စက်တင်ဘာလ ၁၅ရက်က အမှတ်(၁၅) ရပ်ကွက်ရှိ အ. မ. က (၁၅)ကျောင်းရှိ မုန့်ဈေးတန်း၌ စားသုံးရန် မသင့်သော အစားအစာများ၊ သက်တမ်းလွန် မုန့်များနှင့် သန့်ရှင်းစွာ ရောင်းချခြင်း ရှိ၊ မရှိတို့အား ကွင်းဆင်း စစ်ဆေးခဲ့ကြပြီး၊ ကျောင်းဈေးသည်များ၊ ကျောင်းသား မိဘများ၊ ကျောင်းသားများနှင့် ဆရာမများ တက်ရောက်သူ ၄၃၄ဦးအား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

အဆိုပါအခမ်းအနားတွင်မြို့နယ် ဦးစီးမှူးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ ပေါ်ပေါက်လာပုံနှင့် စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ ဈေးကွက်ရောက် ကုန်စည်နှင့် ဈေးကွက်မရောက်မီ ကုန်စည်အား ကွင်းဆင်းစစ်ဆေးရာတွင် တွေ့ကြုံရသည့်အတွေ့အကြုံများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူးက အစားအသောက်များတွင် ပါဝင်သော စားသုံးရန်သင့်သည့် ဆိုးဆေးနှင့် စားသုံးရန် မသင့်သော ဓာတုဆိုးဆေး လေးမျိုးအကြောင်းကိုလည်းကောင်း၊ ဒုတိယမြို့နယ် ဦးစီးမှူးက အစားအစာများနှင့် လူသုံးကုန်ပစ္စည်းများမှ ကင်ဆာရောဂါဖြစ်တတ်သည့်အကြောင်း၊ သက်တမ်းလွန် မုန့်များနှင့် ဆိုးဆေးပါဝင်သော မုန့်များအား နမူနာများ ပြသ၍လည်းကောင်း၊ ကျောင်းကျန်းမာရေးမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာခိုင်က ယခုပြသသွားတဲ့ မုန့်များမှာ ကျန်းမာရေးကို ထိခိုက်သဖြင့် ကျောင်းဈေးသည်များ ကျောင်းတွင် မရောင်းကြရန်၊ ကျောင်းမုန့်ဈေးသည်များအနေဖြင့် သန့်သန့်ရှင်းရှင်း ရောင်းချရန်နှင့် ယနေ့မှစ၍ ကျောင်းမုန့်ဈေးတန်းအား ကျောင်းကျန်းမာရေးအဖွဲ့မှ နေ့စဉ် စစ်ဆေးသွားမှာဖြစ်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနက အစားအစာများရွေးချယ်စားရန် ပြောကြားခဲ့ပြီးဖြစ်လို့ တက်ရောက်လာကြတဲ့ ကျောင်းသားမိဘများကလည်း မိမိရင်သွေးများကို ဘေးဥပဒ်မဖြစ်အောင် ကျွေးဖို့လိုကြောင်း ကျောင်းဈေးသည်များနှင့် ကျောင်းသားမိဘများအား မှာကြားခဲ့ကြောင်း သိရပါတယ်။

**မင်းဇော်မွန် (ဖျာပုံ)**

## စက်တင်ဘာလ တတိယပတ်အတွင်း မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနက စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေးပွဲများနဲ့ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် လေးခရိုင်မှ တက္ကသိုလ်၊ ကောလိပ်၊ စာသင်ကျောင်းများ၊ အများပြည်သူဈေးများနှင့် ရပ်ကွက်၊ ကျေးရွာများ၌ စက်တင်ဘာလ တတိယပတ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးဟောပြောဆွေးနွေးပွဲများအား မန္တလေးခရိုင်တွင် သုံးကြိမ်၊ မြင်းခြံခရိုင်တွင် နှစ်ကြိမ်၊ ကျောက်ဆည်ခရိုင်တွင် နှစ်ကြိမ်၊ မိတ္ထီလာခရိုင်တွင် နှစ်ကြိမ်၊ စုစုပေါင်း ကိုးကြိမ် ကျင်းပပြုလုပ်ရန် လျာထားခဲ့ပြီး ယင်းလျာထားချက်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မန္တလေး ခရိုင်မှာတော့ စက်တင်ဘာလ တတိယပတ်အတွင်း အ. ထ. က(၂၇)ပြည်ကြီး တံခွန်မြို့နယ်၊ အ. မ. က(၈) အောင်မြေသာစံမြို့နယ်၊ အ. မ. က (၂) မူလွန် ချမ်းမြသာစည်မြို့နယ်၊ ကျောင်းများတွင် ဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်း ရောင်းချမှုများအား ကွင်းဆင်းစစ်ဆေးခဲ့ကြပါတယ်။

အဆိုပါ ဟောပြောပွဲအခမ်းအနားများတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ နေ့စဉ်စားသုံးနေတဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတွင် ကျန်ရှိနေသည့် ပိုးသတ်ဆေးဓာတ်ကြွင်းများအကြောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ခွင့်မပြုဆိုးဆေးများနှင့် ဆိုးဆေးအန္တရာယ်များအကြောင်း၊ ဥပဒေချုပ်ရုံးမှ စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာဥပဒေအကြောင်းတွေကို တာဝန်ရှိသူအသီးသီးက အကျယ်တဝင့် ရှင်းလင်း ဟောပြောဆွေးနွေးခဲ့ပါတယ်။

အဆိုပါ ဟောပြောပွဲအခမ်းအနားများအပြီးတွင် ပူးပေါင်း အဖွဲ့များဖြင့် ကျောင်းမုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေးခဲ့ရာ အစားအသောက်များ ကိုင်တွယ်ရာတွင် လက်အိတ်စွပ်ရန်၊ သန့်ရှင်းသော ရေကိုအသုံးပြုရန်၊ ဆိုးဆေးပါမုန့်များ ရေခဲချောင်း၊ လေထိုးမုန့်များ၊ မိမိတို့နားလည်သည့်ဘာသာ စကားမပါရှိသော အစားအစာများ၊ ရက်လွန်မုန့်များအား ရောင်းချခြင်း မပြုရန် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**တင်တင်ခိုင် (မန္တလေး)**

# ဧယျာဝတီရှိမြို့နယ်၊ အ.ထ.က ပြည်စံအောင်နှင့် အ.ထ.က ရေဆင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

နေပြည်တော်(ရုံးချုပ်) စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ချိုနှင့် ခရိုင်ဦးစီးမှူးရုံး၊ နေပြည်တော်၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ စက်တင်ဘာ ၁၉ ရက်တွင် အ.ထ.က ပြည်စံအောင်နှင့် အ.ထ.က ရေဆင်းကျောင်းတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါကျောင်းများရှိ ကျောင်းမုန့်ဈေးတန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး စားသုံးရန် မသင့်သော အစားအစာများအား ရောင်းချခြင်းမပြုရန် ကျောင်းမုန့်ဈေးသည်များအား ပညာပေးဆွေးနွေးပြောကြားခဲ့ပြီး ဟောပြောဆွေးနွေးပွဲအား ဆက်လက် ကျင်းပခဲ့ပါသည်။

ဟောပြော ဆွေးနွေးပွဲတွင် နေပြည်တော်(ရုံးချုပ်) စားသုံးသူရေးရာ ဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ချိုက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ စတင်ပေါ်ပေါက်လာပုံ၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့် သက်ဆိုင်သော အကြောင်းအရာများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် အဆင့်ပြားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီးဖြစ်၍ စားသုံးသူများ ထိခိုက်နစ်နာမှုရှိပါက တိုင်ကြားနိုင်မှု အခြေအနေ၊ အန္တရာယ်ရှိ အစားအစာများနှင့်သက်ဆိုင်သော အကြောင်းအရာများ၊ ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်း အန္တရာယ်အကြောင်း အကျယ်တဝင့် ဟောပြောခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများအား အောင်မြင်ရန်အတွက် အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်ကြောင်းတို့ကို ဆွေးနွေးဟောပြောခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ နေပြည်တော်(ရုံးချုပ်) စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲနှင့် ခရိုင်ဦးစီးမှူးရုံး၊ နေပြည်တော်၊ စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စုစုပေါင်းလူဦးရေ ၇၀၇ ဦးခန့် တက်ရောက်ခဲ့ပါသည်။

အလားတူ စက်တင်ဘာ စတုတ္ထပတ်အတွင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်တွင် နှစ်နေရာ၊ တပ်ကုန်းမြို့နယ်တွင် နှစ်နေရာ၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်တွင် လေးနေရာ စုစုပေါင်း ရှစ်နေရာတို့၌ စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ရာ တက်ရောက်သူ ၁၈၆၅ ဦးရှိကြောင်း သတင်းရရှိပါသည်။

**မြဖြူလတ် (စားသုံးသူ)**

# စက်တင်ဘာလတတိယပတ်အတွင်း မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူ အများပြည်သူ များအား စားသုံးရန်၊ သုံးစွဲရန်မသင့်သော တားမြစ်ကုန်စည်များ၏ ဘေးအန္တရာယ်များအကြောင်း ဝယ်ယူသုံးစွဲရာတွင် သတိပြုရမည့် အချက်များအား သိရှိရန်နှင့် စိတ်ကျေနပ်မှုရှိစေရန် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များအား သိရှိနားလည်သဘောပေါက်စေရန် ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများအား အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာ၌ မွန်ပြည်နယ် စာသင်ကျောင်းများတွင် အသိပညာပေးဟောပြောခြင်းများကို မော်လမြိုင်ခရိုင်ရှိ မော်လမြိုင်မြို့နယ်တွင် နှစ်ကြိမ်၊ ကျိုက်မရောမြို့နယ်တွင် နှစ်ကြိမ်၊ ချောင်းဆုံမြို့နယ်တွင် နှစ်ကြိမ်၊ ရေးမြို့နယ်တွင် နှစ်ကြိမ်၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ကျိုက်မရောမြို့နယ်တွင် တစ်ကြိမ်၊ ဈေးကွက်ကွင်းဆင်းစစ်ဆေးခြင်းကို ကျိုက်မရောမြို့နယ်တွင် တစ်ကြိမ်၊ သထုံခရိုင်တွင် စာသင်ကျောင်းများသို့ အသိပညာပေးခြင်းကို သထုံမြို့နယ်တွင် သုံးကြိမ်၊ ကျိုက်ထိုမြို့နယ်တွင် နှစ်ကြိမ်၊ ပေါင်မြို့နယ်တွင် နှစ်ကြိမ် စုစုပေါင်း အသိပညာပေးခြင်း ၁၅ ကြိမ်နှင့် လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း တစ်ကြိမ်၊ ဈေးကွက်ကွင်းဆင်းစစ်ဆေးခြင်း တစ်ကြိမ်တို့အား စက်တင်ဘာ တတိယပတ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ စသည့် ဌာနများအပြင် မိတ်ဖက်အသင်းအဖွဲ့များ ပူးပေါင်းပါဝင်ခဲ့ကြကြောင်းနှင့် စားသုံးသူအကာ အကွယ်ပေးရေးဥပဒေ၊ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်း စရာများ၊ အာဆီယံနိုင်ငံများတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စားသုံးသူတိုင်ကြားမှု စနစ်များနှင့် အရေးယူဆောင်ရွက်မှု အစီအစဉ် ပုံစံစာအုပ်များ၊ လက်ကမ်းစာစောင်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော စားသုံးရန်၊ သုံးစွဲရန်မသင့်သော တားမြစ်ကုန်စည်များစာရင်းအား ပေးအပ်ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**နေဇင်(မွန်)**

# ကယားပြည်နယ်အတွင်း စက်တင်ဘာပထမပတ်မှ တတိယပတ်အတွင်း အသိပညာပေး ဟောပြောဆွေးနွေးပွဲများနဲ့ ကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် ကွင်းဆင်းစစ်ဆေးခြင်းများကို သက်ဆိုင်ရာမိတ်ဖက်ဌာနများနဲ့ ပူးပေါင်း၍ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအထိ ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြင့် တင်ဆောင်ရွက်လျက်ရှိပါတယ်။

စက်တင်ဘာလ ပထမပတ်အတွင်း လွိုင်ကော်မြို့နယ်တွင် အသိပညာပေးခြင်း လေးကြိမ်၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် ဈေးများ၊ လက်လီလက်ကား ကုန်စုံဆိုင်များ၊ ကျောင်းမုန့်ဈေးတန်းများ၌သုံးကြိမ်၊ ဒီမော့ဆိုမြို့နယ်တွင် အသိပညာပေးခြင်း နှစ်ကြိမ်၊ ကွင်းဆင်းစစ်ဆေးခြင်းတစ်ကြိမ် ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာလ ဒုတိယပတ်အတွင်း လွိုင်ကော်မြို့နယ်တွင် အသိပညာပေးခြင်း နှစ်ကြိမ်၊ ကွင်းဆင်းစစ်ဆေးခြင်း သုံးကြိမ်၊ ဒီမော့ဆိုမြို့နယ်တွင် အသိပညာပေးနှစ်ကြိမ်၊ ကွင်းဆင်းစစ်ဆေးခြင်း တစ်ကြိမ်၊ စက်တင်ဘာ တတိယပတ်အတွင်း ဒီမော့ဆိုမြို့နယ်တွင် အသိပညာပေးခြင်း လေးကြိမ်၊ ကွင်းဆင်းစစ်ဆေးခြင်း နှစ်ကြိမ် အသီးသီးဆောင်ရွက်ခဲ့ပြီး စုစုပေါင်းလူဦးရေ ၆၆၂၈ ဦးကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါတယ်။

အဆိုပါ ဟောပြောဆွေးနွေးပွဲများတွင် ပြည်နယ်ဦးစီးမှူးနဲ့ တာဝန်ရှိများက စားသုံးသူ အကာအကွယ် ပေးရေးအကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည့်မေးမြန်းမှုများကို ရှင်းလင်းဖြေကြားပြီးနောက် ကျောင်းမုန့်ဈေးတန်းဆိုင်များတွင် ကျန်းမာရေးဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ထားတဲ့ စားသုံးရန်မသင့်သည့် အစားအသောက်များ ရောင်းချခြင်းရှိ/မရှိ၊ အစားအသောက်များအား သန့်ရှင်းသပ်ရပ်စွာ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး၍ အစားအသောက်များတွင် ထုပ်ပိုးမှုအညွှန်းများ၌ ထုတ်လုပ်သူ၏လိပ်စာ၊ ဖုန်းနံပါတ်၊ ပါဝင်ပစ္စည်း၊ ထုတ်လုပ်သည့် ရက်စွဲ၊ နောက်ဆုံး စားသုံးရမည့်ရက်စွဲ စတဲ့အချက်များနဲ့ စားသုံးသူများနားလည်နိုင်တဲ့ မြန်မာဘာသာဖြင့်ရေးသားထားတဲ့ အစားအသောက်များ၊ ကလေးများအတွက် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် အာဟာရပြည့်ဝသော အစားအသောက်များကိုသာ ရောင်းချရန် အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်း စာစောင်များဖြန့်ဝေခဲ့သည်။

**မြို့ရှိ(စားသုံးသူ) ကယား**



# ပြည်မြို့နယ်ရှိ မုန့်ဟင်းခါးစက် ခုနစ်လုံးတို့တွင် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းများ ထပ်မံကွင်းဆင်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့တွင် ဖြစ်ပွားလျက်ရှိသော ဝမ်းပျက်၊ ဝမ်းလျှောရောဂါပြန့်ပွားမှုထပ်မံ မဖြစ်ပေါ်အောင် ထိန်းချုပ်နိုင်ရန်အတွက် ရောဂါဖြစ်ပွားရခြင်း၏ အဓိကအစားအသောက်ဖြစ်သော ခေါက်ဆွဲဖတ်နှင့် မုန့်ဟင်းခါးဖတ်များထုတ်လုပ်သည့် လုပ်ငန်းများအား ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာနတို့မှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး ခေါက်ဆွဲဖတ်နှင့် မုန့်ဟင်းခါးဖတ်နမူနာများ၊ သုံးစွဲသည့် ရေနမူနာများ ရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

ဓာတ်ခွဲစစ်ဆေးချက်အဖြေများအရ ရောဂါပိုးတွေ့ရှိသော ခေါက်ဆွဲစက်နှင့် မုန့်ဟင်းခါးစက်များကို ယာယီရပ်ဆိုင်းစေပြီး အသုံးပြုသောရေတွင်းများအား ကလိုရင်းဆေးခပ်ခြင်းနှင့် လုပ်ငန်းခွင်သန့်ရှင်းသပ်ရပ်မှု ရှိစေရေးအတွက် ပြုပြင်ခြင်းများကို ပူးပေါင်းအဖွဲ့မှ တစ်ပတ်တိတိ ထပ်မံ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ရေနမူနာများ ထပ်မံစစ်ဆေးပြီး ရရှိသည့်အဖြေများကို စက်တင်ဘာ ၁၇ ရက်တွင် ခေါက်ဆွဲစက် နှင့် မုန့်ဟင်းခါးစက်ပိုင်ရှင်များအား ပြည်မြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပုလဲသီတာခန်းမ၌ ခေါ်ယူတွေ့ဆုံပြီး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ရေနမူနာအရ သုံးစွဲရန်မသင့်ကြောင်း အဖြေထွက်သည့် မုန့်ဟင်းခါးစက်ခုနစ်လုံးကို ရေတွင်းအသစ်တူးခြင်း၊ ရေတွင်းအဟောင်းများ ပိတ်သိမ်းခြင်းများ ဆောင်ရွက်ရန်နှင့် လုပ်ငန်းများကို ရပ်နားထားရန် ရှင်းလင်း ပြောကြားခဲ့သည်။ အဆိုပါ တွေ့ဆုံရှင်းလင်းပွဲသို့ လုပ်ငန်းရှင်များ၊ ပူးပေါင်းအဖွဲ့တွင်ပါဝင်သော ဌာနဆိုင်ရာ များအပြင် ပြည်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များပါ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းသည် ကူးစက်ရောဂါများမဖြစ်ပွားရေးအတွက် လည်းကောင်း၊ စားသုံးသူများ ဈေးကွက်အတွင်း ဘေးကင်းလုံခြုံစိတ်ချရမှုရှိပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို ဝယ်ယူစားသုံးနိုင်ရန်အတွက် လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများတွင် အဓိကအရေးပါပြီး အထူးအလေးထား ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်၍ ပြည်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် အစားအသောက်များ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းများ ဖြစ်သည့် ဝမ်းရောဂါဖြစ်ပွားမှုကြောင့် ပြည်မြို့ပေါ်ရှိ ယာယီရပ်ဆိုင်းထားသော မုန့်ဟင်းခါးစက် ခုနစ်လုံးအား ဘေးအန္တရာယ်ကင်းသော မုန့်ဖတ်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး အတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းကို ဆက်လက်ဆောင် ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ဝင်းလှဲ့ဝါ(ပြည်)**

# အိန္ဒိယပဲရက်သတ္တပတ်



၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် အိန္ဒိယအစိုးရက ထုတ်ပြန်သော စိုက်ပျိုးရေးအစီရင်ခံစာအရ မိုးရာသီပဲမျိုးစုံ စိုက်ပျိုးမြေဧရိယာမှာ ဟက်တာ ၁၄၄ဒသမ ၉၆သိန်းရှိခဲ့ရာ ယခင်နှစ်ကာလတူတွင် ရှိခဲ့သော စိုက်ဧရိယာဟက်တာ ၁၁၂ ဒသမ ၄၃ သိန်းနှင့် နှိုင်းယှဉ်ပါက ၂၈ဒသမ ၉၃ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့သည်။ မိုးကောင်းနေသည့်အတွက် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့၏ အရည်အသွေး ကျဆင်းနိုင်သည့်အတွက် ရာသီဥတု အခြေအနေက အရေးပါနေဆဲဖြစ်သည်။

စက်တင်ဘာ ၁၆ ရက်အထိ စာရင်းအရ ပဲစင်းငုံစိုက်ဧရိယာမှာ ဟက်တာ ၃၅၂ဒသမ ၄၀သိန်း ရှိသည့်အတွက် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၃၉ ဒသမ ၆၅ ရာခိုင်နှုန်း ပိုမိုခဲ့သည်။ ပုံမှန်အားဖြင့် မိုးရာသီတစ်ခုလုံး ပဲစင်းငုံစိုက်ဧရိယာမှာ ဟက်တာ ၄၀ ဒသမ ၀၅ သိန်းရှိသည်။ ယခုချိန်အထိ မတ်ပဲစိုက်ဧရိယာမှာ ဟက်တာ ၃၅ ဒသမ ၃၁ သိန်းရှိခဲ့ရာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၅ဒသမ ၁၆ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ မိုးရာသီတစ်ခုလုံးအတွက် ပုံမှန်စိုက်ဧရိယာမှာ ဟက်တာ ၂၄ ဒသမ ၃၉ သိန်းဖြစ်သည်။ စက်တင်ဘာ ၁၆ ရက်အထိ ပဲတီစိမ်းစိုက်ဧရိယာမှာ ၃၃ ဒသမ ၈၇ သိန်းရှိခဲ့ရာ ယခင်နှစ်ကထက် ၃၂ ဒသမ ၅၉ ရာခိုင်နှုန်းပိုမိုခဲ့သည်။

သီးနှံအခြေအနေက ကောင်းမွန်ပြီး ယခုနှစ်တွင် အထွက်နှုန်းကောင်းမည်ဟု ခန့်မှန်းထားသည်။ စက်တင်ဘာလကုန်လောက်တွင် ဈေးနှုန်းအပေါ် ဂယက်ရိုက်ခတ်မှုရှိလာနိုင်သည်။

အိန္ဒိယအစိုးရအဖွဲ့ စီးပွားရေးအကြံပေးချုပ် ဦးဆောင်သော ပဲလုပ်ငန်းဆိုင်ရာ အဖွဲ့က အနိမ့်ဆုံးထောက်ပံ့ကြေး ဈေးနှုန်းကို ထုတ်ပြန်ကြေညာပေးရန် အစိုးရကို အကြံပြုထားသည်။ အဖွဲ့၏ အကြံပြုချက် အစီရင်ခံစာအရဆိုပါက အနိမ့်ဆုံး အစိုးရထောက်ပံ့ကြေးပေး ဈေးနှုန်းမှာ ၂၀၁၆ ခု ဆောင်းရာသီစိုက် ကုလားပဲသီးနှံ တစ်ကွမ်တယ်ကို ရူပီး ၄၀၀၀ ဖြစ်ပြီး ၂၀၁၇ ခုနှစ် မိုးစိုက်သီးနှံဖြစ်သော မတ်ပဲနှင့် ပဲစင်းငုံအတွက် တစ်ကွမ်တယ်ကို ရူပီး ၆၀၀၀ ထားရှိရန် အကြံပြုထားသည်။

ထို့ပြင် အစိုးရက ပဲမျိုးစုံကို ဝယ်ယူပြီး မက်ထရစ်တန် သန်း ၂၀ ကို အရန်သိုလှောင်မှုအဖြစ် ထားရှိရန်၊ လယ်ယာထွက်ကုန်ဈေးကွက်ကော်မတီ (APMC) စာရင်းမှ ပဲမျိုးစုံကို ပယ်ဖျက်ရန်နှင့် လယ်သမားများကိုထောက်ပံ့ကြေးပေးရန်လည်း အကြံပြုထားသည်။

ပြည်တွင်းထုတ်လုပ်မှု ကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် ပဲထုတ်လုပ်မှု လျင်လျင်မြန်မြန်နှင့် ရေရှည်တည်တံ့အောင် ထုတ်လုပ်ခြင်းသည်သာလျှင် ပဲဈေးကွက် မတည်ငြိမ်မှုကို ထိန်းချုပ်ရာတွင် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း အစီရင်ခံစာမှာ ဖော်ပြသည်။ ပဲမျိုးစုံ ပြည်ပတင်ပို့မှု ပိတ်ပင်ခြင်းကိုရုပ်သိမ်းပြီး သိုလှောင်မှုကန့်သတ်ချက်ကို ပယ်ဖျက်ပေးရန် တောင်းဆိုထားသည်။

မတ်ပဲနှင့် ပဲတီစိမ်းအသစ်များမှာ ဂန်ဗာဆိုဒါပြည်နယ် ဗီဒီးရှားဒေသ ဈေးကွက်သို့ ကွမ်တယ် ၁၅၀ နီးပါး စတင်ဝင်ရောက်လာသည်။ အရည်အသွေး ပုံမှန်ရှိသည့် မတ်ပဲသစ်ဈေးမှာ တစ်ကွမ်တယ်ကို ရူပီး ၆၅၀၀ နှင့် ရူပီး ၇၀၀၀ ကြားရှိသည်။ သို့သော် မိုးဆက်ရွာနေမည်ဆိုပါက ပဲအရည်အသွေးကို ထိခိုက်နိုင် သည်။ ပဲတီစိမ်းသစ်ဈေးမှာ တစ်ကွမ်တယ်ကို ရူပီး ၄၅၀၀မှ ရူပီး ၄၈၀၀ အကြားရှိသော်လည်း ဈေးကွက်သို့ အဝင်နည်းနေသေးသည်။

မွမ်ဘိုင်းတွင် မတ်ပဲဈေးမှာ တစ်ကွမ်တယ်ကို ရူပီး ၇၅၀၀ နှုန်းရှိရာ တစ်ကွမ်တယ်ကို ရူပီး ၁၀၀ နှုန်း ပိုမိုမြင့်တက်ခဲ့သည်။ မြန်မာပဲစင်းငုံ၏ မွမ်ဘိုင်းဆိပ်ကမ်း CNF ဈေးမှာ တစ်တန်ကို အမေရိကန် ဒေါ်လာ ၉၇၅ ရှိပြီး FAQ နှင့် SQ ဈေးများမှာ အမေရိကန်ဒေါ်လာ ၁၂၁၀ နှင့် ၁၂၃၀ အသီးသီးရှိသည်။

မွမ်ဘိုင်းတွင် ပဲစင်းငုံနီ (Lemon Tur) ဈေး မှာ တစ်ကွမ်တယ်ကို ရူပီး ၇၂၀၀ ရှိခဲ့ရာ ရူပီး ၁၀၀ ထပ်မံမြင့်တက်ခဲ့သည်။

ပြည်ပမှ တင်သွင်းလာသော ပဲမျိုးစုံဈေးမှာ စက်တင်ဘာ ၄ ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ၆၀ ဒသမ ၆၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ပဲစင်းငုံတင်သွင်းမှုက ၆၈ ဒသမ ၆၉ ရာခိုင်နှုန်း ကျဆင်းပြီး ၆၉၃ တန်ရှိခဲ့သည်။ ပဲတီစိမ်းတင်သွင်းမှုက ၄၁ ဒသမ ၅၁ ရာခိုင်နှုန်းကျဆင်းပြီး ၂၅၉၇ တန်ရှိခဲ့သည်။ စက်တင်ဘာ ၁၁ ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း စုစုပေါင်း ပဲမျိုးစုံတင်သွင်းမှုသည် ၁၃၀၆၂၅ တန်မှ ၅၁၄၅၈ တန်သို့ ကျဆင်းခဲ့သည်။

ဩစတြေးလျမှ တင်သွင်းလာသော ကုလားပဲဈေးသည် မွမ်ဘိုင်းတွင် စက်တင်ဘာ ၁၉ ရက်က တစ်ကွမ်တယ်ကို ရူပီး ၉၀၀၀ နှုန်းဖြင့် ရောင်းဝယ်ခဲ့ရာ ယခင်ရက်ကထက် ရူပီး ၄၀၀ မြင့်တက်သည်။ တန်ဇန်နီးယားနှင့် အီသီယိုးပီးယားမှ တင်သွင်းသော ကုလားပဲဈေးမှာ တစ်ကွမ်တယ်ကို ရူပီး ၈၈၀၀ နှုန်းနှင့် ၈၄၀၀ နှုန်းအသီးသီးရှိခဲ့သည်။ သို့သော် အောက်တိုဘာ၊ နိုဝင်ဘာအတွက် ကြိုတင်စာချုပ်ဖြင့် ရောင်းဈေးမှာ ရူပီး ၅၄၀၀ နှုန်းဖြစ်သည်။

အိန္ဒိယနိုင်ငံသို့ ပဲတင်ပို့လျက်ရှိသည့် ဩစတြေးလျနိုင်ငံ၏ ကုလားပဲထုတ်လုပ်မှုက တန် ၁၂ ဒသမ ၃၄ သိန်းရှိမည်ဟု ခန့်မှန်းထားသည်။ ယခင်နှစ်ထုတ်လုပ်မှုက တန် ၁၀ သိန်းဝန်းကျင်သာရှိခဲ့ရာ ပဲနီလေးထုတ်လုပ်မှုကို တန်ချိန် ၂၅၈၂၀၀ မှ တန်ချိန် ၃၆၅၀၀၀ ရှိမည်ဟု ခန့်မှန်းထားသည်။ ဩစတြေးလျ နိုင်ငံ၏ ပဲထုတ်လုပ်မှုအခြေအနေသည် အိန္ဒိယဈေးကွက်ကို အကျိုးသက်ရောက်မှုရှိနိုင်သည်။ ဩစတြေးလျတွင် ထုတ်လုပ်မှု မြင့်တက်လာသည့်အတွက် ဈေးနှုန်းတန့်နေနိုင်သည် သို့မဟုတ် ကျဆင်းနိုင်သည်။

ပဲနီလေးနှင့်ပတ်သက်သည့် အလားအလာအပေါ် ယုံကြည်မှုကလည်း ကျဆင်းနေဆဲဖြစ်သည်။ မွမ်ဘိုင်းဈေးကွက်ရှိ ပဲနီလေးဈေးသည် တစ်ကွမ်တယ်ကို ရင်းဂစ် ၅၂၀၀ မှ ရူပီး ၅၄၀၀ ထိရှိသည်။ စက်တင်ဘာ ၁၁ ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း ပဲနီလေးတင်သွင်းမှုက တန် ၂၃၂၅၉ မှ ၄၄၈၄ တန်အထိ ကျဆင်းခဲ့သည်။ မိုးစိုက်ပဲနီလေး ထုတ်လုပ်မှု မြင့်မားလာမည့် အလားအလာကြောင့် လာမည့်ရက်သတ္တပတ်များအတွင်း ပြည်တွင်းဈေးကွက်တွင် အခက်အခဲများရှိစေနိုင်မည်ဟု ခန့်မှန်းထားသည်။

**စံမီအောင်**

# ဘီတီပြောင်းစပ်မျိုးများကို အတည်ပြုပေးရန် ဖိလစ်ပိုင် ပြည်တွင်းပြောင်းစိုက် တောင်သူတို့က ဝန်ကြီးဌာနကို ပန်ကြား

လာမယ့်နှစ် ပြောင်းစိုက်ပျိုးချိန်မှာ ပြောင်းအထွက်ကျဆင်းမှာကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ပြောင်းမျိုးသစ်များကို အတည်ပြုပေးဖို့ ဖိလစ်ပိုင် ပြည်တွင်း ပြောင်း စိုက်ပျိုးရေးလုပ်ငန်းများက လယ်ယာစိုက်ပျိုးရေးဌာနကို တိုက်တွန်းသွားမှာဖြစ်ကြောင်း ဖီးလ်စတားသတင်းမှာ ဖော်ပြထား ပါတယ်။

ယခု စိုက်ပျိုးရာသီမှာ တချို့ဘီတီ ပြောင်းစပ်မျိုးတွေ မရသေးတဲ့အတွက် ပြောင်းစိုက်ပျိုးထုတ်လုပ်ရာမှာ အခက်အခဲတွေနဲ့ ထပ်မံရင်ဆိုင်လာရမှာကို တောင်သူတွေက စိုးရိမ်နေကြောင်း ဖိလစ်ပိုင်ပြောင်းဖက်ဒရေးရှင်းက ပြောပါတယ်။

“တချို့ စပ်မျိုးတွေအတွက် မျိုးစေ့မရသေးလို့ ၂၀၁၇ ခုနှစ် ပထမသုံးလပတ်ရိတ်သိမ်းရာသီမှာ ပြောင်းအထွက်နှုန်း ကျဆင်းမှာကို ပြောင်းစိုက် တောင်သူတွေက စိုးရိမ်နေပါတယ် ”လို့ ဖိလစ်ပိုင် ပြောင်းဖက်ဒရေးရှင်း ဥက္ကဋ္ဌ ရော်ဂျာနာဗာရိုက ပြောပါတယ်။

ခြောက်သွေ့တဲ့ရာသီမှာ ပေါ်ပေါက်လေ့ရှိတဲ့ ပိုးများကို ခံနိုင်ရည်ရှိတဲ့ စပ်မျိုးတွေကို တောင်သူတွေ ရရှိနိုင်ဖို့အတွက် အလျင်အမြန် အတည်ပြုပေးရန် ဖက်ဒရေးရှင်းက လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနကို တိုက်တွန်းထားပါတယ်။

“လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ လုပ်ကိုင်ဆောင်ရွက်ရာမှာ တောင်သူတွေကို ရွေးချယ်စရာတွေ များများပေးရင် လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ကျွန်တော်တို့ အောင်မြင်မှုတွေ ပိုမိုရရှိနိုင်ပါတယ်”လို့ နာဗာရိုက ပြောပါတယ်။

ပြောင်းစိုက်ပျိုးရေးမှာ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေကို ထိန်းချုပ်နိုင်ဖို့အတွက် အကောင်းဆုံး မဟာဗျူဟာက ပြောင်းမျိုးစေ့ အမျိုးအစား အများအပြားကို သုတေသနပြုဖော်ထုတ်ပေးပြီး အဲဒီအမျိုးအစားများကို ပြောင်းတောင်သူတို့က ရွေးချယ်နိုင်ခွင့်ရှိအောင် ဖန်တီးပေးဖို့ ဖြစ်ပါတယ်။

“သူတို့ မြေကွက်တွေမှာ ဘယ်မျိုးစိုက်ရင် ကောင်းမယ်ဆိုတာ တောင်သူတွေက အကဲဖြတ်နိုင်ပါတယ်။ ဒါကြောင့် လာမယ့် ရိတ်သိမ်းရာသီမှာ အထွက်နဲ့ ဝင်ငွေတိုးဖို့အတွက် ဘယ်ပြောင်းမျိုးကို စိုက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချဖို့ တောင်သူတွေကို လွတ်လပ်ခွင့်ပေးသင့်ပါတယ်”လို့ သူကပြောပါတယ်။

ပြောင်းက တိရစ္ဆာန်အစာ ထုတ်လုပ်ရာမှာ အဓိကအရေးပါတဲ့ ပစ္စည်းဖြစ်ပါတယ်။ ပြောင်းစိုက်ပျိုးမှု ဆက်လက်ကျဆင်းနေရင် ကြွဲ ၊ နွား တိရစ္ဆာန်နဲ့ ကြက်၊ ငှက် မွေးမြူရေးကို ထူးထူးခြားခြား ထိခိုက်နိုင်ပါတယ်။ အယ်လ်နီညို ရာသီဥတု အခြေအနေ အဆုံးသတ်သွားပြီဖြစ်တဲ့အတွက် ယခုနှစ် နောက်ဆုံး သုံးလပတ်မှာ ပြည်တွင်းလယ်ယာ စိုက်ပျိုးရေးကဏ္ဍ ပြန်လည်တိုးတက်လာလိမ့်မယ်လို့ လယ်ယာစိုက်ပျိုးရေးဝန်ကြီး အီမန်နျူယယ်ပီနောက ပြောပါတယ်။

**စံမီအောင်**

# ကမ္ဘာ့ပဲဈေးကွက်

ယခုနှစ်တွင် ဩစတြေးလျနိုင်ငံ၏ ပဲမျိုးစုံထုတ်လုပ်မှုကောင်းမည့် အနေအထားရှိသည်။ ယခုနှစ်မှာ ပဲမျိုးစုံထုတ်လုပ်မှုက မက်ထရစ်တန် ၃ဒသမ ၂၅ သန်းထွက်ရှိမည်ဖြစ်ရာ ယခင်နှစ်ကထက် တန် ၇ ဒသမ ၄ သိန်း ပိုမိုထွက်ရှိမည်ဖြစ်ကြောင်း ဩစတြေးလျ လယ်ယာစိုက်ပျိုးရေးနဲ့ သယံဇာတ စီးပွားရေးနှင့်သိပ္ပံပညာဗျူရိုက ခန့်မှန်းထားသည်။ ဩစတြေးလျနိုင်ငံတွင် ငါးနှစ်အတွင်း ပျမ်းမျှ ပဲမျိုးစုံထုတ်လုပ်မှုသည် ၂၄ ဒသမ ၃သိန်းရှိသည်။ ကုလားပဲထုတ်လုပ်မှုသည် ယခင်နှစ်က တန်ချိန် ၁၀ သိန်းဖြစ်သော်လည်း ၁၂ဒသမ၃၄ သိန်းအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ စိုက်ကွင်းအရောက် ကုလားပဲထုတ်လုပ်မှုသည် ၂ဒသမ၀၄ သိန်းရှိခဲ့ရာမှ တန်ချိန် ၃ဒသမ ၁၇သိန်းအထိ မြင့်တက်ခဲ့ပြီး ပဲနီလေးထုတ်လုပ်မှုမှာ တန်ချိန် ၂ ဒသမ ၅၈ သိန်းမှ ၃ဒသမ ၆၅ သိန်းအထိ ရောက်ရှိခဲ့သည်။

အမေရိကန်ပြည်ထောင်စု ပဲနီလေးကောင်စီမှ နောက်ဆုံးထုတ်ပြန်သော စာရင်းများအရ ၂၀၁၆ ခုနှစ်ပဲထုတ်လုပ်မှုမှာ တစ်ဟုန်ထိုးမြင့်တက်ပြီး အရည်အသွေးမှာလည်း ကောင်းမွန်ကြောင်း သိရသည်။ ပဲတီစိမ်းအရောင်မှာလည်း ကောင်းမွန်ပြီးအရွယ်အစားမှာလည်း ကောင်းမွန်သည်။ ယခုနှစ်အမေရိကန်သီးနှံအခြေအနေမှာ အရည်အသွေးရော အရေအတွက်ပါ ကောင်းမွန်သည့်လက္ခဏာ ရှိမည်ဟု ခန့်မှန်းရသော်လည်း တရားဝင်ကိန်းဂဏန်းများ မထွက်ရှိသေးကြောင်း သိရှိရသည်။

ကနေဒါစာရင်းရုံးမှ ထုတ်ပြန်ချက်အရ ယခုနှစ် ပဲထုတ်လုပ်မှုသည် ဒုတိယမြောက် အများဆုံးနှစ်ဖြစ်ပြီးတန်ချိန် ၃၃ ဒသမ၆သန်းရှိမည်ဟု ခန့်မှန်း သည်။ မကြာသေးမီက ထုတ်လုပ်မှုမြင့်တက်ခဲ့ရခြင်းမှာ ဆက်စကာချီဝမ်ဒေသမှ ပဲနီလေးထုတ်လုပ်မှု ၄၉ရာခိုင်နှုန်းနှင့် ကုလားပဲထုတ်လုပ်မှု ၆၃ရာခိုင်နှုန်း မြင့်တက်မှုကြောင့် ဖြစ်ကြောင်း ဖော်ပြထားသည်။

**စံမီအောင်**

# အရှေ့တောင်အာရှရဲ့ စီးပွားရေးသတင်းအချက်အလက်စိစစ်ရေး အချက်အချာဌာနဖြစ်အောင် မလေးရှားနိုင်ငံကြိုးပမ်း

အရှေ့တောင်အာရှဒေသမှာ စီးပွားရေးသတင်း အချက်အလက်များ လေ့လာစိစစ်ရေး (Big Data and Analytics) အချက်အချာဌာနဖြစ်အောင် မလေးရှား နိုင်ငံက ကြိုးစားဆောင်ရွက်လျက်ရှိရာ တိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း အင်နဲအက်စ်တီဝက်ဘ်ဆိုက် သတင်းမှာ ဖော်ပြထားပါတယ်။

၂၀၁၆ ခုနှစ် ဩဂုတ်လအထိ စာရင်းအရ မလေးရှားနိုင်ငံမှာ နိုင်ငံပေါင်း ခြောက်နိုင်ငံမှ နိုင်ငံစုံ BDA ကုမ္ပဏီပေါင်း ၂၂ ခုက လုပ်ငန်းများ ဆောင် ရွက်လျက်ရှိကြောင်း မလေးရှားဒစ်ဂျစ်တယ် စီးပွား ရေးကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ် ဒါတွတ် ယာစမင်မာမွတ်က ပြောပါတယ်။

"ဒီကုမ္ပဏီ တွေထဲမှာ အိုင်အိပ်ချ် အက်စ်မားကစ် (IHS Markit) နဲ့ ဆိုက်ကိုး (Sitecore) တို့လည်း ပါဝင်ပါတယ်။ နိုင်ငံခြားကုမ္ပဏီတွေသာမက ပြည် တွင်းကုမ္ပဏီတွေဖြစ်တဲ့ ဖူရှင်နက် (Fusionex) နဲ့ ဒေတာမိုက်ကရွန် (Data Micron) တို့လည်းပါဝင်ပြီး ဒီကုမ္ပဏီ တွေက ကမ္ဘာ့ဈေးကွက်ထဲအထိ လုပ်ငန်းချဲ့ ထွင်ဖို့ လုံးပန်းနေပါတယ်" လို့ စက်တင်ဘာ ၁၉ ရက် က ဆောင်ရွက်ခဲ့တဲ့ Big Data Week Asia 2016 ဖွင့်ပွဲ အခမ်းအနားမှာ သူမကပြောပါတယ်။

မလေးရှားနိုင်ငံမှာ ကိန်းဂဏန်း လေ့လာစိစစ် ရေးလုပ်ငန်းများကို ပြည်ပအတွက်တာဝန်ယူဆောင် ရွက်နေတဲ့ BDA ကုမ္ပဏီပေါင်း ၃၂ ခုရှိကြောင်းနဲ့ သတင်းအချက်အလက် စိစစ်ရေးကဏ္ဍမှာ တီထွင် ဆန်းသစ်မှုတွေနဲ့ နောက်ဆုံးပေါ် နည်းပညာတွေကို ရှာ ဖွေ ဖော်ထုတ်နေတဲ့ ထူထောင်စ BDA ကုမ္ပဏီ ၄၇ ခုရှိကြောင်း ယာစမင်က ပြောပါတယ်။ BDA လုပ်ငန်း ကဏ္ဍမှာ ပညာရှင်တွေ ပြုစုပျိုးထောင်ဖို့အတွက် မလေးရှား ဒစ်ဂျစ်တယ်စီးပွားရေး ကော်ပိုရေးရှင်းနဲ့ မဟာဗျူဟာ မိတ်ဖက်လုပ်ငန်းတွေက စီးပွားရေးလုပ် ငန်းနဲ့ တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရေးကို ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီနည်းနဲ့ အာရှဒေသမှာ ပညာရှင်လိုအပ်ချက်ကွာဟ မှုကို ထိန်းချုပ်နိုင်အောင် ကြိုးပမ်းလျက်ရှိပါတယ်။

"ဒေတာစိစစ်ရေး သိပ္ပံပညာဘွဲ့လွန်ပညာရပ်တွေ ကို ဆောင်ရွက်လျက်ရှိတဲ့အပြင် အိုင်တီလုပ်ငန်းနဲ့ ပတ်သက်ပြီး ဘွဲ့မရသေးတဲ့သူတွေအတွက်လည်း ဒေတာစိစစ်ရေးသိပ္ပံကို အထူးပြုတဲ့ ဘွဲ့ဒီဂရီကို စတင် ပို့ချပေးနေပါတယ်"လို့ သူမကပြောပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ဒေတာစိစစ်ရေးသိပ္ပံပညာရှင် ၂၀၀၀ နဲ့ ဒေတာစိစစ်ရေးပညာရှင်ဝန်ထမ်း ၁၆၀၀၀ မွေးထုတ် ပေးဖို့ မလေးရှားနိုင်ငံက ရည်မှန်းထားပါတယ်။ လော လောဆယ် မလေးရှားနိုင်ငံမှာ ပြည်တွင်းပြည်ပဒေတာ စိစစ်ရေးပညာရှင် ၃၀၀ ရှိပါတယ်။



# ပြည်တွင်းစီးပွားရေး လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ပြည်ပတွင်လုပ်ငန်း ဆောင်ရွက်နေသော ဗီယက်နမ်စီးပွားရေး လုပ်ငန်းရှင်များကို တိုက်တွန်း

ဗီယက်နမ်နှင့် နှစ်နိုင်ငံ စီးပွား ဖက်များ ချုပ်ဆိုထားသော ကုန်သွယ် ရေးသဘောတူညီချက်များမှ ရရှိမည့် အကျိုးစီးပွားများကို အပြည့်အဝရရှိ ခံစားနိုင်ရန်အတွက် ဗီယက်နမ်နိုင်ငံ အတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် နိုင်ငံခြား တိုင်းပြည်များ အထူးသဖြင့် ရုရှားနိုင်ငံ တွင် လုပ်ငန်းဆောင်ရွက်နေသော ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များကို တိုက်တွန်းထားကြောင်း ဗီယက်နမ် နယူးစ်သတင်းတွင် ဖော်ပြသည်။

ဗီယက်နမ် - ယူရေးရှ စီးပွားရေး သမဂ္ဂ (Vietnam Eurasian Economic Union - EAEU) လွတ်လပ်စွာ ကုန် သွယ်မှု သဘောတူညီချက်ကို ယခုနှစ် အောက်တိုဘာ ၅ ရက်တွင် စတင် အကောင်အထည်ဖော်တော့မည် ဖြစ် ရာ ဗီယက်နမ်နှင့် ရုရှားနိုင်ငံတို့ ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရန်အတွက် စက် တင်ဘာ ၁၈ ရက်တွင် မော်စကိုမြို့၌ ကျင်းပသော စီးပွားရေးဖိုရမ်၌ ဗီယက်နမ် ဒုတိယဝန်ကြီးချုပ် ထရင်ဒင် ဇွန်းက ယခုကဲ့သို့ တိုက်တွန်းပြောကြားခဲ့ ခြင်းဖြစ်သည်။ ဖိုရမ်တွင် ဗီယက်နမ် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးက ဗီယက်နမ်နှင့် EAEU တို့ချုပ်ဆိုသော လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ်များ၏ အကျိုးအပြစ်များကို ဆွေးနွေးခဲ့သည်။

စီးပွားရေးလုပ်ငန်းများ တိုးမြှင့် ရေးနှင့် ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်နိုင် ရေးအတွက် ပြည်တွင်းနှင့်ရုရှားနိုင်ငံရှိ ဗီယက်နမ် စီးပွားရေးလုပ်ငန်းများ အတွက် လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ်က အခွင့်အလမ်း များကို ဖန်တီးပေးနိုင်မှာဖြစ်ကြောင်း ရုရှားနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး ငုယင်သန်းဆန်းက ပြော သည်။

ဘာသာပြန်-ဥက္ကာတင်-စုစည်းတင်ပြသည်

# စင်ကာပူတွင် ကမ္ဘာ့အကြီးမားဆုံး ဘဏ္ဍာရေးနည်းပညာဗဟိုဌာနကို မကြာမီထူထောင်မည်

ယခုနှစ် နိုဝင်ဘာလတွင် စင်ကာပူ နိုင်ငံရှိ မြေဧရိယာ စတုရန်းပေ သုံး သောင်းပေါ်၌ ဘဏ္ဍာရေးနည်း ပညာ ဗဟိုဌာနတစ်ခုကို ဖွင့်လှစ်မည်ဖြစ် ကြောင်း အာရှဒေသ ပုဂ္ဂလိက ရင်း နှီးမြှုပ်နှံမှု အဖွဲ့အစည်းဖြစ်သည့် မာ ဘယ်စတုန်းက စက်တင်ဘာ ၂၂ရက် တွင်ကြေညာခဲ့ရာ ကမ္ဘာတွင် အကြီး မားဆုံး ဗဟိုဌာနဖြစ်လာနိုင်ကြောင်း စင်ကာပူ ဘိဇနက်ရီဗျူးသတင်းတွင် ဖော်ပြထားသည်။



အကျိုးအမြတ် မရှာသော စီမံ ကိန်း၏ အမည်ကို Lattic80 ဟု အမည် ပေးထားပြီး စီမံကိန်းတည်ရာ ဌာနမှာ စီးပွားရေးလုပ်ငန်းများ၏ ဗဟိုအချက် အချာဌာန (Central Business District) တွင် တည်ရှိပြီး စင်ကာပူ စတော့ အိတ်ချိန်း၊ အဓိက ဘဏ္ဍာရေး အဖွဲ့ အစည်းများ၊ ကြီးကြပ်ရေးအဖွဲ့များ နှင့်လည်း နီးကပ်သောနေရာတွင် တည် ရှိသည်။

"ကမ္ဘာ့ဘဏ္ဍာရေး နည်းပညာ ဗဟိုဌာနအဖြစ် ရောက်ရှိဖို့အတွက် စင် ကာပူနိုင်ငံမှာ အကြောင်းတရားတွေ အများအပြားရှိနေတယ်လို့ ကျွန်တော် တို့ ယုံကြည်ပါတယ်။ အစဉ်အလာအရ ဘဏ္ဍာရေးနဲ့ ကုန်သွယ်ရေးရဲ့ ဗဟို အချက်အချာဖြစ်ခဲ့တဲ့ စင်ကာပူနိုင်ငံမှာ ဥပဒေရေးရာ အခြေခံအဆောက်အအုံ ရှိပါတယ်။ ထွန်းသစ်စ ဘဏ္ဍာရေး နည်းပညာ ကုမ္ပဏီတွေအတွက် လိုအပ် မယ့် ရင်းနှီးမြှုပ်နှံသူတွေရှိတဲ့ နေရာ လည်းဖြစ်ပါတယ်" ဟု မာဘယ်စတုန်း ဥက္ကဋ္ဌ ဂျိုးဆိုယွန်ဟွန်ချို က ပြောသည်။

ကုမ္ပဏီများ ဖွဲ့စည်းထူထောင် ရန်နှင့် စီးပွားရေးလုပ်ငန်းများကို ပြည်ပသို့တိုးချဲ့ဆောင်ရွက်ရန် ဘဏ္ဍာ ရေးနည်းပညာ ကုမ္ပဏီများက ကြိုးပမ်း ဆောင်ရွက်ရာတွင် Lattic80 က ကူညီပံ့ပိုးပေးမည်ဖြစ်သည်။ ထို့ပြင် ရှေးရိုးစဉ်လာ ကုမ္ပဏီများက တီထွင် ဆန်းသစ်မှုကို ချမှတ်ရာတွင်လည်း ကောင်း၊ အစိုးရနှင့်ပူးတွဲပြီး အခြေခံ အဆောက်အအုံ ထူထောင်ရာတွင် လည်းကောင်း Lattic80 က ကူညီပေး သွားမည် ဖြစ်သည်။

"ပြည်တွင်း ဘဏ္ဍာရေး နည်း ပညာ အခြေခံအဆောက်အအုံကို ပံ့ဖော်ရာမှာ ကျွန်တော်တို့က စင်ကာပူ ငွေကြေးအာဏာပိုင်အဖွဲ့ (Monetary Authority of Singapore) နဲ့ ပူးတွဲ ဆောင်ရွက်နေပါတယ်။ လန်ဒန်က Level 39 ၊ ဩစတြေးလျက Stone & Chalk နဲ့ အစ္စရေးက The Floor လို ဘဏ္ဍာရေးနည်းပညာ ဗဟိုဌာနတွေနဲ့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ဖို့ နည်းလမ်းရှာဖွေလျက်ရှိပါတယ်" ဟု မာဘယ်စတုန်း အမှုဆောင်ချုပ် ဂီနာ ဟင်းက ပြောပါသည်။

# အင်ဒိုနီးရှားနိုင်ငံ၏စီးပွားရေးအခြေအနေ ကောင်းမွန်နေဆဲဖြစ်

ကမ္ဘာ့စီးပွားရေး နွေးကွေးကျဆင်းနေဆဲဖြစ်သော် လည်း အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးမှာမူ အထိုက် အလျောက် တိုးတက်ကောင်းမွန်နေသည်ဟု အင်ဒို နီးရှား ဘဏ္ဍာရေးဝန်ကြီး ရှရီမူလျာနီ အိန္ဒရာဝတီက ပြောကြောင်း အန်တာရာနယူးစ်သတင်းတွင် ဖော်ပြ သည်။

ကမ္ဘာ့စီးပွားရေး အခြေအနေက နာလန်ထူလာ မယ့်လက္ခဏာကို ထူးထူးခြားခြား မတွေ့ရသော်လည်း အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးမှာ တည်ငြိမ်လျက်ရှိပြီး ယခုနှစ်မှာ ဖွံ့ဖြိုးတိုးတက်မှုနှုန်း ၅ ရာခိုင်နှုန်းထိ ရောက်ရှိမည်ဟုခန့်မှန်းကြောင်း ဝန်ကြီးက ပြော သည်။

အင်ဒိုနီးရှားနိုင်ငံတွင် စီးပွားရေးလုပ်ငန်း လုပ် ဆောင်ခွင့်လိုင်စင်ရရှိရန်လွယ်ကူမှု၊ လုပ်သားအင်အား တောင့် တင်းမှုတို့ကြောင့် အခွင့်သာသော အခြေ အနေများ ရှိနေသည့်အတွက် ကမ္ဘာပေါ်တွင် ရင်းနှီး မြှုပ်နှံရန် အလားအလာကောင်းသော ဒေသတစ်ခု ဖြစ်လာ ကြောင်းနှင့် အဆိုပါ အခြေအနေများက တန်ဖိုးမြှင့် တင်ပေးမည့် အခြေအနေများအဖြစ် နှစ်ပေါင်းများစွာ ဆက်လက်တည်ရှိနေဦးမည်ဖြစ် ကြောင်း ရှရီမူလျာနီ က ပြောသည်။

"စီးပွားရေးမူဝါဒအစီအစဉ် အမျိုးမျိုးနဲ့ စဉ် ဆက်မပြတ် ဆောင်ရွက်ခဲ့တဲ့ စီးပွားရေး ပြုပြင်ပြောင်း လဲမှုတွေက ပုဂ္ဂလိက ကဏ္ဍမှာ စီးပွားရေးလုပ်ငန်းတွေ ပါဝင်လာအောင် အားပေးလျက်ရှိနေပါတယ်။ အစဉ် ဖွံ့ဖြိုးနေပြီး ထုတ်လုပ်မှုစွမ်းအား မြင့်မားတဲ့ လူလတ် တန်းစားတွေနဲ့ အလားအလာရှိတဲ့ လူငယ် လူရွယ် ဦးရေ များပြားမှုတွေကလည်း စီးပွားရေး တိုးတက်ဖို့ အတွက် အထောက်အကူ ဖြစ်စေပါတယ် " ဟု သူမက ပြောသည်။

ထို့ပြင် လောလောဆယ်မှာ တိုင်းပြည်၏ အခွန် ဝင်ငွေက ပြည်ပမှာ သွားရောက်လုပ်ကိုင် နေသူများက လွှဲပြောင်းပေးပို့ငွေနှင့် အခွန်လွတ်ငြိမ်းချမ်းသာခွင့် အရ ပေးဆောင်မှုများမှ ရရှိလာသောငွေများကို မှီခို လျက်ရှိသော်လည်း စီးပွားရေး စွမ်းဆောင်ရည် တိုး တက်ရေးအတွက် စီးပွားရေးတွန်းအားပေး မူဝါဒ အဖြစ် ငွေကြေးမူဝါဒများ ချမှတ်နိုင်မည့် နည်းလမ်း များကို အစိုးရက ရှာဖွေနေကြောင်း သူမက ပြောပါ သည်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဆန်ဖရန်စစ္စကို

၂၀၁၄ ခုနှစ်အတွင်း ရာဟူး၏ နက်ဝပ်ကို အကြီးအကျယ် တိုက်ခိုက်ပြီး အသုံးပြုသူများ၏ အကောင့် သန်း၅၀၀ခန့်ကို ခိုးယူခြင်း ခံရကြောင်းနှင့် ဟက်ကာတိုက်ခိုက်မှုမှာ “နိုင်ငံတော် အစိုးရတစ်ရပ်က ဦးစီးဆောင်ရွက်ဖွယ်ရှိသည်ဟု ယုံကြည်ရကြောင်း” ရာဟူးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂၂ ရက်တွင် ပြောကြောင်း AFP သတင်းတွင် ဖော်ပြသည်။

### လန်ဒန်

ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရာတွင် တရားဝင်ဆောင်ရွက်ရမည့် ပုဒ်မ-၅၀ (Article 50) အရ ဆောင်ရွက်ဖွယ် ရှိသည်များကို ၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းမှသာ စတင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း နယူးယောက်မြို့၌ ဗြိတိန်နိုင်ငံ စကိုင်းနယူးသတင်းဌာနနှင့် တွေ့ဆုံစဉ်က ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင်က ပြောသည်။

### ဟနွိုင်း

ဗီယက်နမ်နှင့် ဩစတြေးလျနိုင်ငံတို့ ခုနစ်နှစ်ကြာ စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပြီးနောက် ဗီယက်နမ် သရက်သီးများကို ဩစတြေးလျနိုင်ငံအနောက်ပိုင်း၊ ပတ်သ်စီးတီးရှိ ဈေးဆိုင်များနှင့် စူပါမားကက်များတွင် စက်တင်ဘာ ၂၁ ရက်မှ စတင်ကာ ရောင်းချခဲ့ကြောင်း၊ ဗီယက်နမ်လိုင်ချီးသီးများမှာ ဩစတြေးလျဈေးကွက်တွင် ဝင်ရောက်နေပြီဖြစ်ရာ သရက်သီးက ဒုတိယဖြစ်ကြောင်း ဗီယက်နမ် နယူးစ်သတင်းတွင်ဖော်ပြပါတယ်။

### ဗန်ကောက်

ထိုင်းနိုင်ငံသို့ လာရောက်သော တရုတ်နိုင်ငံခြားသား ခရီးသည်တစ်ဦးအတွက် အနိမ့်ဆုံးခရီးစရိတ်အဖြစ် ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ ခရီးသွားလုပ်ငန်းနှင့် ဧည့်လမ်းညွှန် မှတ်ပုံတင်ဗျူရိုက တစ်ရက်ကို ဘတ် ၁၀၀ သတ်မှတ်သည်ဟု ထိုင်းခရီးသွားလုပ်ငန်းကောင်စီ ဥက္ကဋ္ဌ အစ်တီရစ်ကင်းလက်က စက်တင်ဘာ ၂၁ ရက်က ပြောကြောင်း တီတီအာဝိကလီးသတင်းတွင် ဖော်ပြသည်။

## SOUTH ASIA

# အိန္ဒိယလက်လီနှင့် စားသောက်ကုန်လုပ်ငန်းများအတွက် ကိုကာကိုလာက လုပ်သားလေးသိန်းနီးပါးကို လေ့ကျင့်ပေးမည်

အိန္ဒိယနိုင်ငံရှိ သမားရိုးကျ ကုန်သွယ်ရေး လက်လီလုပ်ငန်းများအတွက် ကျွမ်းကျင်ဝန်ထမ်းများကို ကိုကာကိုလာ တက္ကသိုလ် (CCU)က လေ့ကျင့်ပေးလျက်ရှိရာ ကုန်ခြောက်ဆိုင်များ၊ ကုန်တိုက်ငယ်များရှိ လက်လီလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန် ၂၀၁၇ ခုနှစ် ဒီဇင်ဘာအထိ လုပ်သားပေါင်း ၃၅၀၀၀၀ ကို မွေးထုတ်ပေးရန် စီစဉ်လျက်ရှိကြောင်း တိုင်းမ်အော့ အိန္ဒိယသတင်းတွင် ဖော်ပြသည်။

လေ့ကျင့်ရေး အစီအစဉ်တွင် စာသင်ခန်းတွင်း လေ့ကျင့်မှုနှင့် “Coca-Cola University On Wheels” ဟုခေါ်သော အစီအစဉ် နှစ်မျိုးကို ရောမွှေ၍ပို့ချသွားမည်ဖြစ်သည်။

CCU ၏ အစီအစဉ်သည် လွန်ခဲ့သော ရှစ်နှစ်ကတည်းက ဆောင်ရွက်ခဲ့သော Parivartam Program အရ ဆောင်ရွက်ခြင်းဖြစ်သည်။ အရည်အသွေး ထိန်းသိမ်းရေးနှင့် အစားအစာလုပ်ငန်းများအတွက် အစီအစဉ်ကိုမူ ယခုနှစ်မှ စတင်ဆောင်ရွက်ခြင်းဖြစ်သည်။

Parivartam Program အရ ဆောင်ရွက်သောအစီအစဉ်မှာ စာသင်ခန်းအတွင်း ဆောင်ရွက်သည့်နည်းအပြင် မိုဘိုင်းဘတ်စ်ကား(CCU On Wheels) အစီအစဉ်များဖြင့်ပါ ပေါင်းစပ်ဆောင်ရွက်ပေးသည့် အစီအစဉ်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် CCU အသိအမှတ်ပြု သင်တန်းဆရာများက သုံးနာရီကြာ ရှင်းလင်း တင်ပြချက် (Presentation)၊ လက်တွေ့ဘဝ နမူနာဗီဒီယိုများနှင့် ဒေသတွင်း ဘာသာစကားများဖြင့် ပို့ချပေးသွားမည် ဖြစ်သည်။

လေ့ကျင့်ရေး သင်ခန်းစာများကို အဓိကအားဖြင့် လမ်းဘေးစားသောက်ဆိုင်များ၊ စားသောက်ဆိုင်ကလေးများနှင့်လမ်းမပေါ်တွင် လှည့်လည်ရောင်းချနေသူများကို အဓိကဦးတည်ချက်ထား၍ ရေးဆွဲပို့ချမည်ဖြစ်ပြီး အများစုမှာ ပုံကျလုပ်သားများအတွက်ဖြစ်သည်။

အိန္ဒိယအမျိုးသား စားသောက်ဆိုင်အသင်း၏စာရင်းအရ အိန္ဒိယနိုင်ငံတွင် အစားအသောက်လုပ်ငန်းကဏ္ဍရှိ ပုံကျလုပ်ငန်းများမှဝင်ငွေမှာ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံအထိရှိလာမည်ဟု သိရသည်။ ဤကဏ္ဍမှ တိုက်ရိုက်ရရှိသော အလုပ်အကိုင်မှာ ၂၀၂၂ ခုနှစ်အတွက်ခန့်မှန်းထားသော လုပ်သားအင်အား၏ ၅၀ ရာခိုင်နှုန်းရှိသည်။

## USA

# အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က အတိုးနှုန်းကို ဆက်လက်ထိန်းထား

အမေရိကန်စီးပွားရေး ခိုင်မာမှုရှိကြောင်း နောက်ထပ် အထောက်အထား လက္ခဏာများ ရရှိရန် လိုသေးသည့်အတွက် အမေရိကန် ဗဟိုဘဏ်၏ အခြေခံစံထား အတိုးနှုန်းကို ယခုအတိုင်းထားရှိရန် စက်တင်ဘာ ၂၁ရက်က ဆုံးဖြတ်ခဲ့ရာ အတိုးနှုန်းကို ပြောင်းလဲခြင်းမရှိဘဲ ဆက်တိုက် ထိန်းသိမ်းထားခဲ့သည်မှာ အစည်းအဝေး ခြောက်ကြိမ်အထိ ဆက်တိုက်ရောက်ရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ယခုနှစ် ပထမနှစ်ဝက်တွင် စီးပွားရေး ကျဆင်းခဲ့ရာမှ ပြန်လည်မြင့်တက်လာသည်ကို အသိအမှတ်ပြုသော်လည်း အချို့နေရာများတွင် အားနည်းသည့် လက္ခဏာများ ရှိနေသေးသည့်အတွက် မရေရာမှုများ ရှိနေသေးကြောင်း ဗဟိုဘဏ်က လက်ခံထားသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ၂၀၁၆ ခုနှစ် အတွက် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ဇွန်က ၂ဒသမ သုညရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားရာမှ ၁ ဒသမ ၈ရာခိုင်နှုန်းသို့ လျှော့ချခန့်မှန်းခဲ့သည်။

သို့သော်လည်း စီးပွားရေး ပြန်လည် ထူထောင်မှုသည် ဒုတိယနှစ်ဝက်တွင် ဆက်လက်ဖြစ်ပေါ်လာလိမ့်မည်ဟု ပြည်ထောင်စု လွတ်လပ်သော ဈေးကွက်ကော်မတီတွင် ပါဝင်သော မူဝါဒရေးဆွဲသူတို့က ယုံကြည်ထားသည်။

သို့ရာတွင် လောလောဆယ် အခြေအနေ၌ အလုပ်လက်မဲ့ ဖြစ်ပေါ်မှုနှုန်းမှာ မှာ ၄ ဒသမ ၉ ရာခိုင်နှုန်းတွင် ရှိနေသည့်အတွက် အပြည့်အဝ အလုပ်အကိုင်ရရှိသည့်အခြေအနေသို့ရောက်ရှိနေကြောင်း သက်သေအထောက်အထား ထပ်မံတွေ့ရှိရန် လိုအပ်နေသေးကြောင်း သူတို့က ပြောသည်။ ငွေကြေး ဖောင်းပွမှုနှုန်းမှာလည်း ဆက်လက်မြင့်တက်ကာ ရည်မှန်းထားသော နှစ်ရာခိုင်နှုန်းသို့ ရောက်ရှိရန် လိုသေးကြောင်း ပြောသည်။

သို့ဖြစ်ရာ ဗဟိုဘဏ်၏ အတိုးနှုန်းကို အဆမတန် အနိမ့်ဆုံး ဖြစ်သော သုညဒသမ ၂၅ ရာခိုင်နှုန်းနှင့် သုညဒသမ ၅၀ရာခိုင်နှုန်း အကြား သတ်မှတ်ထားရာ ဂျပန်နှင့် ဥရောပဗဟိုဘဏ်တို့က သတ်မှတ်ထားသော နှုန်းထက် မြင့်မားသော်လည်း ၂၀၁၆ ခုနှစ် အစက အမေရိကန် ဗဟိုဘဏ်က ရည်မှန်းခဲ့သော နှုန်းထားအောက် ကျဆင်းနေဆဲဖြစ်သည်။

## MIDDLE EAST

# ကာတာနိုင်ငံက “ဝေါစထရီ” ကဲ့သို့ ကိုယ်ပိုင်ဘဏ္ဍာရေးအချက်အချာဒေသ ထူထောင်မည်

ကာတာနိုင်ငံက ရေနံနှင့် သဘာဝဓာတ်ငွေ့အပေါ် မှီခိုနေရမှုကို လျှော့ချနိုင်ရန်အတွက် နယူးယောက်ရှိ “ဝေါစထရီ”ပုံစံ ဘဏ္ဍာရေးအချက်အချာ ဒေသမျိုးကို စီစဉ်ဆောင်ရွက်သွားရန် စီမံကိန်းရေးဆွဲနေကြောင်း စက်တင်ဘာ ၂၀ ရက်က အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားမှုကို အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။

ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း အပါအဝင် စီးပွားရေးလုပ်ငန်းများကို ဒိုဟာမြို့ရှိ အမ်ရှီရက်ဒေသသို့ ၂၀၁၇ ခုနှစ် နှစ်လယ်မှစပြီး ပြောင်းရွှေ့မည်ဖြစ်ကြောင်း ကာတာဘဏ္ဍာရေး လုပ်ငန်းစင်တာ (Qatar Financial Centre) အကြီးအကဲ ယူဆွပ်မိုဟာမက် အယ်ဂျေဒါက ပြောသည်။

ဒေသဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး ဗဟိုအချက်အချာ ဒေသတစ်ခုအဖြစ် ထူထောင်နိုင်ရေးအတွက် ကာတာနိုင်ငံက ကြိုးပမ်းဆောင်ရွက်ရာမှ ယခု စီမံကိန်း ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းဒေသ ထူထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ ကာတာနိုင်ငံ၏ ဘဏ္ဍာရေး အခြေအနေ တိုးတက်လာစေရန်နှင့် ဝေါစထရီ သို့မဟုတ် ကာနာရီ ဝပ် (လန်ဒန်)တို့ကဲ့သို့သော ဒိုဟာတွင် ဘဏ္ဍာရေး အချက်အချာဒေသတစ်ခု ထူထောင်ရန်ဖြစ်ကြောင်း ဂျေဒါ က ပြောသည်။

“ဘဏ္ဍာရေးအချက်အချာ ဒေသအဖြစ် စီးပွားရေးလုပ်ငန်းများကို ပြန်လည်နေရာ ချထားမှုရဲ့ ရည်ရွယ်ချက်က နိုင်ငံရဲ့ အမျိုးသားဝင်ငွေ အရင်းအမြစ်တွေကို အမျိုးမျိုး ဖြန့်ကြက်ထားနိုင်ဖို့ ဆောင်ရွက်နေတဲ့ ကာတာနိုင်ငံရဲ့ ကြိုးပမ်းဆောင်ရွက်မှုကို အထောက်အကူပေးဖို့ဖြစ်ပါတယ်” ဟု စီးပွားရေးလုပ်ငန်းများ ပြန်လည်နေရာချထားရေးကို ကြေညာသည့် ဒိုဟာမြို့ ကွန်းဖရင့်မှာ ဂျေဒါက ပြောသည်။ ဘဏ္ဍာရေး စင်တာသစ်၏ နယ်မြေအကျယ်အဝန်းမှာ စတုရန်းမီတာ သုံးသိန်း (စတုရန်းပေ ၃ဒသမ ၂ သန်း) ရှိမည်ဖြစ်သည်။

## EAST ASIA

# တောင်ကိုရီးယားနိုင်ငံ၏ အကျပ်အတည်းကာလလွန် ကုမ္ပဏီရင်းနှီးမြှုပ်နှံမှုများ ကျဆင်း

စီးပွားရေး လုပ်ငန်းကြီးများက ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အစီအစဉ်သစ်များကို ချမှတ်ဆောင်ရွက်လျက်ရှိသော်လည်း တောင်ကိုရီးယားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေက ၂၀၀၈ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကာလနောက်ပိုင်း အားအနည်းဆုံးအဖြစ် ဆက်လက်တည်ရှိနေသည်ဟု အစီရင်ခံစာတစ်ခုမှာ ဖော်ပြထားကြောင်း ယွန်းဟပ်သတင်းတွင် စက်တင်ဘာ ၁၉ ရက်က ဖော်ပြထားသည်။ ကုမ္ပဏီရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်အတွက် အခွန်အကောက်ဆိုင်ရာ ဆွဲဆောင်မှုများ ထပ်မံ၍ စီစဉ်ဆောင်ရွက်ရန် အစီရင်ခံစာတွင် တိုက်တွန်းထားသည်။

ကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှုသည် ၂၀၀၈ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းကာလမတိုင်မီ လွန်ခဲ့သော ရှစ်နှစ်တာကာလအတွင်း တစ်နှစ် ပျမ်းမျှ ၅ဒသမ ၇ရာခိုင်နှုန်း တိုးတက်ခဲ့ရာမှ ယခုအခါ ၁ဒသမ ၂ရာခိုင်နှုန်းသာ ရှိခဲ့ကြောင်း ကိုရီးယား စီးပွားရေးသုတေသနသိပ္ပံ (KERI) ၏ အစီရင်ခံစာတွင် ဖော်ပြသည်။

KERI သည် ကိုရီးယားစက်မှုလုပ်ငန်းများ ဖက်ဒရေးရှင်းက ဆောင်ရွက်နေသော ပုဂ္ဂလိကအတိုင်ပင်ခံအဖွဲ့တစ်ခုဖြစ်ပြီး တောင်ကိုရီးယား ထိပ်တန်း စီးပွားရေးလုပ်ငန်း ၆၀၀ ကို ကိုယ်စားပြုဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်သည်။

ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကာလနောက်ပိုင်း ကုမ္ပဏီရင်းနှီးမြှုပ်နှံမှု ကျဆင်းရခြင်းမှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများ တစ်ဟုန်ထိုးကျဆင်းခဲ့သောကြောင့် ဖြစ်သည်။ ၂၀၀၁-၂၀၀၈ခုနှစ်ကာလအတွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုမှာ ပျမ်းမျှ ၁၀ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၂၀၀၈ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းကာလနောက်ပိုင်း ခုနစ်နှစ်တာကာလအတွင်း တိုးတက်မှုနှုန်းမှာ ပျမ်းမျှ တစ်ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။

စီးပွားရေး လုပ်ငန်းကြီးများကလည်း ရင်းနှီးမြှုပ်နှံမှုအသစ်များကို လျှော့ချ အကောင်အထည်ဖော်ခဲ့ကြသည်။ သို့သော်လည်း ကုမ္ပဏီကြီးများ၏ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၀၁-၂၀၀၈ခုနှစ်ကာလအတွင်း ပျမ်းမျှ ၂ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ဉာဏ်တင်-စုစည်းတင်ပြသည်






အမေရိကန် ပြည်ထောင်စု ဗဟိုဘဏ် အတိုးနှုန်းမြင့်တင်ရေး ကိစ္စကို ဆုံးဖြတ်ချက် မချနိုင်သည့်အတွက် ထွန်းသစ်စ အာရှငွေကြေးများ၏ ဝယ်လိုအားကို ပိုမိုမြင့်မားလာစေသဖြင့် စက်တင်ဘာ ၂၃ရက်တွင် ကုန်ဆုံးသည့် ရက်သတ္တပတ်အတွင်း အာရှငွေကြေးများ၏ တန်ဖိုးများ မြင့်တက်ခဲ့သည်။

အမေရိကန်ဗဟိုဘဏ် အရာရှိများက ၂၀၁၇ ခုနှစ်အတွင်း အတိုးနှုန်း မြင့်တင်ပေးမည့် အကြိမ်အရေအတွက်ကိုလည်း သုံးကြိမ်မှ နှစ်ကြိမ်အထိ ရှိမည်ဟုလျှော့ချခန့်မှန်းပြီးနောက် အာရှငွေကြေးများ၏ တန်ဖိုးက နှစ်လအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။

တရုတ်ယွမ်ကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အထူးထုတ်လုပ်ခွင့် (Special Drawing Rights) ငွေကြေးအုပ်စုအတွင်း အောက်တိုဘာ ၁ရက်မှစ၍ ထည့်သွင်းခွင့်ပြုတော့မည် ဖြစ်သည်။ လောလောဆယ်တွင် ယွမ်ငွေကြေး၏ အလားအလာနှင့် ပတ်သက်၍ ယုံကြည်မှု အမျိုးမျိုး ကွဲပြားနေသော်လည်း SDR အုပ်စုအတွင်း ပါဝင်ခွင့်ရမည့် ကာလဝန်းကျင်တွင် ယွမ်ငွေကြေးတန်ဖိုး တည်ငြိမ်နေလိမ့်မည်ဟု အရောင်းတာဝန်ခံ အများစုက ယုံကြည်ထားသည်။

**တရုတ်ယွမ်**

စက်တင်ဘာ ၂၃ ရက်တွင် ယွမ်ငွေကြေး တန်ဖိုး အနည်းငယ်ကျဆင်းခဲ့သော်လည်း ယွမ်ကို SDR အုပ်စုအတွင်း ပါဝင်ခွင့်မပြုမီ ကာလတွင် ဈေးကွက်က လေ့လာအကဲခတ်နေသည့်အတွက် အမေရိကန်တစ်ဒေါ်လာကို ၆ဒသမ ၆၇ ယွမ်နှုန်းဝန်းကျင် ရှိနေဆဲဖြစ်သည်။

လက်ငင်း ဈေးကွက်အဖွင့်တွင် ယွမ်ငွေကြေး တန်ဖိုးက အမေရိကန်တစ်ဒေါ်လာကို ၆ဒသမ ၆၆၉၉ ယွမ်နှုန်း ရှိခဲ့သည်။ နေ့လယ်ဘက်တွင် ၆ ဒသမ ၆၇၀၁ ယွမ်နှုန်းအထိ ယွမ်တန်ဖိုး ကျဆင်း ခဲ့သည်။

တရုတ်ဗဟိုဘဏ်က ယွမ်ငွေကြေး ပျမ်းမျှဖလှယ်နှုန်းအတွက် အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၆၆၇၀ ယွမ်နှုန်း သတ်မှတ်ခဲ့ရာ စက်တင်ဘာလ ၂၂ ရက် ဈေးပိတ်ချိန်က သတ်မှတ်ပေးခဲ့သော ၆ ဒသမ ၆၅၁၃ ယွမ်နှုန်းအောက် သုည ဒသမ ၃၅ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဟောင်ကောင်တွင် ရောင်းဝယ်သော Offshore ယွမ်၏ ဖလှယ်နှုန်းမှာ Onshore ယွမ်အောက် သုညဒသမ ၁၀ ရာခိုင်နှုန်း တန်ဖိုးကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆ဒသမ ၆၇၆၈ ယွမ်နှုန်းဖြစ်ခဲ့သည်။

**အိန္ဒိယရူပီး**

သွင်းကုန်လုပ်ငန်းများက အမေရိကန်ဒေါ်လာကို ပိုမိုဝယ်ယူလာကြသည့်အတွက် ဘဏ်အချင်းချင်း နိုင်ငံခြားငွေ ဖလှယ်ရာမှာ စက်တင်ဘာ ၂၃ ရက်မှာ ရူပီးတန်ဖိုးက သုညဒသမ ၀၇ ရူပီးနှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆၆ဒသမ ၇၃ ရူပီးနှုန်း ရှိခဲ့သည်။

ပင်လယ်ရပ်ခြားဒေသမှာ အခြားငွေကြေးအချို့နှင့် ဖလှယ်ရာ၌ ဒေါ်လာတန်ဖိုး မြင့်တက်လာခြင်းနှင့် ပြည်တွင်းရှယ်ယာဈေးကွက် အဖွင့်တွင် အိန္ဒိယရှယ်ယာများ၏ တန်ဖိုးကျဆင်းခြင်းကလည်း ရူပီးတန်ဖိုးကို ကျဆင်းအောင် အထောက်အကူပေးခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားများက ပြောသည်။

**ဂျပန်ယန်း**

ယန်းငွေတန်ဖိုး မြင့်တက်ပါက ဂျပန်ပို့ကုန် လုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို ထိခိုက်နိုင်သည့်အတွက် ယန်းငွေတန်ဖိုး မြင့်တက်မှုကို ထိန်းချုပ်ရန် ဂျပန်အာဏာပိုင်တို့က ငွေကြေးဈေးကွက်အတွင်း ဝင်ရောက် ထိန်းချုပ်မည်ဖြစ်ကြောင်း အကြိမ်ကြိမ် သတိပေးခဲ့သည်။ ထို့ကြောင့် စက်တင်ဘာ ၂၃ရက်တွင် ယန်းငွေတန်ဖိုး ကျ ဆင်းခဲ့သည်။

ဒေါ်လာနှင့် ယန်း ဖလှယ်နှုန်းမှာ စက်တင်ဘာ ၂၂ ရက်က နယူးယောက်ဈေးကွက်တွင် အမေရိကန် တစ်ဒေါ်လာကို ၁၀၀ ဒသမ ၇၇ ယန်း ရှိခဲ့ရာမှ နောက်တစ်နေ့ တိုကျိုဈေးကွက်တွင် ၁၀၁ ဒသမ ၁၈ယန်းနှုန်းအထိ အမေရိကန်ဒေါ်လာ တန်ဖိုး မြင့်တက်ခဲ့သည်။ သို့သော် အမေရိကန်ဗဟိုဘဏ်က ဆုံးဖြတ်ချက်မချမီနှင့် ဂျပန်ဗဟိုဘဏ် က ငွေကြေးဖောင်းပွမှု မြင့်တင်ပေးမည့် မူဝါဒကို ကြေညာပြီးနောက်ပိုင်းရှိခဲ့သော ငွေလဲနှုန်းဖြစ်သည့် အမေရိကန် တစ် ဒေါ်လာ ၁၀၂ ယန်းနှုန်းအောက် ကျဆင်းနေဆဲဖြစ်သည်။

ယူရိုတန်ဖိုးနှင့် ယန်းတို့ ဖလှယ်ရာတွင် ၁၁၂ဒသမ ၉ယန်းမှ ၁၁၃ဒသမ ၂၁ယန်းသို့ မြင့်တက်ပြီး အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် တစ်ယူရိုကို အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၂၀၈ နှုန်းမှ ၁ဒသမ ၁၂၀၁ဒေါ်လာနှုန်းသို့ ကျဆင်းခဲ့သည်။

**မလေးရှားရင်းဂစ်**

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ် ဖလှယ်ရာတွင် စက်တင်ဘာ ၂၂ ရက်က အနည်းငယ် မြင့်တက်ပြီးနောက် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်း ဈေးကွက်တွင် ရင်းဂစ်တန်ဖိုး ပြန်လည်ကျဆင်းခဲ့သည်။ ဒေါ်လာနှင့် ရင်းဂစ်တို့၏ ဖလှယ်နှုန်းမှာ စက်တင်ဘာ ၂၃ ရက် တွင် အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၁၀၆၀ ရင်းဂစ်နှုန်းထိ ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့သည်။

စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်း ဈေးကွက်တွင် အခြားအဓိက ငွေကြေးများနှင့် ဖလှယ်ရာ၌ ရင်းဂစ်တန်ဖိုးမှာ အတက်အကျ အမျိုးမျိုးရှိခဲ့သည်။

**ကိုရီးယားဝမ်**

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အဓိကအတိုးနှုန်းကို ပြောင်းလဲခြင်း မရှိဘဲ ဆက်လက် ထိန်းထားသည့်အတွက် စက်တင်ဘာ ၂၄ရက် နံနက်တွင် တောင်ကိုရီးယား စတော့ရှယ်ယာဈေးနှုန်းများ အနည်းငယ် မြင့်တက်ကာ ခြောက်ရက်မြောက်နေ့အဖြစ် ဆက်တိုက် မြင့်တက်ခဲ့သည်။ သို့သော်လည်း တောင်ကိုရီးယားဝမ်မှာမူ ယခင်နေ့ကနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၃၀ ဝမ်နှုန်း တန်ဖိုးကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၁၁၀၄ ဒသမ ၆၀ ဝမ်နှုန်းရှိခဲ့သည်။

**ထိုင်းဘတ်**

စက်တင်ဘာ ၂၂ရက်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဘတ်ငွေတန်ဖိုးက တစ်ဒေါ်လာကို ၃၄ဒသမ ၆၄ဘတ်နှင့် ၃၄ဒသမ ၆၇ဘတ်အကြား အတက်အကျ ရှိခဲ့သည်။ စက်တင်ဘာ ၂၁ရက်က ဖလှယ်နှုန်းနှင့် နှိုင်းယှဉ်ပါက သုညဒသမ ၃ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ဘတ်ငွေတန်ဖိုး မြင့်တက်မှုက အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံကြီးများ၏ ငွေကြေး မူဝါဒ မရေရာမှုကြောင့် ပေါ်ပေါက်ရခြင်း ဖြစ်သည့်အတွက် ရေရှည်တွင် ဈေးကွက်တုံ့ပြန်မှုကို လေ့လာဖို့ လိုမည်ဖြစ်ကြောင်း ထိုင်းဗဟို ဘဏ် ဒုတိယအုပ်ချုပ်ရေးမှူးက ပြောသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ဘရက်ဇစ်ကိစ္စ ဆွေးနွေးရန် ဗြိတိန်ဝန်ကြီးချုပ်နှင့် ဝေါလ်စထရိဘဏ်တို့ တွေ့ဆုံ

ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ထရီဆာမေသည် စက်တင်ဘာ ၉ရက်က ဝေါလ်စထရိရှိ ဘဏ္ဍာရေးလုပ်ငန်းခေါင်းဆောင်များနှင့် တွေ့ဆုံပြီး အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှု (ဘရက်ဇစ်) အကျိုးဆက်များကို ဆွေးနွေးခဲ့ကြောင်း အဆိုပါကိစ္စနှင့် နီးစပ်သူနှစ်ဦး၏ ပြောကြားချက်ကို အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်ရန် နယူးယောက်မြို့သို့ ရောက်ရှိနေသော မေသည် ဂိုလ်မန်းဆက်၊ မော်ဂန်စတန်လေနှင့် တခြားဘဏ်များမှ အရာရှိများနှင့် တွေ့ဆုံခဲ့ကြောင်း အမည်မဖော်လိုသူ သတင်းရပ်ကွက်နှစ်ခုမှ ပြောသည်။တွေ့ဆုံသူများတွင် မော်ဂန်စတန်လေဘဏ်ဥက္ကဋ္ဌ ကွမ်းကယ်လာဟာလည်း ပါဝင်ကြောင်းသတင်းတွင် ဖော်ပြသည်။ ဗြိတိန်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အမြောက်အမြား ဆောင်ရွက်ထားပြီး နယူးယောက်တွေ့ဆုံပွဲသို့ ပါဝင်သူများတွင် အမေဇုန်၊ အိုင်ဘီအမ်နှင့် ဘလက်ရော့ စသည့်ဘဏ်များမှ ကိုယ်စားလှယ်များလည်း ပါဝင်ကြောင်း သတင်းရပ်ကွက်မှ ပြောသည်။

ဥရောပသမဂ္ဂ (အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရန် ဇွန်လအတွင်းက ကျင်းပခဲ့သည့် မဲဆန္ဒခံယူပွဲဖြင့် ဆုံးဖြတ်ခဲ့ပြီးနောက် ဥရောပသမဂ္ဂ ဈေးကွက်အတွင်းသို့ ဗြိတိန်နိုင်ငံ ဝင်ရောက်ရေးကိစ္စကို ဗြိတိသျှအရာရှိတို့ ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်နေရချိန်တွင် ယခုတွေ့ဆုံပွဲကို ကျင်းပခဲ့ခြင်း ဖြစ်သည်။

လန်ဒန်တွင် လူပေါင်း ၄၀၀၀၀ ကို အလုပ်အကိုင်ခန့်ထားပြီး ဆောင်ရွက်နေကြသော အမေရိကန်ဘဏ်ကြီး ငါးခုသည် ဘရက်ဇစ်နောက်ပိုင်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် ဘဏ်လုပ်ငန်းလိုင်စင် ရရှိရေးနှင့် မတည်ငွေရင်းကိစ္စတို့ အတွက် လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးထားပြီးဖြစ်သည်။

## ဘဏ်ငွေလွှဲပေးပို့ရာတွင် လိမ်လည်မှုများကို ဖော်ထုတ်နိုင်ရန် SWIFT စီစဉ်

ဘဏ်အချင်းချင်း လုပ်ငန်းဆောင်ရွက်မှုများကို ဆက်သွယ်ဆောင်ရွက်ပေးနေသော ကွန်ရက်တစ်ခုဖြစ်သည့် SWIFT က ဖောက်သည်ဘဏ်များထံသို့ နေ့စဉ် အစီရင်ခံစာများကို ပေးပို့သွားမည်ဖြစ်ကြောင်းနှင့် ဤကဲ့သို့ဆောင်ရွက်ခြင်းမှာ ဖေဖော်ဝါရီလအတွင်းက ဘင်္ဂလားဒေ့ရှ်ဗဟိုဘဏ်မှ အမေ ရိကန်ဒေါ်လာ ၈၁ ဘီလီယံကို ဟက်ကာများ ခိုးယူခဲ့သော တရားမဝင် ဆောင်ရွက်မှုမျိုးကို သက်ဆိုင်ရာ ဖောက်သည်က လျင်မြန်စွာ ဖော်ထုတ်နိုင်အောင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

SWIFT ၏ သတင်းပေးပို့ချက်များကို အသုံးပြုပြီး နေ့စဉ် ဘဏ်အချင်းချင်း ငွေပေးငွေယူ လုပ်ဆောင်မှုတန်ဖိုး ဒေါ်လာ ထရီလီယံပေါင်းများစွာ ရှိနေသည်။ သို့သော်လည်း ယခုနှစ်အတွက် ပေါ်ပေါက်ခဲ့သော ဘင်္ဂလားဒေ့ရှ်ဘဏ်မှ ငွေခိုးယူမှုနှင့် အခြားလိမ်လည်မှုများကြောင့် လုံခြုံရေးစနစ်ကောင်းမွန်လွန်းသည်ဟု နာမည်ကောင်းရှိခဲ့သော ဘဏ်လုပ်ငန်းစနစ်ကို ယုံကြည်မှု ကျဆင်းခဲ့သည်။

ဒီဇင်ဘာလမှ စတင်၍ “Daily Validation Report” ဟုခေါ် သော နေ့စဉ်အစီရင်ခံစာကို ဖောက်သည်များထံသို့ ထုတ်ပြန် ပေးသွားမည်ဖြစ်ကြောင်း SWIFT က စက်တင်ဘာ ၂၀ရက်က ထုတ်ပြန်သည်။ အဆိုပါ အစီရင်ခံစာကို SWIFT တာမင်နယ်များမှတစ်ဆင့် ထုတ်လွှင့်ပေးမည်ဖြစ်သဖြင့် မှားယွင်းပေးပို့မိသော ငွေပေးချေမှုများကို ဘဏ်များက ဖော်ထုတ်နိုင်ရန် အထောက်အကူဖြစ်စေနိုင်သည်ဟု ဆိုသည်။

# Best Sun & Koo Engineering

佳日工程股分有限公司

务实 传新 卓越





- 水电，消防，空调工程
- 系统设计规划施工
- 高低压配电盘制造
- 销售，代理各类灭火器，自动消防系统，消防受训总机

- Water Piping, Electrical, Fire Fighting, Air Conditioning Engineering
- System Designing, Planning and Construction
- High and Low Voltage Distribution Panel Manufacturing
- Sale and Agent of all king of Fire Extinguisher, Fire Control Panel, Fire Hose Reel, Fire Pump & Auto Fire Alarm System

联系人简玮廷: 09255927974 ဆက်သွယ်ရန် - ကိုဇော်မင်းထွန်း: 09250997086 Office: 09262704621

Email: bestsun.ygn@gmail.com Website: www.bestsunvn.com.tw

Address: No.8, Bonyarna Street, Mayangone Township, Yangon.

# SONG YẾN

Brand Of Health
Thương hiệu vì sức khỏe

ဆောင်ယမ်း
ငှက်သိုက်

# Khit Like Co., Ltd.

No. 43, 18th Street, Latha Township, Yangon, Myanmar.
Tel : (951) 226431 / 226506, Fax : (951) 210959, E-mail : khitlike@gmail.com




## Sonnenberg Engineering Group





www.sonnenberggroup.com
facebook:sonnenberg engineering group



စန္ဒာမိုင်း
သွင်းကုန်ထုတ်ကုန်
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၃၇၉၅၈၈




C.P. Medicine
Available on every dealer shop,medicine shop and CP branches,
HEAD OFFICE
Pyinmabin Factory,
Mingalardon Township, Yangon
Ph : 095121606,095162536,095133968
OFFICE (Mandalay)
Pa/28 No.902,78xTheik Pan street,
Near Mokeoo,Chanayetharzan Tsp.
Ph : 092052533, 092166146
OFFICE (Taunggyi)
West Myo Pat Street,
Yadanathiri Quarter,Taunggyi
Ph : 081 22759, 092029044
BRANCHES
Taungoo, Pyinmana,Pyay, Pathein,
Mawlamyine, Pyinoolwin, kyaukmae,
Lashio, Meiktila, Monywa, Myitkyina,Bamaw




MOUNT TREASURE CO.,LTD
ရတနာတောင်




STK




SINCE • 1965
JOE Liquid & Gas Plant
MG MG LWIN + Nu Nu Lwin
MD * KYAW MIN LWIN
GAS O2, CO2, LPG, N2, AR, MIX Gas, N2O, HE, H2, etc.,
Machine MIX Gas, Welding, Shape Cutting, ARGON, MIG, Hypertherm Plasma, etc.,
Parts Welding Torch, Cutting Torch, Regulators, CO2 Nozzles + Torch + Orifice + Insulator.
Medical Regulators, Flowmeter, Oxygen Machine, Concentrator, Big & Small Cylinder.
JOE Machine
Sale & Service Centre
Head Office:
No. (26), 53rd Street, Pazundaung Township, Yangon.
Ph: + 959 5056495, +959 795056495, +959 973295565
Factory & Show Room:
No. (698), Yoma Yeikthar Street, Ywarthargyi Industrial Zone
(Near Car Licence Office), Area Land. Ph: +959 43295520, +959 73295520
Email : ellenjoe1965@gmail.com
Website : www.lwinfamilygas.com

COMMERCE INTERNATIONAL

# အာဆီယံသွင်းကုန်များအတွက် အကောက်ခွန်ပြဋ္ဌာန်းချက်များကို ဗီယက်နမ်တွင်စတင်ကျင့်သုံး

၂၀၁၇ - ၂၀၁၈ ခုနှစ်အတွက် အာဆီယံ ကုန်စည်ကုန်သွယ်မှု သဘောတူစာချုပ် (ASEAN Trade in Goods Agreement - ATIGA) ပါ ပြဋ္ဌာန်းချက်များကို ဗီယက်နမ်နိုင်ငံတွင် စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

အကောက်ခွန်ဆိုင်ရာ အမိန့်ကြော်ငြာစာကို စက်တင်ဘာ ၁ရက်က စတင်ထုတ်ပြန်ခဲ့ပြီး ထိုနေ့မှစ၍ စတင်ကျင့်သုံးခဲ့သည်။ အဆိုပါ အမိန့်ကြော်ငြာစာအရ တင်ပို့သောနိုင်ငံများမှ ဗီယက်နမ်နိုင်ငံအတွင်းသို့ တိုက်ရိုက်တင်သွင်းလာသော ကုန်စည်များအတွက် သတ်မှတ်ထားသော အခွန်နှုန်းထားများအတိုင်းကောက်ခံရန် ဖော်ပြထားသည်။

ကုန်ပစ္စည်းတင်ပို့သော နိုင်ငံများသည် ATIGA အဖွဲ့ဝင်နိုင်ငံများဖြစ်ရန် သတ်မှတ်ထားပြီး၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်း နိုင်ငံတို့ ပါဝင်သည်။

အခွန်သတ်မှတ်ချက်ဇုန်အတွင်း မပါဝင်သောနေရာမှ ပြည်တွင်းဈေးကွက်သို့တင်သွင်းလာသော ကုန်ပစ္စည်းများအတွက်မူ ဗီယက်နမ်နိုင်ငံကို အထူးအခွင့်အရေးပေးထားသည်။ တင်သွင်းလာသော ကုန်ပစ္စည်းများမှာ သဘောတူညီချက်တွင် ပါဝင်သော မူရင်းပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်ပြီး၊ ပို့ကုန်လုပ်ငန်းရှင်များသည် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ကို စက်မှုနှင့် ကုန်သွယ်ရေးဌာနက သတ်မှတ်ထားသော ပုံစံအတိုင်း တင်ပြရမည်။

ATIGA ကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီတွင် ထိုင်းနိုင်ငံ၌ အဖွဲ့ဝင်နိုင်ငံများက လက်မှတ်ရေးထိုးပြီးနောက် ၂၀၁၀ခုနှစ် မေလမှစ၍ တရားဝင်အတည်ပြု အကောင်အထည်ဖော်ခဲ့သည်။

သဘောတူညီချက်၏ ရည်ရွယ်ချက်မှာ အကောက်ခွန်အတားအဆီးများကို ပယ်ဖျက်ပြီး အရှေ့တောင်အာရှနိုင်ငံများအချင်းချင်း ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်၊ အကောက်ခွန်မဟုတ်သော အတားအဆီးများကို ပူးပေါင်းဖြေရှင်းရန်နှင့် အာဆီယံ၌ ဆောင်ရွက်လျက်ရှိသော အကောက်ခွန်လုပ်ငန်းများနှင့် ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်တို့ဖြစ်သည်။

သဘောတူစာချုပ်တွင်ပါဝင်သော နိုင်ငံများအနက် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့က ၂၀၁၀ ပြည့်နှစ်တွင် သွင်းကုန်ခွန် အများအပြားကို ပယ်ဖျက်ရန်နှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့က ၂၀၁၅ ခုနှစ် အကောက်ခွန်လိုင်း အားလုံး၏ ၉၀ ရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ်တွင် ၉၇ရာခိုင်နှုန်းကိုပယ်ဖျက်ရန် ထိုအချိန်က သဘောတူခဲ့ကြောင်း ဗီယက်နမ်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် အခွန်လိုင်း ၆၉၀၀ (သို့မဟုတ်) စုစုပေါင်း အခွန်လိုင်း၏ ၇၂ ရာခိုင်နှုန်းကို အကောက်ခွန် သုည ရာခိုင်နှုန်းအထိ လျှော့ချထားပြီးဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် အခွန်လိုင်း ၁၇၀၀ ကျော်ကို သုည ရာခိုင်နှုန်းထိ ထပ်မံလျှော့ချပေးပြီးဖြစ်သည်။

UNT







SINOR LINES

RO/RO Service for Myanmar

DATE :26TH SEPTEMBER 2016

<< AUGUST And SEPTEMBER Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

KOREA/JAPAN / MYANMAR/

| VESSEL | Height (m) | | | | JAPAN | | | | | KOREA | SINGAPORE | MYANMAR | THAILAND | BANGLADESH |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI | HAKATA | NAGOYA | YOKOHAMA | INCHEON | SINGAPORE | YANGON | LAEM CHABANG | MONGLA |
| MV.HOEGH CHENNAI .27 | 1.55 | 1.90 | 2.20 | 3.50 | | 2.9.2016 | | 3.9.2016 | 4.9.2016 | | 13.9.2016 | 18.9.2016 | | 24.9.2016 |
| | S/O CUT | | | | | 29.8.2016 | | 30.8.2016 | 31.8.2016 | | | | | |
| MV.CITY OF MUMBAI V.34 | 1.55 | 1.90 | 2.20 | 3.50 | 29.9.2016 | | | 28.9.2016 | 27.9.2016 | 23.9.2016 | 7.10.2016 | 12.10.2016 | | |
| | S/O CUT | | | | 25.9.2016 | | | 24.9.2016 | 23.9.2016 | | | | | |
| MV.HOEGH CHENNAI .28 | 1.55 | 1.90 | 2.20 | 3.50 | | 12.10.2016 | | 11.10.2016 | 10.10.2016 | | 21.10.2016 | 25.10.2016 | | 1.11.2016 |
| | S/O CUT | | | | | 8.10.2016 | | 7.10.2016 | 6.10.2016 | | | | | |
| MV.CITY OF MUMBAI V.35 | 1.55 | 1.90 | 2.20 | 3.50 | 29.10.2016 | | 27.10.2016 | 30.10.2016 | 31.10.2016 | 25.10.2016 | 9.11.2016 | 14.11.2016 | | |
| | S/O CUT | | | | 25.10.2016 | | 23.10.2016 | 26.10.2016 | 227.10.2016 | | | | | |

GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor. Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028 Mobile : + 95 9 250289802 Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Operation : Mr. Tin Htun Aung (95 9 448049234)
Mr. Thiha Thiek ( 95 9 514580 1)
Documention : Ms. Mar Mar Cho (95 9 421018250)
Customer Service : Ms. Hilda ( 95 9 5035797)
Marketing : Ms. Ja Seng Eain ( 95 9 402794677)
Marketing : Mr. Kyaw Kyaw Aung ( 95 9 420085073 )